The Commerce Journal

http://www.commercejournal.com.mm

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

စီးပွားရေးသတင်းဂျာနယ်

VOL . 16, NO . 48 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | December 19 , 2016

## ထိုင်းနိုင်ငံတွင် ဆန်အရောင်းအဝယ် ပြုလုပ်နိုင်မည့် ဗဟိုဈေးကြီး Central Market ဖွင့်လှစ်ရန် စီစဉ်လျက်ရှိ

|pmrsu ES- 8|

## မန္တလေးမြို့ Mandalay Hill Resort Hotel ၌ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ(မူကြမ်း) ရေးဆွဲရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကျင်းပ

|pmrsu ES- 15|

## 2016 Chevrolet Orlando ကားမော်ဒယ်သစ်ကို မကြာမီ မိတ်ဆက် ရောင်းချပေးမည်

|pmrsu ES- 22|

# um;av vmuES

# ကားလောဘ ပြဿနာများ



မြန်မာနိုင်ငံမှာ အရင့်အရင် အစိုးရလက်ထက်တွေက ကားတင်သွင်းခွင့်တွေကိုပိတ်ပင်ထားခဲ့ရာကနေ တပ်မတော်အစိုးရလက်ထက်ကနေ နိုင်ငံတော်တာဝန်ကို လွှဲပြောင်းယူခဲ့တဲ့ နိုင်ငံတော် သမ္မတဦးသိန်းစိန် အစိုးရလက်ထက်မှာ ပြည်သူတိုင်း ကားစီးနိုင်ရေးဆိုတဲ့ မူဝါဒကိုလက်ကိုင်ထားပြီး ကားတင်သွင်းခွင့်တွေကို လုပ်ဆောင်ခဲ့ပါတယ်။

အဲဒီလို လုပ်ဆောင်ခဲ့ရာမှာ ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်မှာ နှစ်ပေါင်း ၄၀ သက်တမ်းရှိတဲ့ ယာဉ်အိုယာဉ်ဟောင်းတွေကိုပြန်လည်အပ်နှံပြီး နိုင်ငံခြားကနေ ကားတင်သွင်းခွင့်တွေကို လုပ်ဆောင်ပေးခဲ့ပါတယ်။

ယာဉ်အိုယာဉ်ဟောင်း အပ်နှံတဲ့ စနစ်အရ ယာဉ်တင်သွင်းခွင့်ပြုရာ

|pmrsu ES- 18|



## yJ&dk;pHkrsm;@ wyfuf&ofovm;

မြန်မာနိုင်ငံသည် ဆန်စပါးကို ပြည်တွင်းဖူလုံစေရန်ဟု ဆိုကာ ပြည်ပတင်ပို့မှုကို ထိန်းချုပ်ခဲ့သော်လည်း ပဲမျိုးစုံတင်ပို့မှုကို ၁၉၆၂ ခုနှစ် မတိုင်မီ နှင့် ၁၉၈၈ခုနှစ် နောက်ပိုင်းမှ စတင်ကာသက်ဆိုင်သည့် ကုန်သည်လောကမှ ပြည်ပသို့တင်ပို့နိုင်ခဲ့ပါသည်။ သို့ဖြစ်ရာ ယခုခေတ် ကုန်သည်များနှင့် ပြည်ပ တင်ပို့သည့် ကုမ္ပဏီများသည် ပြည်ပတင်ပို့သည့်အတွေ့အကြုံကိုနှစ်ပေါင်းနှစ်ဆယ်ခန့်ရရှိပြီဟု ပြောနိုင်ပါသည်။ သို့ရာတွင် ပဲမျိုးစုံ တင်ပို့မှုသည် ထိုအချိန်မှ ယခုအထိ မည်မျှတိုးတက်လာပါသနည်း။ မြန်မာ့ပဲမျိုးစုံကို ဒုတိယ ကမ္ဘာစစ်မတိုင်မီ ၁၉၂၁ ခုနှစ်မှ လွတ်လပ်ရေးရပြီးစ တိုင်းပြည်မတည်ငြိမ်သေးသည့် ၁၉၅၉အထိ တင်ပို့မှု၊ ၁၉၆၀ - ၁၉၆၁ မှ ၁၉၈၈ - ၁၉၈၉ အထိ တင်ပို့မှု၊ ယင်းနောက်ပိုင်း တပ်မတော်အစိုးရ လက်ထက် ၁၉၈၉မှ ၂၀၁၀အထိ

|pmrsu ES- 12|

## ၂၀၁၆ ခုနှစ် အိန္ဒိယနိုင်ငံ y&dk;pHkrsm; aumufñumif

|pmrsu ES- 17|

## မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တွင် မော်တော်ဆိုင်ကယ် သွင်းကုန်လိုင်စင်များအား နေ့ချင်းပြီးဆောင်ရွက်

နယ်စပ်ဒေသများရှိကုန်သွယ်ရေးစခန်းများတွင် လိုင်စင်ခွင့်ပြုပေးနိုင်မည့် ပို့ကုန်သွင်းကုန်အမယ်များ တိုးမြှင့်ခွင့်ပြုနိုင်ရန်၊ လက်ရှိခွင့်ပြု အမယ်များအပြင် ထပ်မံတိုးမြှင့်ခွင့်ပြုပေးနိုင်ရန်နှင့် ကုန်သွယ်ရေးစခန်းများ အနေဖြင့် နိုင်ငံတော်စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကုန်သွယ်မှုပမာဏ မြင့်မားတိုးတက်အောင် ဆောင်ရွက်ရန်တို့အပြင် ကုန်သွယ်မှုမှာ ပါဝင်နေသော ဆက်စပ်ဌာနများအနေဖြင့် တက်ညီလက်ညီ ဆောင်ရွက်နိုင်ရန်၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရန်အတွက် လက်ရှိခွင့်ပြုပေးနေသည့် ပစ္စည်းများအပြင် သတ်မှတ် လုပ်ထုံး လုပ်နည်းများနှင့် ကိုက်ညီသော ပို့ကုန် သွင်းကုန်အမယ်များအား စိစစ်၍ စခန်းတာဝန်ခံ

|pmrsu ES- 16|


SUZUKI
Way of Life!
MYO MOTOR SERVICE CO,.LTD.
Authorized Dealer
the Brand New
ERTIGA
From for SUZUKI Myanmar
Type-2
SUZUKI
MYO MOTOR
MYO MOTOR SERVICE CO.,LTD
ERTIGA
ERTIGA
a Feeling called LUV
ERTIGA
Engine : 1.4cc
Model : 2016 (Brand New)
Price : 209 ++ Lakh
ERTIGA
Engine : 1.4cc
Model : 2016 (Brand New)
Price : 209 ++ Lakh
ERTIGA
Engine : 1.4cc
Model : 2016 (Brand New)
Price : 209 ++ Lakh
Bluetooth
ENJOY TEST DRIVE PROGRAM
SUZUKI Ertiga Brand New Car ကားကို မည်သူမဆိုလာရောက် စမ်းသပ်မောင်းနှင်နိုင်ပြီး
SUZUKI USB Stick အားလက်ဆောင်ရယူနိုင်ပါသည်။
SUPER CARRY TRUCK
Engine : 1.0CC
Model : 2015 (Brand New)
Price : US$ 5,777 ++
SUPER CARRY TRUCK
Engine : 1.0CC
Model : 2015 (Brand New)
Price : US$ 5,777 ++
09-799617166, 09-421046588, 09-421064668

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ (၅/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဒီဇင်ဘာ ၁၂ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ (၅/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာ၌ မော်တော်ယာဉ် တင်သွင်းမှုများကြောင့် ဒေါ်လာငွေလဲလှယ်နှုန်း မြင့်တက်လာမှုများ ဖြစ်ပေါ်နေသည့်အတွက် ပြည်ပသို့ နိုင်ငံခြားငွေစီးဆင်းမှု လျော့နည်းသွားစေရန် မော်တော်ယာဉ် တင်သွင်းမှုအပေါ် ဆောင်ရွက်သင့်သည့် နည်းလမ်းများနှင့် အထောက်အထား အတုပြုလုပ်၍ လျှောက်ထားမှုများ မဖြစ်ပေါ်စေရေးတို့ကို ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း၊ နိုင်ငံခြားမှ ပို့ကုန်ရငွေများအား အမြန်ဆုံးပြန်လည်ဝင်ရောက်ရေး အတွက်လည်း ဝန်ကြီးဌာနများနှင့် ဗဟိုဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် လုပ်ဆောင်ရမည့် အပိုင်းများကို နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေး၌ ပြည်ပမှ မော်တော်ယာဉ်များ တင်သွင်းရာတွင် စနစ်တကျ ပိုမိုဆောင်ရွက်သွားနိုင်မည့် အစီအစဉ်များ၊ ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်များအား မော်တော်ယာဉ် တင်သွင်းခွင့်ပြုရာတွင် ဘဏ်စာရင်းဖွင့်လှစ်ခြင်း၊ ပြည်ပသို့ ငွေလွှဲခြင်း၊ ငွေပေးချေခြင်းတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုအခြေအနေများ၊ အထောက်အထားအချက်အလက်များ မမှန်မကန် ပြုလုပ်မှုများအား တားဆီးကာကွယ်သင့်သည့် နည်းလမ်းများကို တက်ရောက်လာသည့် ဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများက ဆွေးနွေးအကြံပြုခဲ့ကြပါသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မော်တော်ယာဉ် တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကဘဏ်များမှ ဖိတ်ကြားထားသည့် ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **MOC(IR)**

# အမေရိကန်ပြည်ထောင်စု၏ ယေဘုယျ အကောက်ခွန်သက်သာခွင့်စနစ် (GSP) အစီအစဉ်ဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲများအား နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် အသီးသီးကျင်းပခဲ့




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် USAID တို့ပူးပေါင်း၍ အမေရိကန် ပြည်ထောင်စု၏ ယေဘုယျ အကောက်ခွန် သက်သာခွင့်စနစ် (GSP) အစီအစဉ်ဆိုင်ရာ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲများကို နေပြည်တော်၌ ဒီဇင်ဘာ ၉ရက်တွင်လည်းကောင်း၊ ရန်ကုန်မြို့၌ ဒီဇင်ဘာ ၁၀ရက်တွင်လည်းကောင်း၊ မန္တလေးမြို့၌ ဒီဇင်ဘာ ၁၂ရက်တွင်လည်းကောင်း ကျင်းပခဲ့ကြသည်။

နေပြည်တော်ရှိ Park Royal ဟိုတယ်တွင် ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ Ms. Suzanne Yountchi တို့က အမှာစကားများ ပြောကြားခဲ့သည်။

ရန်ကုန်မြို့ရှိ UMFCCI တွင် ကျင်းပခဲ့သည့် ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ Ms.Suzanne Yountchi တို့က အမှာစကားများ ပြောကြားခဲ့သည်။

မန္တလေးမြို့ရှိ MRCCI တွင် ကျင်းပခဲ့သည့်ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးရန်နိုင်ထွန်း၊ MRCCI ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ Ms. Suzanne Yountchi တို့က အမှာစကားများ ပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ အသီးသီး၌ အမေရိကန်ပြည်ထောင်စု၏ GSP အစီအစဉ်နှင့် ပတ်သက်၍ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ GSP အစီအစဉ်မှတစ်ဆင့် မြန်မာ့ပို့ကုန်များ တိုးချဲ့နိုင်ရန်အတွက် သိရှိသင့်သည့် အချက်များ၊ လုပ်ထုံးလုပ်နည်း များကို အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်ရုံး မှ ကျွမ်းကျင်သူ Mr. Erland Herfindahl က လည်းကောင်း၊ အလုပ်သမားကဏ္ဍဆိုင်ရာ ကိစ္စရပ်များအား အမေရိကန်နိုင်ငံ အလုပ်သမားဌာနမှ ကျွမ်းကျင်သူ Ms. Anne Zollner က လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုသို့ ကုန်ပစ္စည်းများ တင်သွင်းရာတွင် သိရှိသင့်သည့် အချက်များကို USAID အထောက်အပံ့ဖြင့် ဆောင်ရွက်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကျွမ်းကျင်သူဖြစ်သူ Mr. Michael Blakeley က လည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးချက်များအပေါ် အခြေခံ၍ တက်ရောက်လာသူများက မရှင်းလင်းသည်များကို မေးမြန်းရာ ကျွမ်းကျင်သူများက အသီးသီး ပြန်လည်ဖြေကြားခဲ့ကြပါသည်။

အကောက်ခွန် သက်သာကင်းလွတ်ခွင့်ဆိုင်ရာ အစီအစဉ်များ ပြန်လည်ခံစားခွင့်ရသည့်အခါ အဆိုပါ အစီအစဉ်များမှတစ်ဆင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင် ဖိတ်ခေါ်နိုင်ခြင်း၊ မိမိတို့ ပို့ကုန်များအပေါ် အကောက်ခွန် လျှော့ပေါ့ကောက်ခံခြင်းကြောင့် ဈေးကွက် ပိုမိုရရှိနိုင်စေခြင်းနှင့် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိစေခြင်း၊ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် တင်သွင်းလာသည့် ကုန်စည်များအပေါ် အကောက်ခွန်သက်သာကင်းလွတ်ခွင့် ရရှိခြင်းကြောင့် ကုန်ထုတ်လုပ်ရာတွင် ဈေးနှုန်းသက်သာစွာဖြင့် ထုတ်လုပ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ ရွှေစင်ဦး (DOT)

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလိှုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊ မြင့်ဆွေ

**ကွန်ပျူတာ**
လဲ့လဲ့မွန်၊ သင်းသီရိအောင်
ပြည့်ဟိန်းဇော်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဈေးကွက်သစ် အိုင်ဗရီကို့စ်နိုင်ငံသို့ ဆန်ကွဲတန် ၅၀၀၀ တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၃ရက်မှ ၉ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၈ဒသမ ၄၂၆ သန်း တန်ဖိုးရှိ ဆန် ၂၅၂၈၂ တန် ကျော်ကို တစ်ဖက်တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၁၄၆၁ တန်နဲ့ ဧည့်မထဆန် ၁၃၃၀၄ တန်ကျော်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၆၃တန်ကျော်နဲ့ ဧည့်မထဆန် ၁၆၄ တန်ကျော်၊ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၀၁၈၉ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၂၅၆၃ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၇၁၉ တန် ပိုမို တင်ပို့နိုင်ကြောင်းသိရပါတယ်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုညဒသမ ၆၃၂သန်း တန်ဖိုးရှိ ဆန်ကွဲ ၂၂၈၁ တန် တင်ပို့ခဲ့ရာ မူဆယ် မှတန် ၁၅၀၀ နဲ့ လွယ်ဂျယ်မှ ၇၈၁ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၀၃၁တန်သာ တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်မှာ တန် ၁၂၅၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ကုန်သွယ်ရေးစခန်းများမှ ယခုတစ်ပတ်မှာ ဆန်ရော ဆန်ကွဲပါ ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒီဇင်ဘာ ၄ရက်မှ ၁၀ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၃၆ သန်း တန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၅၆၈၁ တန်ကို အာရှနဲ့ အီးယူနိုင်ငံများကို တင်ပို့ခဲ့ပါတယ်။ အာရှနိုင်ငံများထဲတွင် တရုတ်နိုင်ငံသို့ ငစိန်ဆန် ၇၅တန်၊ ဂျပန်နိုင်ငံသို့ ဧည့်မထဆန် ၁၄တန်၊ အာဖဂန်နစ္စတန် နိုင်ငံသို့ ဧည့်မထဆန် တန် ၂၇၅၀၊ တရုတ်နိုင်ငံသို့ ဧည့်မထဆန် တန် ၁၀၀၀၊ ရုရှားနိုင်ငံသို့ ဧည့်မထဆန် တန် ၃၀၀၊ အီးယူနိုင်ငံများသို့ ပေါင်းဆန် ၆၇၅ တန်၊ ဧည့်မထဆန် ၇၆၇တန်နဲ့ ဇီယာဆန် တန်၁၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၄၁၁ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၄၂၇၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂ဒသမ ၉၉၂ သန်း တန်ဖိုးရှိ ဆန်ကွဲတန် ၁၁၀၀၀ ကို အီးယူနိုင်ငံများသို့ တန် ၅၅၀၀၊ ကနေဒါ နိုင်ငံသို့ တန်၅၀၀နဲ့ အိုင်ဗရီကို့စ်နိုင်ငံသို့ တန် ၅၀၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန်၁၈၅၀သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၉၁၅၀ ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။ ယခုတစ်ပတ်မှာ ဈေးကွက်သစ်အဖြစ် အိုင်ဗရီကို့စ်နိုင်ငံသို့ ဆန်ကွဲ တင်ပို့နိုင်ခဲ့တဲ့အတွက် ပြည်ပတင်ပို့မှု ပိုမိုရခြင်းဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

# ထိုင်းဆန်ကို အာရှနှင့်အာဖရိကနိုင်ငံများသို့ အဓိကထား၍ တင်ပို့မည်

ထိုင်းနိုင်ငံသည် ယခုနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ၉ ဒသမ ၅သန်းတင်ပို့ရန် မျှော်မှန်းထားရာ နိုဝင်ဘာလ ၂၈ ရက်အထိ ဆန်တန်ချိန် ၉ ဒသမ ၁၈ သန်းကို တင်ပို့ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၄ ဒသမ ၁၅ ဘီလီယံရရှိခဲ့သည်။ ယခုအချိန်အထိ ပြည်ပသို့ ဆန်တင်ပို့မှုပမာဏသည် ယမန်နှစ်ထက် ၈ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ အဓိကတင်ပို့သည့်နိုင်ငံများမှာ အာဖရိကတိုက်ရှိ ဘီနင်၊ အိုင်ဗရီကို့စ်၊ အမ်ကိုဒံလာ၊ ကင်မရွန်း၊ ကွန်ဂို၊ မိုဇမ်ဘစ်နိုင်ငံများဖြစ်ပြီး အာရှနိုင်ငံများမှာ တရုတ်၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့ဖြစ်ပါသည်။

ယခုနှစ် ကောက်သစ်ပေါ်ချိန်တွင် စပါးဈေးကျဆင်းမှုကြောင့် ထိုင်းတောင်သူများနစ်နာမှုမရှိစေရန်အတွက် ထိုင်းအစိုးရကသတ်မှတ်သည့် စပါးဈေးနှုန်းများမှာ ဆန်ဖြူစပါးတစ်တန်လျှင် ဘတ် ၁၀၅၀၀ နှုန်း၊ ဆန်မွှေး၊ ကောက်ညှင်းဆန်နှင့် ဟုန်မာလီစသည့်စပါးတစ်တန်လျှင်ဘတ်၁၃၀၀၀နှုန်းဖြစ်ပါသည်။

ထို့ပြင် စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးသမဝါယမဘဏ်သည် တောင်သူလယ်သမားများအတွက် ထောက်ပံ့ပေးရေးနှင့် ချေးငွေအစီအစဉ်များကို နိုဝင်ဘာလ ၂၅ ရက်မှစတင်၍ ဆောင်ရွက်ပေးလျက်ရှိရာ စုစုပေါင်းဘတ် ၇၇ ဒသမ ၆ ဘီလီယံကို သုံးစွဲမည်ဖြစ်သည်။ သို့မှသာ တောင်သူများ၏ စပါးဈေးမြင့်တက်လာချိန်အထိ စောင့်ဆိုင်းရောင်းချမှုကို အထောက်အကူပြုမည်ဖြစ်ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၅-၁၂-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၀၅ | ၃၀၆ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၄ | ၃၇၅ | △ | ၃၅၀ | ၃၅၀ | □ | ၃၅၀ | ၃၅၀ | □ | ၃၄၅ | ၃၄၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | ၃၄၅ | ၃၄၅ | □ | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၄ | ၃၆၆ | △ | ၃၃၅ | ၃၃၅ | □ | ၃၃၀ | ၃၃၀ | □ | ၃၁၅ | ၃၁၅ | □ |
| ပေါင်းဆန် | ၃၇၉ | ၃၈၀ | △ | - | - | - | ၃၅၅ | ၃၅၅ | □ | - | - | - |

***Source: oryza.com***

# ပြည်တွင်းမြို့ကြီးများ၏ (၁၆-၁၂-၂၀၁၆)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၉၀၀ | □ | ၂၁၅၀၀ | △ | ၈၂၀၀ | □ | ၃၆၀၀၀ | □ |
| ပုသိမ် | ၄၀၇၆ | □ | ၂၂၀၀၀ | □ | ၇၀၀၁ | □ | ၃၃၀၀၀ | △ |
| ပဲခူး | ၅၃၀၀ | □ | ၂၀၀၀၀ | □ | ၇၂၀၀ | □ | ၃၂၀၀၀ | □ |
| ရွှေဘို | ၄၅၀၀ | □ | ၁၉၀၀၀ | □ | ၁၂၀၀၀ | □ | ၃၀၀၀၀ | ▽ |
| စစ်တွေ | ၄၀၀၀ | □ | ၁၀၀၀၀ | □ | ၇၅၀၀ | □ | ၃၅၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၉၄၀ | □ | ၁၀၅၀၀ | △ | - | - | ၂၉၀၀၀ | □ |
| မန္တလေး | ၆၇၀၀ | □ | ၂၀၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၈၅၀၀ | ▽ | ၂၃၀၀၀ | △ | - | - | ၄၅၀၀၀ | □ |
| မော်လမြိုင် | ၅၆၀၀ | △ | ၁၆၀၀၀ | ▽ | ၇၀၀၀ | △ | ၂၄၀၀၀ | △ |
| လှိုင်ကော် | ၇၂၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၄၀၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| ဘားအံ | ၄၇၀၀ | □ | ၁၉၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၁၅၀၀ | ▽ | - | - | ၄၃၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ဆန်ဟောင်းလက်ကျန်နည်းပြီး အဝင်ပါးလို့ဈေးတက်

ယခုတစ်ပတ် ရန်ကုန်မြို့ ဝါးတန်း ကုန်စည်ဒိုင်ရဲ့ဆန်ဈေးကွက်မှာဆန်ချောရော ဆန်ကြမ်းပါဈေးတက်လာတယ်လို့ အဆိုပါ ကုန်စည်ဒိုင်မှ သိရပါတယ်။ ဖျာပုံပေါ်ဆန်းဆန်ဟောင်းထိပ်စ တစ်အိတ်ကျပ် ၃၈၀၀၀၊ လတ်စ တစ်အိတ်ကျပ် ၃၄၀၀၀၊ ပုသိမ်/မြောင်းမြ ပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၄၀၀၀၀၊ လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ နယ်စုံကျိုက်လတ် ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၃၂၀၀၀၊ လတ်စတစ်အိတ်ကျပ် ၂၉၀၀၀၊ ရွှေဘိုပေါ်ဆန်း ဆန်တစ်အိတ်ကျပ် ၄၃၀၀၀မှ ကျပ်၄၄၅၀၀ဈေးပေါက်ပြီး ဖျာပုံနဲ့ပုသိမ်ပေါ်ဆန်း တစ်အိတ်ကို ကျပ် ၁၀၀၀ မှ ၁၅၀၀ အထိ ဈေးတက်လာတာ တွေ့ရပါတယ်။ ပေါ်ဆန်းအသစ်ရှယ်ကတော့ တစ်အိတ်ကို ကျပ် ၂၆၀၀၀မှ ကျပ်၃၀၀၀၀ဈေးပေါက်ပြီး ကျပ် ၁၀၀၀ ခန့် ဈေးကျလာပါတယ်။ ဆန်ဟောင်းလက်ကျန်နည်းပြီး အဝင်ပါးတာကြောင့် ဈေးတက်တာဖြစ်တယ်လို့ ဝါးတန်းကုန်စည်ဒိုင်မှ သိရပါတယ်။ အသစ်ကတော့ အရောင်းအဝယ်အေးလို့ ဈေးကျတာဖြစ်ပါတယ်။

ဆန်ဟောင်းဧည့်မထဆန်ထိပ်စ တစ်အိတ် ကျပ် ၁၉၅၀၀၊ လတ်စတစ်အိတ်ကျပ် ၁၈၅၀၀၊နွေသီးထပ်ရှယ်တစ်အိတ် ကျပ် ၁၉၀၀၀ မှ ကျပ် ၂၀၀၀၀၊ နွေဆန်ရက် ၉၀ တစ်အိတ်ကျပ် ၂၀၅၀၀ မှ ကျပ် ၂၂၀၀၀၊ မနောသုခတစ်အိတ် ကျပ် ၂၄၀၀၀မှ ကျပ် ၂၅၀၀၀၊ အိတ်စပို့စ်ဧည့်မထ ၂၅မှတ် တစ်အိတ်ကျပ် ၁၅၀၀၀ မှ ကျပ် ၁၆၀၀၀ ဈေးပေါက်ပြီး၊ ဧည့်မထအဟောင်းထိပ်စနဲ့ လတ်စ တစ်အိတ်ကျပ် ၁၀၀၀ ခန့် ဈေးတက်ပါတယ်။ ဆန်ကြမ်းအသစ်ရှယ်တစ်အိတ်ကျပ် ၁၈၀၀၀ မှ ကျပ် ၁၉၅၀၀ ဈေးပေါက်ပြီး၊ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ကျပ် ၁၀၀၀ မှ ကျပ် ၁၅၀၀ခန့် ဈေးတက်ကြောင်းသိရပါတယ်။ ကုန်စည်ဒိုင်ကို ဆန်ဟောင်း အဝင်နည်းပေမယ့် ဆန်အသစ်ကတော့



ပုံမှန်အဝင်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ရှိတယ်လို့ ရန်ကုန်ဝါးတန်းဆန်ဈေးကွက်မှ သိရှိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ဧည့်မထ ၅ မှတ်စူပါနဲ့ မော်ဘီတစ်အိတ် ၁၂၇ ယွမ်မှ ၁၃၁ ယွမ်၊ ဧည့်မထ ၁၀ မှတ်တစ်အိတ် ၁၂၄ ယွမ်မှ ၁၂၇ ယွမ်၊ ဧည့်မထ ၁၅ မှတ်တစ်အိတ် ၁၁၉ ယွမ်မှ ၁၂၁ ယွမ်၊ ဧည့်မထ ၂၅ မှတ်တစ်အိတ် ၁၁၆ ယွမ် မှ ၁၁၈ ယွမ်၊ ငစိန် ၅ မှတ်တစ်အိတ် ၁၂၄ ယွမ်မှ ၁၂၈ ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ်ယွမ် ၁၂၀ မှ ၁၂၃ ယွမ်၊ ငစိန် ၂၅ မှတ်တစ်အိတ် ၁၁၆ ယွမ်မှ ၁၁၈ ယွမ် ပေါက်ဈေးရှိပြီး ဧည့်မထ ၅မှတ်နဲ့ ၁၀ မှတ်မှာ တစ်အိတ်ကို နှစ်ယွမ်မှ လေးယွမ်အထိ ဈေးတက်ကြောင်း သိရပါတယ်။ တစ်ဖက်နိုင်ငံရဲ့ ဝယ်လိုအား ရှိနေတဲ့အတွက် ဆန်ဈေးလည်း မြင့်တက်နေပါတယ်။ ဒီဇင်ဘာ ၁၆ ရက် ငွေလဲနှုန်းအရ တစ်ယွမ်ကို ၁၉၈ ကျပ် ဈေးရှိကြောင်းသိရပါတယ်။

မြို့တွင်း နယ်ပေါင်းစုံမှ မူဆယ်သို့ ဆန်အဝင်မှာ ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ရက်သတ္တပတ်အတွင်း ဆန်တန်ချိန် ၁၆၃၈၂ တန်ရှိတယ်လို့သိရပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၆-၁၂-၂၀၁၆ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၉/၁၂ | ၁၆/၁၂ | ပြောင်းလဲမှု | ၉/၁၂ | ၁၆/၁၂ | ပြောင်းလဲမှု | ၉/၁၂ | ၁၆/၁၂ | ပြောင်းလဲမှု | ၉/၁၂ | ၁၆/၁၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၇၁၀ | ၁၈၂၉ | ▲ | ၁၆၈၃ | ၁၇၀၀ | ▲ | ၁၄၀၀ | ၁၂၆၅ | ▲ | ၁၆၅၀ | ၁၆၆၀ | ▲ |
| ၂ | ပဲစင်းငုံ | ၁၃၅၅ | ၁၄၇၀ | ▲ | - | - | - | - | - | - | ၁၃၅၀ | ၁၄၀၀ | ▲ |
| ၃ | ပဲတီစိမ်း | ၁၁၆၅ | ၁၂၃၀ | ▲ | ၁၃၃၃ | ၁၃၃၃ | ■ | ၁၂၇၉ | ၁၃၉၅ | ▲ | ၁၂၄၀ | ၁၂၄၀ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၂၇၀၀ | ၃၀၀၀ | ▲ | - | - | - | - | - | - | ၂၅၃၀ | ၂၉၅၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၀၀၀ | ၁၁၃၀ | ▲ | ၁၃၃၃ | ၁၃၈၃ | ▲ | - | - | - | ၁၂၉၀ | ၁၂၉၀ | ■ |
| ၆ | ထောပတ်ပဲ | ၉၅၅ | ၇၀၀ | ▼ | ၈၁၈ | ၇၈၂ | ▼ | - | - | - | ၇၀၀ | ၇၆၅ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၆-၁၂-၂၀၁၆ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၈/၁၂ | ၁၅/၁၂ | ပြောင်းလဲမှု | ၈/၁၂ | ၁၅/၁၂ | ပြောင်းလဲမှု | ၈/၁၂ | ၁၅/၁၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၈၀၀ | ၇၈၀ | ▼ | - | ၉၁၅ | - | ၈၁၆ | ၈၁၁ | ▼ |
| ၂ | ပဲစင်းငုံ | ၆၁၀ | ၆၄၀ | ▲ | ၇၇၁ | ၇၅၂ | ▼ | ၈၀၁ | ၇၉၇ | ▼ |
| ၃ | ပဲတီစိမ်း | ၆၀၀ | ၆၀၀ | ■ | ၆၅၃ | ၆၆၄ | ▲ | ၆၉၇ | ၆၆၄ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၁၁၅၀ | ၁၁၅၀ | ■ | ၁၃၉၄ | ၁၄၃၁ | ▲ | ၁၃၇၉ | ၁၃၇၂ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၃.၁၂.၁၆)ထိ | ယခုတစ်ပတ် (၁၀.၁၂.၁၆)ထိ | (၁.၁.၁၆) မှ (၁၀.၁၂.၁၆) ထိ |
| မတ်ပဲ | ၁၄၃၉ | ၈၈၁၂ | ၄၆၉၁၉၈ |
| ပဲတီစိမ်း | ၁၁၀၀ | ၁၇၄၀ | ၁၇၃၂၉၅ |
| ပဲစင်းငုံ | ၁၆၈၅ | ၃၅၀၈ | ၂၀၄၅၆၉ |
| ကုလားပဲ | - | ၄၀ | ၂၉၃၇၇ |
| ပဲလွန်းဖြူ | ၃၆ | ၂၇၇ | ၁၇၇၉၀ |
| မြေထောက်ပဲ | ၂၀၀ | ၁၆၆ | ၁၃၀၉၅ |

## ၁၂-၁၂-၂၀၁၆ မှ ၁၆-၁၂-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 409 | 29,667,237.426 |
| 2 | Form D | 69 | 3,591,420.050 |
| 3 | Form E | 107 | 2,451,541.330 |
| 4 | Korea GSP | 13 | 463,730.380 |
| 5 | Form AK | 108 | 7,873,002.004 |
| 6 | Form AJ | 6 | 535,288.300 |
| 7 | Form AI | 58 | 3,140,273.590 |
| 8 | Form AANZ | 4 | 78,986.870 |
| 9 | Form DFTP | 1 | 35,000.000 |
| Grand Total | | 775 | 47,836,479.950 |

## ဒီဇင်ဘာလလယ်ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံ၊ ပြည်ပဝယ်လက် ပဲသီးနှံများ အကျဈေးနှင့်ဈေးဆက်ငြိမ်နေပြီး ပဲကြီး၊ ဘိုကိတ်၊ ပဲလွန်းဖြူ သီးနှံများ ဈေးအနည်းငယ်ပိုရ



ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်မှာ ဒီဇင်ဘာလလယ်တွင် ပြည်ပဝယ်လက်ပဲဈေးအားလုံးလိုလို ဈေးငြိမ်နေပြီး၊ ကုလားပဲသီးနှံဈေးမြင့်တက်လာခဲ့ကာ ပဲကြီး၊ ဘိုကိတ်၊ ပဲလွန်းဖြူသီးနှံများကလည်း ဈေးအနည်းငယ်စီမြင့်တက်လာခဲ့တာကို တွေ့ရပါတယ်။ မတ်ပဲသီးနှံမှာ ပဲအဝင်မရှိဘဲ တစ်ခါတစ်ရံမှသာ လက်ကျန်ပဲများ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်ဝယ်ယူမှုရှိသော်လည်း ပဲဈေးနှုန်းများ လျော့နည်းလာခဲ့လို့ ပဲဝယ်လက်ရှိ လှောင်လက်များနှင့်တောင်သူအချို့လည်း ပဲများထုတ်ရောင်းချမှုနည်းခဲ့တဲ့အတွက် အိတ် ၅၀ နှင့် ၁၀၀ ခန့်လောက်သာ ရက်ခြား ရောင်းချ ခဲ့ကြရပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၃၄၅၀၀ ဖြင့် အကျဈေးအတိုင်း ဈေးဆက်ငြိမ်နေကာ မျိုးပဲသမားအချို့ကသာ ဝယ်ယူတဲ့အတွက် မျိုးပဲဈေးအနေဖြင့် တစ်တင်းကျပ် ၄၀၀၀၀ ဖြင့် ရောင်းချခဲ့ကြောင်း သိရပါတယ်။ ယခင်နှစ်က ဒီဇင်ဘာလကုန်မှာ ပဲဈေးနှုန်းများ ဈေးကောင်းရခဲ့လို့ ပဲလက်ကျန်မရှိသလောက်ဖြစ်အောင် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ယခင်နှစ်က မတ်ပဲဈေးနှုန်းဟာ နှစ်ကုန်မှာ တစ်တင်းကျပ် ခုနစ်သောင်းကျော်အထိ ရရှိခဲ့တဲ့အတွက် ယခုနှစ်ပဲဈေးနှုန်းကတော့ ယခင် နှစ်ရဲ့ထက်ဝက်ခန့်သာ ရရှိခဲ့သလို အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ဝယ်လိုအားရှိသော်လည်း ရောင်းချသူနည်းလို့ အရောင်းအဝယ်အေးခဲ့တာကိုလည်း တွေ့ရပါတယ်။

ပဲစင်းငုံသီးနှံမှာ လက်ကျန်လည်း နည်းလာတဲ့အတွက် အရောင်းအဝယ်သိပ်မဖြစ်ခဲ့ဘဲ တစ်ခါတစ်ရံအိတ်အနည်းငယ်ရောင်းဝယ်ခဲ့ရပြီး ပဲဈေးနှုန်းတစ်တင်းကျပ် ၂၇၀၀၀ နဲ့ ဈေးငြိမ်နေကြောင်းသိရပါတယ်။ မတ်ပဲနှင့်ပဲစင်းငုံသီးနှံတွေက အကျဘက်ကို ဦးတည်နေတာကြောင့် ယခုနှစ်ဒီဇင်ဘာလလယ်မှာလည်း ၎င်းပဲနှစ်မျိုးစလုံး အကျဈေးအတိုင်းဆက်လက်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဒီဇင်ဘာလကုန်ပတ်မှာ ပဲသစ်များဝင်ရောက်ခဲ့တဲ့အတွက် ပဲဈေးနှုန်းလည်း တစ်တင်းကျပ်ငါးသောင်းခန့်ဈေးစဖွင့် အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် ယခုနှစ်မှာ ပဲဟောင်းဈေးမကောင်းခဲ့ပေမယ့် ပဲသစ်ဈေးဖွင့်ချိန်မှာ ဈေးကောင်းမလားဆိုတာကို စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ပြည်တွင်းပဲဈေးကွက်မှာတော့ ကုလားပဲဈေးမြင့်တက်ခဲ့ပြီး ပဲကြီးဈေးနှုန်းမှာလည်း အနည်းငယ်မြင့်တက်လာလို့ (ရွှေကျွန်း) တစ်တင်း ကျပ် ၂၈၀၀၀၊ (ကမ်းနား) တစ်တင်း ကျပ် ၂၄၅၀၀ဖြင့် ယခင်တစ်ပတ်ထက် တစ်တင်းကျပ် တစ်ထောင်ခန့်စီမြင့်တက်ခဲ့ပါတယ်။ ပဲကြော်ဖိုသမားများ ဝယ်ယူမှုရှိသော်လည်း နေ့စဉ်အရောင်းအဝယ်မဖြစ်ခဲ့ဘဲ ရက်ခြားသာ ပဲကြီး(ကမ်းနား) ရော (ရွှေကျွန်း)ပါ အိတ် ၁၀၀ မှ ၁၅၀ ကျော်ခန့်စီ ရောင်းချခဲ့ကြရကြောင်းသိရှိရပါတယ်။

ဘိုကိတ်နဲ့ပဲလွန်းဖြူသစ်များလည်း ပဲအဝင်ဆက်ရှိနေလို့ ပန်းတောင်း၊ မင်းတုန်း၊ ကံမဘက်မှ ဝင်ရောက်လျက်ရှိကာ ပြည်- ရန်ကုန် ရထားလမ်းတစ်လျှောက် မြို့နယ်အချို့မှ လာရောက်ဝယ်ယူတဲ့အတွက် အိတ် ၄၀ ကျော် ၅၀ ခန့်စီ ရောင်းချခဲ့ကြရကာ ပဲဈေးနှုန်းမှာ ဘိုကိတ်ပဲ တစ်တင်း ကျပ် ၂၆၀၀၀၊ ပဲလွန်းဖြူသစ်တစ်တင်း ကျပ် ၂၂၅၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ် ပိုလာတာကိုလည်း တွေ့ရပါတယ်။ ထောပတ်ပဲသီးနှံကတော့ ပဲလက်ကျန်သာ လက်လီဝယ်ယူမှုရှိလို့ တစ်တင်း ကျပ် ၁၄၅၀၀ ဖြင့် အိတ်အနည်းငယ် ရောင်းချရသလို စားတော်ပဲသီးနှံမှာလည်း ပဲဈေးလျော့သွားခဲ့လို့ တစ်တင်းကျပ် ၃၆၅၀၀ဖြင့်သာ လက်လီရောင်းဝယ်မှု ရှိခဲ့ကြတယ်လို့သိရပါတယ်။

ဒါကြောင့် ပြည်ပဲမျိုးစုံဈေးကွက်မှာ ယခုတစ်ပတ်အတွင်း မတ်ပဲ၊ ပဲစင်းငုံ၊ ပဲကြီးစသည့်သီးနှံများ ရက်ခြားရောင်းဝယ်ခဲ့ကြပြီး ပဲလွန်းဖြူ ဘိုကိတ်ပဲသစ်များ နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ကြကာ စားတော်ပဲနှင့် ထောပတ်ပဲ သီးနှံများမှာ ပဲဟောင်းလက်ကျန်များဖြင့် လက်လီအနည်းငယ်စီ ရောင်းချမှုများရှိခဲ့ကြကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲနီပြား လက်လီအဝယ်ရှိပြီး ဈေးငြိမ်

ပြည်ပဲဈေးကွက်အတွင်း လက်လီရောင်းဝယ်မှုသာဖြစ်သလို ပဲလက်ကျန်လည်း အနည်းငယ်ရှိလို့ အရောင်းအဝယ်ဖြစ်မှု ပမာဏအိတ်အနည်းငယ်ရှိခဲ့တဲ့ ပဲနီပြားသီးနှံဟာ ပဲတစ်တင်း ကျပ် ၂၂၀၀၀ ဖြင့် ဒီဇင်ဘာလဆန်းမှစ၍ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်နှစ်က ပဲနီပြားသီးနှံဈေးဟာ နှစ်ကုန်ပိုင်းမှာ တစ်တင်းကျပ် သုံးသောင်းအထိ ရခဲ့လို့ လက်လီ ပဲဈေးကွက်မှာ ဈေးကောင်းရတယ်လို့ ဆိုရမှာဖြစ်သော်လည်း ပဲသစ်ဝင်ချိန်မှစ၍ ပဲဈေးနှုန်းများ ဈေးလျှော့ခဲ့ကာ ကျပ်သုံးသောင်းအောက် လျော့နည်းခဲ့ ပြီး ယခုနှစ်အတွင်း တစ်နှစ်တာလုံး တစ်တင်းကျပ် ၂၅၀၀၀ ပတ်ဝန်းကျင်သာ ရောင်းဝယ်ခဲ့ကြပါတယ်။ ပဲဈေးနှုန်းအားလုံးနီးပါးလိုလို ဈေးလျော့ခဲ့တဲ့ အတွက် ပဲနီပြားသီးနှံဟာလည်း နှစ်ကုန်ပိုင်းမှာ ဈေးထပ်လျော့လာကာ ယခင်နှစ်ရဲ့ ဈေးထက်ကျပ်တစ်သောင်းကျော်ခန့် ထပ်မံကျဆင်းခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ကုလားပဲ ဈေးထိပ်ဆုံးသို့ရောက်ရှိနေပြီး အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်မှာ ပြည်ပဝယ်လက်မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းဈေးတို့ထက် ဈေးမြင့်တက်နေပြီး ဈေးကွက်အတွင်း ထိပ်ဆုံးကရောက်ရှိနေတဲ့ ပဲဈေးကတော့ ကုလားပဲသီးနှံဈေးပဲဖြစ်ပါတယ်။ ပဲလက်ကျန်နည်းခဲ့လို့ ပစ္စည်းပြတ်သလောက်ဖြစ်ခဲ့ကာ ဝယ်လိုအားရှိပေမယ့် ရောင်းချသူနည်းခဲ့ပါတယ်။ ခွဲစက်သမားက ဝယ်ယူခဲ့လို့ အိတ် ၅၀ နှင့် ၁၀၀ ကြားသာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အခြားပဲဈေးများ ဈေးလျော့လာသော်လည်း ကုလားပဲသီးနှံဟာ တရိပ်ရိပ်တက်လာခဲ့လို့ နိုဝင်ဘာလမှစ၍ မတ်ပဲထက်ဈေးပိုသွားကာ ယခုအချိန်မှာတော့ ပဲတစ်တင်းကျပ်ငါးသောင်းကျော်အထိ ရရှိခဲ့တဲ့အတွက် ယခင်နှစ်က နှစ်ကုန်ဈေးထက် ကျပ်နှစ်သောင်းကျော် ပိုရလာတာကိုလည်းတွေ့ရပါတယ်။ **ခင်ဆွေဝင်း**

Vol: 16, No.48 Monday December 19 2016

## ပြည်ပဲပုပ်သစ်များ ဈေးကွက်သို့ စတင်ဝင်ရောက်လာ

ပြည်ပဲမျိုးစုံဈေးကွက်သို့ ဒီဇင်ဘာလလယ်တွင် ပဲပုပ်သစ်များ စတင်ဝင်ရောက်လာတာကိုတွေ့ရပါတယ်။ ပဲသစ်ပေါ်စဖြစ်တဲ့အတွက်အိတ် အနည်းငယ်သာဝင်ရောက်ခဲ့ပြီး ပဲဈေးနှုန်းအနေဖြင့် တစ်တင်းကျပ် ၂၃၀၀၀ ဖြင့် ပဲဟောင်းဈေးထက် ဈေးအနည်းငယ်ပိုရခဲ့တယ်လို့သိရပါတယ်။ ဈေးကွက်မှာ ပဲပုပ်အဟောင်းလက်ကျန် လက်လီအရောင်းအဝယ်ဖြစ်ခဲ့တဲ့ ဈေးနှုန်းမှာတစ်တင်း ကျပ် ၂၂၀၀၀ ဖြင့်သာ ဈေးငြိမ်လျက်ရောင်းဝယ်ခဲ့ကြတဲ့အတွက် ပဲသစ်ပေါ်စအဖွင့်ဈေးထက် ဈေးပိုခဲ့ကာ ယခင်နှစ်ဒီဇင်ဘာလဈေးနှုန်းထက်လည်း ဈေးပိုရလျက်ရှိပါတယ်။ ယခင်နှစ်က ဒီဇင်ဘာလအတွင်းက ပဲပုပ်ဈေးမှာ တစ်တင်းကျပ် ၁၉၀၀၀သာ ရရှိခဲ့တယ်လို့လည်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲတီစိမ်း အရောင်းအဝယ်သွက်နေပေမယ့် ဈေးငြိမ်

ဒီဇင်ဘာလလယ် ပြည်ပဲဈေးကွက်မှာ အရောင်းအဝယ်သွက်လျက်ရှိတဲ့ သီးနှံကတော့ ပဲတီစိမ်းသီးနှံဖြစ်ပါတယ်။ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်းဘက်မှဝင်ရောက်နေသလို ကံမမြို့နယ်ဘက်မှလည်း ပဲအဝင်ရှိတာကြောင့် တစ်ရက်အိတ် ၇၀၀ ကျော် ၈၀၀ အထိ ဝင်ရောက်ခဲ့ကြပြီး မန္တလေး ဝယ်လက်များက အဝယ်လိုက်နေတဲ့အတွက် ဝင်လာသမျှ ပဲအိတ်များ အရောင်းအဝယ်ရှိခဲ့တာကိုတွေ့ရပါတယ်။ ပဲဈေးမှာတစ်တင်း ကျပ် ၂၉၀၀၀ ဖြင့် ဆက်လက်ဈေးငြိမ်နေခဲ့ပေမယ့် ပဲသစ်ပေါ်စ ဈေးထက်တော့ ဈေးပိုရလာခဲ့ပါတယ်။ ပဲသစ်ပေါ်စအချိန်က ပဲတီစိမ်းသီးနှံအဖွင့်ဈေးမှာ တစ်တင်းကျပ် ၂၅၀၀၀ ပတ်ဝန်းကျင်သာရရှိခဲ့ကြပါတယ်။

**ခင်ဆွေဝင်း**

## ဆောင်းပဲများအဝယ်ရှိလို့ ပြည်မြေပဲဆန် ဈေးမြင့်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် ဆောင်းမြေပဲ အသစ်ဈေးမှာယခင် တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ဈေးမြင့်တက်နေတာတွေ့ရပါတယ်။ ပြည်မြို့နဲ့ အောင်လံမြို့ကြားရှိ ကျေးရွာများနဲ့ ရွှေတောင်ဘက်မှတစ်နေ့လျှင် မြေပဲဆန်အိတ် ၇၀၀-၈၀၀ ခန့် ဝင်ရောက်ပြီး ဝယ်လက်များက ဝယ်ယူမှုရှိသဖြင့် ဈေးမြင့်တက်နေတာ တွေ့ရပါတယ်။ လုံးဆန်အဖြူကို ရန်ကုန်ဝယ်လက်များက အဝယ်ရှိခြင်း၊ လုံးဆန်အနီကို မန္တလေးဝယ်လက်များက အဝယ်ရှိခြင်းနှင့်ဆီဆန်ကို မကွေးဆီစက်များက အဝယ်ရှိခြင်းတို့ကြောင့် ဈေးမြင့်နေတာ တွေ့ရပါတယ်။ ယခုတစ်ပတ်မြေပဲဆန်ဈေးမှာ ဆီကြိတ်မြေပဲဆန် တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀ ၊ လုံးဆန်အဖြူ တစ်ပိဿာလျှင် ကျပ် ၂၆၀၀ နဲ့ လုံးဆန်အနီတစ်ပိဿာလျှင် ကျပ်၂၅၀၀ဖြင့်ယခင်တစ်ပတ်ကထက်စာလျှင်ဈေးမြင့်တက်လာတာ တွေ့ရပါတယ်။

**ဝေဝေမင်း**

## ဆောင်းနှမ်းအသစ်များ ပြည်ဈေးကွက်သို့ စတင်ဝင်ရောက်

ယခုတစ်ပတ်နှမ်းဈေးမှာ ယခင်တစ်ပတ်ကထက်စာရင် ဈေးအနည်းငယ်ကျနေတာ တွေ့ရပါတယ်။ ဈေးကွက်သို့ နှမ်းအသစ် အိတ် ၁၀၀-၂၀၀ ခန့် မိုးညိုနဲ့ပေါင်းတည်ဘက်မှ ဝင်ရောက်မှုရှိပြီး အဟောင်းရောအသစ်ပါ တစ်နေ့လျှင်အိတ် ၅၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ဝယ်လက်အဝယ်ရှိနေသော်လည်း ဈေးမတက်ဘဲ ဈေးအနည်းငယ်ကျကာ အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းဈေးမှာ နှမ်းနီတစ်တင်းလျှင် ကျပ်၂၃၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ်၃၆၆၀၀နှင့်စမုံနက် နှမ်းတစ်တင်းလျှင် ကျပ်၄၅၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

## မုံရွာကုန်စည်ဒိုင် ဒီဇင်ဘာဒုတိယပတ် ပဲမျိုးစုံဈေးကွက် ကုလားပဲမျိုးစုံ ဈေးအမြင့်ဆုံးဖြစ်

ဒီဇင်ဘာ ဒုတိယပတ်ရဲ့ မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံ ဈေးကွက်မှာ ဒေသတွင်းသုံးပဲများအနက် ကုလားပဲမျိုးစုံဟာ ဈေးနှုန်းအမြင့်ဆုံးဖြစ်ပြီး ဒေသတွင်းဝယ်လက် အဆွဲ ရှိလို့ တစ်ရက်အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်ကုလားပဲမျိုးစုံ တစ်တင်းဈေးနှုန်းများမှာ ကုလားဖြူလုံးကြီး V2 ကျပ် ၅၅၀၀၀၊ 929 ကျပ် ၅၄၀၀၀၊ ထိုင်ဝမ် ကျပ် ၅၆၅၀၀ အသီးသီးပေါက်ခဲ့ပါတယ်။ ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံသီးနှံဈေးကွက်မှာ မတ်ပဲ(အထွက်တိုး) ပဲသစ်တစ်တင်း ကျပ် ၂၉၀၀၀၊ (ကုန်း)ပဲ အသစ် ကျပ် ၃၆၀၀၀ ဖြစ်ပြီး ငုံနီတစ်တင်း ကျပ် ၂၇၅၀၀ နဲ့ဈေးငြိမ်နေတာတွေ့ရပါတယ်။

ပဲတီစိမ်းသီးနှံကတော့ ယခုတစ်ပတ်အတွင်းအရောင်းအဝယ်သွက်နေကြောင်း သိရပါတယ်။ ပဲတီစိမ်း (ကြီး) တစ်တင်းကျပ် ၂၆၅၀၀၊ (သေး) တစ်တင်းကျပ် ၂၄၅၀၀ ဈေးပေါက်ပြီး တစ်ရက်အိတ် ၃၀၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

စွန်တာနီပဲတစ်တင်း ကျပ် ၁၆၅၀၀၊ မလွှမ်းပိုပဲတစ်တင်း ကျပ် ၂၁၀၀၀၊ ထောပတ်ပဲတစ်တင်း ကျပ် ၁၃၅၀၀၊ ပုဂံပဲတစ်တင်းကျပ် ၂၇၀၀၀၊ ပဲယင်းတစ်တင်း ကျပ် ၁၆၅၀၀၊ စားတော်ပဲတစ်တင်းကျပ် ၂၈၀၀၀၊ မြေထောက်ပဲတစ်တင်း ကျပ် ၂၆၀၀၀၊ ပဲဖြူလေးတစ်တင်း ကျပ် ၁၆၅၀၀၊ ပဲလွန်းပြာတစ်တင်းကျပ် ၂၆၀၀၀၊ အသီးသီးဈေးငြိမ်ပြီး လက်လီအနေနဲ့ တစ်ရက် အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပဲကြီးဈေး ကွက်မှာလည်း ဒေသတွင်းဝယ်လက်အဆွဲရှိလို့ အရောင်းအဝယ် သွက်ခဲ့ပါတယ်။ ဈေးနှုန်းမှာ တစ်တင်းကျပ် ၃၀၀၀၀ နဲ့ တစ်ရက်အိတ် ၂၀၀-၃၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲလုံးဆန်ဈေးအနည်းငယ်မြင့်တက်ပြီး ဝယ်လက်အဆွဲရှိလို့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် မြေပဲလုံးဆန် တစ်ပိဿာဈေးနှုန်းမှာ လုံးဆန်ဖြူ ကျပ် ၂၅၅၀၊ ဆီဆန်ဖြူ ကျပ်၂၀၀၀၊လုံးဆန်နီ ကျပ်၂၅၀၀ဖြစ်ပြီး နေ့စဉ်အိတ် ၁၀၀၀-၁၂၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။နှမ်းမျိုးစုံ ဈေးကွက်မှာနှမ်းဖြူတစ်ပိဿာ ကျပ် ၂၁၀၀၊ နှမ်းညို တစ်ပိဿာ ကျပ် ၁၅၄၀၊ နှမ်းနက်တစ်ပိဿာ ကျပ်၃၁၄၀ အသီးသီးနဲ့ ဈေးငြိမ်လျက် နှမ်းမျိုးစုံ နေ့စဉ်အိတ် ၅၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်မှသိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**



## ပုသိမ်မြို့ ၊ စားသုံးသူရေးရာဦးစီးဌာန၏ နဝမအကြိမ် တိုင်းဒေသကြီးအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အစည်းအဝေး ကျင်းပ

ပုသိမ်မြို့၊ စားသုံးသူရေးရာဦးစီးဌာန၏ တိုင်းဒေသကြီး အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ နဝမအကြိမ်မြောက် အစည်းအဝေးကို ဒီဇင်ဘာ ၁၂ ရက်က တိုင်းဒေသကြီး အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒုဥက္ကဋ္ဌ ဦးကြည်အောင်၊ တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်လှိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အရာထမ်း၊ အမှုထမ်းများ၊ သက်ဆိုင်ရာ တိုင်းအဆင့် အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ARCCI အသင်းဥက္ကဋ္ဌ၊ စားသုံးသူကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် တိုင်းဒေသကြီးအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်က ဝန်ဆောင်မှုအားနည်းသည့်စီးပွားရေးလုပ်ငန်းရှင်များအား တည်ဆဲဥပဒေအရ တားမြစ်ပိတ်ပင်မှုများ၊ အရေးယူမှုများ ပြုလုပ်မှာဖြစ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ပြည်သူများသိရှိလိုက်နာစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရ မှာဖြစ်ကြောင်းပြောကြားခဲ့သည်။

ထို့နောက်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်လှိုင်က စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ တိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ဒီဇင်ဘာလအတွင်း ရှောင်တခင် စစ်ဆေးရမည့်နေရာများ၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာလုပ်ငန်းများ စသည့်ကိစ္စရပ်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။

**မင်းမင်းဦး (ပုသိမ်)**

## လာအိုနိုင်ငံရှိ ငှက်ပျောစိုက်ခင်းများတွင် ပိုးသတ်ဆေးများ၊ အလွန်အကျွံအသုံးပြုနေခြင်းကြောင့် ငှက်ပျောစိုက်ပျိုးခြင်းကို ခွင့်မပြုတော့ဟုဆို

လာအိုနိုင်ငံပြည်နယ်များရှိ ငှက်ပျောစိုက်ခင်းများကို ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများက လာရောက်စစ်ဆေးရာ စိုက်ခင်းများတွင် အန္တရာယ်ရှိသည့် ဓာတုပစ္စည်းများ အသုံးပြုနေမှုကို တွေ့ရှိရကြောင်း၊ အဆိုပါအဖွဲ့အစည်းများ၏ အစီရင်ခံစာတွင် စိုက်ခင်းများ၌ ဓာတုပစ္စည်းအသုံးပြုသည့် ပြည်နယ်အမည်များကို ဖော်ပြထားခြင်းမရှိဘဲ နိုင်ငံမြောက်ပိုင်းရှိ ငှက်ပျောစိုက်ခင်းများဟုသာ ဖော်ပြထားကြောင်း Oudomxay ပြည်နယ်ဆိုင်ရာ စိုက်ပျိုးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဌာနမှ ညွှန်ကြားရေးမှူး Mr Onkeo Ounralom က ပြောကြားခဲ့သည်။ မိမိတို့အနေဖြင့် ငှက်ပျောစိုက်ပျိုးခြင်းကို ရပ်တန့်ထားမည်ဖြစ်သော်လည်း နိုင်ငံအတွင်း တရုတ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများကို မဆုံးရှုံးချင်ကြောင်း၊ သို့ဖြစ်ရာ Oudomxay ပြည်နယ်တွင် ငှက်ပျောအစား အခြားသီးနှံများကို စိုက်ပျိုးစေမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့သည်။

လာအိုနိုင်ငံမြောက်ပိုင်းရှိ Bokeo ၊ Luang Prabang၊ Oudomxay နှင့် Phongsaly ပြည်နယ်များတွင် ငှက်ပျောကိုအဓိက စိုက်ပျိုးလျက်ရှိပြီး တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း၊ Oudomxay နှင့် Luang Namtha ပြည်နယ်များသည် ငှက်ပျောစိုက်ပျိုးရာ အဓိကပြည်နယ်များဖြစ်ပြီး Oudomxay ပြည်နယ်တွင် ကုမ္ပဏီ ၂၃ ခုမှ ငှက်ပျောပင် ဟက်တာပေါင်း ၆၀၀၀ ခန့် စိုက်ပျိုးထားကြောင်း၊ မြို့တော်ဗီယန်ကျင်းတွင်လည်း ငှက်ပျောစိုက်ခင်းများစွာရှိကြောင်းသိရှိရသည်။လာအိုနိုင်ငံ ပြည်နယ်အချို့တွင် စိုက်ခင်းများ၌ ပိုးသတ် ဆေးနှင့် ဓာတုဓာတ်မြေဩဇာများ အလွန်အကျွံအသုံးပြုလျက်ရှိနေကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည့် အစီရင်ခံစာများအရ သိရှိရသည်။ လာအိုနိုင်ငံ ပြည်နယ်များရှိ တရုတ်လူမျိုးများ ရင်းနှီးမြှုပ်နှံထားသည့် ငှက်ပျောစိုက်ခင်းများမှ ထွက်ရှိသည့် ငှက်ပျောသီးများကို ပြည်တွင်းတွင် ရောင်းချခြင်းမရှိဘဲ ငှက်ပျောသီးများအားလုံးကို ကတ်ထူပုံးများတွင် ထည့်သွင်း၍ တရုတ်နိုင်ငံသို့ တင်ပို့ခြင်းဖြစ်ကြောင်းသိရှိရသည်။

Source: Vientiane Times **စန္ဒာထွန်း** (TTI)

## ချင်း

### ပြည်ချင်းဈေးနှုန်းတည်တည်ငြိမ်ငြိမ်နဲ့အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ်တွင် အောင်ပန်းချင်းများ ပြည်ဈေးကွက်သို့ ပိဿာ ၃၀၀၀အိတ် ၄၀၀ခန့် ဝင်ရောက်ခဲ့တဲ့အတွက် ယခင်တစ်ပတ်ကထက် အိတ် ၅၀ ခန့် ပိုမို ဝင်ရောက်လာပါတယ်။ ၂၀၁၅ ဒီဇင်ဘာလက ချင်းတစ်ပိဿာ (ရှယ်) ကျပ် ၇၀၀၊ (ဂွန်)ကျပ် ၄၀၀အထိ ဈေးကျခဲ့ပြီး ၂၀၁၆ ဒီဇင်ဘာလမှာ ချင်းတစ်ပိဿာ (ရှယ်) ကျပ်၉၀၀၊ (ဂွန်)ကျပ် ၅၀၀နဲ့ ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာနှစ်နဲ့နှိုင်းယှဉ်ပါက ယခုနှစ်က ချင်းဈေးအနည်းငယ် ကောင်းတဲ့နှစ် ဖြစ်ပါတယ်။ ဈေးကွက်အတွင်း တစ်နေ့ကို ပိဿာချိန် ၅၀၀ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်နေပြီး ဈေးကွက်မှတစ်ဆင့် ဧရာဝတီတိုင်းနဲ့ ရခိုင်ပြည်နယ်ဘက်သို့ စားသုံးမှုအဖြစ် တစ်နေ့ကို ပိဿာချိန် ၇၀၀ခန့် တင်ပို့လျက်ရှိတယ်လို့ သိရပါတယ်။

**ဝင်းဝင်းခိုင်**

### ရှမ်းချင်းအသစ်များ အဝင်လှိုင်

ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ ချင်းသစ်တွေ အဝင်များလာပါတယ်။ ကလော၊ ပင်လောင်းနဲ့ ပင်းတယမြို့နယ်တွေက ချင်းသစ်တွေ ဈေးကွက်ကို ဝင်လာတာကြောင့် ချင်းတွေ အဝင်လှိုင်လာတယ်လို့လည်း သိရပါတယ်။ ဈေးနှုန်းကလည်း သိပ်ပြီး မဆိုးလှတာကြောင့် တောင်သူတွေကလည်းဖော်ပြီး ရောင်းလာကြတယ်လို့သိရပါတယ်။ ပစ္စည်းအဝင်များပေမယ့် ဝယ်လက်ကတော့ ပြည်တွင်းချင်းထိုးသမားတွေနဲ့ ဈေးပတ်သမားတွေကသာ အဝယ်ရှိနေပါတယ်။ အရောင်းအဝယ် အများအပြားဖြစ်ပေမယ့် တစ်ပတ်အတွင်းမှာ ချင်းတက် ပိဿာချိန်ပေါင်း ၁ ဒသမ ၈သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ဝယ်ယူနေကျဖြစ်တဲ့ တပ်ကုန်း၊ ရန်ကုန်၊ ပြည်၊ မုံရွာစတဲ့မြို့တွေကတော့ ပုံမှန်ဝယ်ယူနေလို့ ပြည်ပဝယ်လက် မရှိသော်လည်း ဈေးကွက်မှာ မပြတ်ရောင်းနေရတယ်လို့လည်း ချင်းပွဲရုံတွေမှ သိရပါတယ်။ ချင်းအဝင်ကတော့တစ်ရက်ကို ပျမ်းမျှပိဿာချိန်လေး၊ ငါးသောင်းခန့်တော့ အဝင်ရှိနေတယ်လို့သိရပါတယ်။

ချင်းခြောက်ကတော့ အရောင်းအဝယ်ပုံမှန်ဖြစ်နေပေမယ့် လက်ကျန် ချင်းခြောက်တွေကိုသာ အရောင်းအဝယ်လုပ်နေရပါတယ်။ အသစ်တွေလုပ်ဖို့အတွက် ဈေးကွက်ကိုကြည့်ရဦးမယ်လို့ခြံရှင်တွေကဆိုပါတယ်။ ချင်းခြောက်ကိုတော့ရန်ကုန်၊ ပြည်ဝယ်လက်တွေကဝယ်ယူနေလို့ တစ်ပတ်အတွင်းမှာပိဿာချိန်ပေါင်းငါးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဈေးနှုန်းကတော့တစ်ပိဿာကိုကျပ် ၁၅၀၀ မှ ကျပ် ၁၆၀၀ ဈေးရှိပါတယ်။

**ဧခိုင်-တောင်ကြီး**

### မူဆယ်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ ချင်းခြောက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၈၃၁၅ တန်ဖိုးရှိ ချင်းခြောက် ၁၆ တန်ခွဲ တင်ပို့နိုင်ခဲ့ပါတယ်။ နိုဝင်ဘာလနောက်ဆုံးပတ်က ၁၂ တန် တင်ပို့ခဲ့ပြီး ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်မှာ ချင်းခြောက်တစ်တန်ကို မိမိဘက်ပေါက်ဈေး ၁၄၄၉၆၆၀ ကျပ်ဈေးခန့် ရှိတယ်လို့သိရပါတယ်။

**မော်မော်အောင်**

## နနွင်း

### မူဆယ်ရော စစ်တွေမှာပါ နနွင်းတက် တင်ပို့မှုလျော့နည်း

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ မြန်မာ - ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာ ၃ရက်မှ ၉ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၅၁၇၇ တန်ဖိုးရှိ နနွင်းတက် ၁၈ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မူဆယ်မှ နနွင်းတက် (ရှမ်းစ) ၁၆တန်ခွဲနဲ့ စစ်တွေမှ နနွင်းတက် (ကျောက်ဆည်) ၂တန် ဖြစ်ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်မှ တန်၃၀ကျော်၊ စစ်တွေမှ သုံးတန် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် နနွင်းတက် တင်ပို့မှုလျော့နည်း ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက်တစ်တန်ကို မိမိဘက်ပေါက်ဈေး ၉၄၂၉၃၂ ကျပ်၊ စစ်တွေမှာ ၂၀၆၁၆၀၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**



### ရှမ်းနနွင်းလက်ကျန်များကိုသာ အရောင်းအဝယ်လုပ်

အောင်ပန်းဈေးကွက်မှာ ရှမ်းနနွင်းကအဝင်နည်းသွားပါပြီ။အသစ်တွေလည်းအဝင်မရှိတော့လို့ အရင်နှစ်တွေက လက်ကျန်တွေကိုသာ အရောင်းအဝယ်လုပ်နေရပါတယ်။ တောင်ပို့လစတွေကတော့ အရင်တစ်ပတ်ကတည်းက ဈေးကွက်မှာပြတ်နေပါပြီ။ ခြံရှင်တွေကတော့ ဈေးကြိုက်လို့ ထုတ်ရောင်းလာကြတာကြောင့် ဈေးကွက်မှာပစ္စည်း အနည်းငယ်ဝင်လာပြီး အရောင်းအဝယ်လည်းဖြစ်လာတယ်လို့သိရပါတယ်။ အစိုအသစ်တွေလည်း နောက်လမှစပြီးဝင်လာတော့မယ်လို့ သိရပါတယ်။ ဝယ်လက်တွေကတော့ရန်ကုန်နဲ့ ပြည်ဝယ်လက်တွေက အဓိကဝယ်ယူနေပြီး ဝယ်ယူနေကျ လက်လီဈေးပတ်သမားတွေက နည်းနည်းချင်းစီဝယ်ယူနေပါတယ်။ တစ်ပတ်အတွင်းမှာနနွင်းပိဿာချိန် ပေါင်းခုနစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း အောင်ပန်းပွဲရုံတွေကသိရှိရပါတယ်။ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ ရိုးရိုးနနွင်း အောင်ပန်းစ တစ်ပိဿာကို ကျပ် ၁၂၀၀ မှ မှ၁၅၅၀ ကျပ်၊ တောင်ပို့လစတစ်ပိဿာကို ကျပ် ၂၅၀၀၊ ဆင်တောင်နနွင်းတစ်ပိဿာကို ကျပ် ၂၅၀၀ဈေးနဲ့ရောင်းချနေတယ်လို့သိရှိရပါတယ်။

**ဧခိုင်-တောင်ကြီး၊ခင်မိုးသူ**

## ကြက်သွန်

### မုံရွာကြက်သွန်နီဈေးကွက် ဈေးငြိမ်ပြီး အရောင်းအဝယ်ပုံမှန်ဖြစ်

ဒီဇင်ဘာ ဒုတိယပတ် မုံရွာပွဲရုံ စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ကြက်သွန်နီဈေးနှုန်းမှာ အတက်အကျမရှိ ဈေးငြိမ်လျက် အရောင်းအဝယ်ပုံမှန်ဖြစ်နေကြောင်း သိရှိရပါတယ်။

ယခုတစ်ပတ်တွင်း ပွဲရုံသို့ နေ့စဉ်ပိဿာ ၃၀ ဝင်အိတ် ၆၀၀ ခန့် ပုံမှန်ဝင်ရောက်မှုရှိပြီး ရန်ကုန်ဝယ်လက်အဆွဲနဲ့ ဒေသတွင်း လက်လီပြန်လည်ရောင်းချသူများရဲ့ အရောင်းအဝယ်ဖြစ်မှုမှာ တစ်ရက်ကို ပိဿာချိန် တစ်သောင်းခန့်ရှိကြောင်းသိရပါတယ်။

ယခုတစ်ပတ် ကြက်သွန်နီဈေးနှုန်းမှာပွဲရုံဈေး(ကြီး) တစ်ပိဿာကျပ်၆၀၀၊ (လတ်) ကျပ် ၅၀၀၊ (သေး) ကျပ် ၄၀၀၊ လက်လီဈေးနှုန်းမှာ တစ်ပိဿာ(ကြီး) ကျပ် ၉၀၀၊ (လတ်) ကျပ် ၇၀၀၊ (သေး) ကျပ် ၅၀၀ ဖြစ်ပြီးယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ပွဲရုံဈေးနှုန်းမှာ အတက်အကျမရှိဈေးငြိမ်နေပြီး လက်လီဈေးနှုန်းကတော့ အနည်းငယ်ဈေးကျသွားတာသိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူ ဈေးနှုန်းမှာ ပွဲရုံဈေးက တစ်ပိဿာ(ဗမာ) ကျပ် ၅၀၀၀၊ ရှမ်း ကျပ် ၄၀၀၀၊ လက်လီဈေးကတော့ တစ်ပိဿာ(ဗမာ) ကျပ်၅၅၀၀၊ (ရှမ်း) ကျပ် ၄၅၀၀ဖြစ်ပြီး နေ့စဉ်အိတ် ၁၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှ သိရှိရပါတယ်။

**ကြည်ကြည်နွယ် (မုံရွာ)**



## ဖျာပုံခရိုင်တွင်Gasifier နှင့် ပတ်သက်သော ပညာပေးဆွေးနွေးပွဲအခမ်းအနား ကျင်းပ

ဖျာပုံခရိုင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနနဲ့ ခရိုင်ဆန်စက်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းပြီး ဖျာပုံမြို့နယ်ဆန်စက်လုပ်ငန်းရှင်အသင်းရုံးမှာဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များရှိဆန်စက်လုပ်ငန်းရှင်များအားစပါးခွံသုံး Gasifier နှင့် ပတ်သက်သော ပညာပေးဆွေးနွေးပွဲအခမ်းအနားအား ဒီဇင်ဘာ ၁၄ရက်က ကျင်းပခဲ့ကြောင်းသိရပါတယ်။ အဆိုပါအခမ်းအနားသို့ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးဦးဝင်းမြင့်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆန်စက်လုပ်ငန်းရှင်ဥက္ကဋ္ဌများနှင့် လုပ်ငန်းရှင်များ စုစုပေါင်း ၅၅ဦး တက်ရောက်ခဲ့ကြပါတယ်။



အခမ်းအနားတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးဦးဝင်းမြင့်ကအဖွင့်အမှာစကားပြောကြားပြီးခရိုင်ဆန်စက်လုပ်ငန်းရှင်များအသင်းကိုယ်စား ဖျာပုံမြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအုန်းဟန်ကစက်ပိုင်များအနေဖြင့် Gasifierကိုအသုံးပြုလာကြတဲ့အတွက် လုပ်ငန်းမှာ အသုံးဝင်သကဲ့သို့ တစ်ဖက်မှာလည်း ဘေးထွက်ရေဆိုးများကြောင့် ရေနေသတ္တဝါတို့ရဲ့ ရှင်သန်မှုနဲ့ပတ်ဝန်းကျင်ရှိ လူနဲ့တိရစ္ဆာန်တို့ရဲ့ ကျန်းမာရေးကိုထိခိုက်မှုရှိစေတဲ့အတွက် ရေဆိုးများသန့်စင်နည်း( Recycle ) ပြန်လည်အသုံးပြုတဲ့ ရေစစ်ကန်ပြုလုပ်ပုံအဆင့်ဆင့်တို့ကိုပညာပေးနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိ ဌာနဆိုင်ရာများအား အကူအညီတောင်းခံထားတဲ့အတွက် လာရောက်ပြီး အသိပညာပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှခရိုင်ဦးစီးမှူး ဦးအောင်ကြည်က Gasifier နှင့် ပတ်သက်တဲ့ ရေဆိုးသန့်စင်ခြင်းနည်းစနစ် (Waste Water Treatment Method) နဲ့ စပါးခွံသုံး Gasifer စက်ရုံမှ စွန့်ထုတ်ရေဆိုးများအားအနည်ထိုင်ကန်အဆင့်ဆင့်ထားကာ အဖိုးနည်းဝန်ပါ ရေသန့်စင်နည်းစနစ်များကို ပါဝါပွိုင့်ဖြင့်ပြသရှင်းလင်းပါတယ်။ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြင့်အောင်က စားသုံးသူရေးရာ ဦးစီးဌာနရဲ့ လုပ်ငန်းစဉ်များနှင့် Gasifier ကြောင့် ဆန်စက်များတိုင်ကြားခံရတဲ့ အကြောင်းလေးရပ်အား ရှင်းလင်းခဲ့ပါတယ်။

ဆန်စက်ပိုင်ရှင်များအနေနဲ့ ရေဆိုးစွန့်ပစ်ကန်ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလလယ်ခန့်တွင် အပြီးတပ်ဆင်ပြီး အသုံးပြုကြရမှာဖြစ်ကြောင်း သိရှိရပါတယ်။

**မောင်ဖျာပုံ**

# ukonfpDc&;vkyfief;&Sifrsm;ar;Orf;vsufcsdf
# Trade Training Institute

|သိန်းမြင့်ဝေ|



ကုန်သွယ်မှု သင်တန်းကျောင်း (Trade Training Institute - TTI) ကို ၂၀၁၂ ခုနှစ်၊ ဧပြီလတွင် စတင် ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်မြို့၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးခွဲတွင် ဖွင့်လှစ်ထားရှိပါသည်။ TTI သည် သင်တန်းသား၊ သင်သန်းသူ ၈၈ ဦးဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အမှတ်စဉ် (၁) International Trade Basic Course Batch (1) ကို စတင်ဖွင့်လှစ်ခဲ့သည်။ သင်တန်းကာလမှာ လေးလဖြစ်ပြီး တစ်နှစ်လျှင် သင်တန်းနှစ်ခုနှုန်းဖြင့် ဖွင့်လှစ် သင်ကြားခဲ့ရာ မကြာမီ International Trade Basic Course Batch (9) ကို ဖွင့်လှစ်တော့မည်ဖြစ်ပါသည်။

## အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်း

ကုန်သွယ်မှုသင်တန်း ကျောင်းသည် အသက် မွေးဝမ်းကျောင်းသင်တန်းကျောင်း (Vocational Training School) တစ်ခုဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သင်တန်းတွင် ပို့ချသော ဘာသာရပ်အကြောင်းအရာများ သည် လက်တွေ့ဆန်ပြီး လုပ်ငန်းခွင်တွင် ချက်ခြင်းပြန်လည်အသုံးချ၍ ရသောကြောင့် ဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စုမှ စီးပွားရေး ပညာရှင် ပါမောက္ခ Dr.Daniel Johnson သည် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင် ကုန်သွယ်မှု သင်တန်းကျောင်းသို့ရောက်ရှိစဉ် အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့ပါသည်-

"ကျွန်တော်ပြီးခဲ့တဲ့ နှစ်ပတ်အတွင်း ရန်ကုန်၊ မန္တလေး၊ မိတ္ထီလာမြို့တွေမှာရှိတဲ့ တက္ကသိုလ်ကြီးတွေကို ရောက်ရှိခဲ့ပါတယ်။ အဲဒီလို သွားရောက်စဉ် မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတစ်ခုကို ဘယ်လိုစတင်ပါသလဲလို့ မေးတော့ ကျောင်းသားကျောင်းသူတွေက ကောင်းကောင်းမဖြေနိုင်ကြပါဘူး။ အခုတော့ ကျွန်တော်သိသွားပြီ။ TTI ဟာ စီးပွားရေးလုပ်ငန်းတစ်ခုကို ဘယ်လိုစတင်လုပ်ကိုင်ရတယ်ဆိုတာ သင်ကြားပေးတဲ့နေရာဆိုတာကိုပါ။ နောက်တစ်ခါ အဲဒီတက္ကသိုလ်တွေက ကျောင်းသားကျောင်းသူတွေနဲ့ တွေ့ရင် ကျွန်တော်ပြောပြလို့ရပြီ"

သင်တန်းတွင် ကုန်သွယ်မှုနှင့် ဆက်နွယ်လျက်ရှိသော ဘာသာရပ်များကို လက်တွေ့လုပ်ဆောင်နေသော သင်တန်းနည်းပြများက သင်ကြားပို့ချသောကြောင့် ပိုမိုထိရောက်နားလည်လွယ်ပါသည်။ ယေဘုယျအားဖြင့် လုပ်ငန်းခွင်တွင် လက်တွေ့ပြန်လည်အသုံးချနိုင်သော လုပ်ထုံးလုပ်နည်းများမှာ ၇၀ ရာခိုင်နှုန်းကျော် ပါဝင်ပြီး လုပ်ငန်းရှင်တစ်ယောက်အတွက် အနိမ့်ဆုံးသိရှိနားလည်ထားရမည့် စီးပွားရေးနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး သဘောတရားများမှာ ၃၀ ရာခိုင်နှုန်းခန့်ပါဝင်သည်။

## သင်တန်းကာလနှင့် သင်ကြားသော ဘာသာရပ်များ

သင်တန်းကာလမှာ ယေဘုယျအားဖြင့် လေးလနီးပါးကြာမြင့်သည်။ သင်တန်းကာလ လေးလခန့် ကြာသော်လည်း တစ်ပတ်လျှင် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာ သုံးရက်သာ သင်ကြားပြီး သင်ခန်းစာပို့ချချိန်မှာ နံနက် ၉း၃၀ နာရီမှ နေ့လယ် ၁၂း၃၀ နာရီအထိဖြစ်သည်။ တစ်ပတ်လျှင် သုံးရက်ဖြစ်ပြီး နံနက်ပိုင်းတွင်သာ သင်ကြားပို့ချ သောကြောင့် အလုပ်တစ်ဖက်နှင့် သင်တန်း တက်ရောက်လိုသူများအတွက် အဆင်ပြေကြောင်း သိရသည်။ သင်တန်းဖွင့်သည့် နေ့ရက်တွင်လည်း နံနက်ပိုင်းသင်တန်းတက်ပြီး ညနေပိုင်းမိမိ၏ ကုမ္ပဏီအလုပ်သို့ သွားရောက် အလုပ်လုပ်နိုင်သည့် သင်တန်းတစ်ခုဖြစ်သည်။

ပို့ချသော ဘာသာရပ်အကြောင်းအရာများ စုံလင်လှပါသည်။ ဘာသာရပ်အကြောင်းအရာ စုံလင်သော်လည်း အဓိကအားဖြင့် ကုန်သွယ်မှုနှင့် ဆက်စပ်လျက်ရှိသော အကြောင်းအရာများသာ ဖြစ်ပါသည်။ လက်တွေ့ဆန်သော ဘာသာရပ်များအဖြစ် ကုမ္ပဏီတည်ထောင်မှတ်ပုံတင်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် သက်ဆိုင်သော ဝေါဟာရများ၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်း၊ နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ခြင်းနှင့် ငွေကြေးပေးချေမှုနည်းလမ်းများ၊ ပို့ကုန်နှင့် သွင်းကုန်လုပ်ထုံးလုပ်နည်းများ၊ ကုန်သွယ်ရေး အာမခံ ထားရှိခြင်းနှင့် အာမခံ၏ အရေးပါပုံ၊ ဆိပ်ကမ်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများ၊ ဆိပ်ကမ်းရှင်းလင်းရေးကိစ္စရပ် များ၊ ပေးဆောင်ရမည့် အခွန်နှုန်းထားများနှင့် အခွန်၏သဘောသဘာဝ၊ ဆိပ်ကမ်းတွင် ကုန်ပစ္စည်း အတင်အချနှင့် ကွန်တိန်နာများ သယ်ယူပို့ဆောင်မှု၊ ကုန်ပစ္စည်း စစ်ဆေးရေးအဖွဲ့များ၏ အခန်းကဏ္ဍ၊ အငြင်းပွားမှုဖြေရှင်းခြင်း၊ စံချိန်စံညွှန်း စသည့် အကြောင်းအရာများကို တွေ့မြင်နိုင်ပါသည်။

ထို့ပြင် သီအိုရီပိုင်းဆိုင်ရာ နားလည်သိရှိထားရမည့် ဘာသာရပ်များအဖြစ် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးပေါ်လစီနှင့် သဘောတရားများ၊ စီးပွားရေးလုပ်ငန်းကျင့်ဝတ် (Business Ethics)၊ နိုင်ငံတကာစီးပွားရေး လုပ်ငန်းစီမံခန့်ခွဲမှု (International Business Management)၊ ဈေးကွက်သုတေသနနှင့် ဈေးကွက်တိုးတက်မှု နည်းလမ်းများ၊ အိမ်နီးချင်းနိုင်ငံများ၏ ကုန်သွယ်ရေး လုပ်ထုံးလုပ်နည်းများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း များ၏ အရေးပါပုံ၊ လွတ်လပ်သော ကုန်သွယ်မှုဒေသများ၊ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်နှင့် ပင်ရင်းနိုင်ငံ စည်းမျဉ်း (Certificate of origin and rules of origin)၊ တစ်ဖက်သတ် အကောက်ခွန်သက်သာခွင့်နှင့် ကင်းလွတ်ခွင့် (GSP)၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် အာဆီယံတို့၏ အခန်းကဏ္ဍ၊ နယ်စပ်ကုန်သွယ်ရေးနှင့် မျက်နှာစာအလိုက် ကုန်သွယ်မှုအခြေအနေ၊ အွန်လိုင်းမှ ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားခြင်း စသည့်အကြောင်းအရာများ ပါဝင်ပါသည်။

## စီးပွားရေးဟောပြောပွဲနှင့် လေ့လာရေး ခရီးစဉ်များ

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်းတွင် အထက်ပါဘာသာရပ် အကြောင်းအရာများအပြင် စီးပွားရေးဟောပြောပွဲ (Business Talk) များကို လည်း ထည့်သွင်းစီစဉ်ထားသည်။ ထင်ရှားသည့် ပညာရှင်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဦးမြင့်၊ ဒေါက်တာအောင်ထွန်းသက်၊ ဒေါက်တာနုနုယဉ်၊ ဒေါက်တာမောင်မောင်သိမ်း၊ ခင်မောင်ညို (ဘောဂဗေဒ) စသည့် ဆရာကြီး၊ ဆရာမကြီးများက လာရောက်ဟောပြောပေးပါသည်။ အဆိုပါ ဟောပြောပွဲများကို Public Seminor အဖြစ် ကျင်းပပေးခြင်းဖြစ်သောကြောင့် လက်ရှိတက်ရောက်နေသော သင်တန်းသားများနှင့် သင်တန်းသားဟောင်းများအပြင် စိတ်ပါဝင်စားသူတိုင်း အခမဲ့တက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးပါသည်။

ထို့ပြင် TTI သည် သင်တန်းသားများအတွက် လက်တွေ့လေ့လာသိရှိစေရန်အတွက် လေ့လာရေးခရီး (Plant Trip) များကိုလည်း ပို့ဆောင်ပေးပါသည်။ အဆိုပါခရီးစဉ်များတွင် ရန်ကုန်သီလဝါဆိပ်ကမ်း၊ သီလဝါ အထူး စီးပွားရေးဇုန်၊ ဒဂုံတောင်ပိုင်းစက်မှုဇုန်ရှိ မော်တော်ကားတပ်ဆင်ထုတ်လုပ်သည့် စက်ရုံများ၊ ပရိဘောဂစက်ရုံနှင့် အထည်ချုပ်စက်ရုံများ၊ ထရန်စဖော်မာ ထုတ်လုပ်သည့် စက်ရုံများ၊ လှိုင်သာယာနှင့် ရွှေပြည်သာစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများ၊ ပဲခွဲစက်၊ ဆန်စက်၊ အအေးခန်းသိုလှောင်ရုံများ၊ ရန်ကုန် အေးရှားဝေါလ်ဆိပ်ကမ်း၊ မြဝတီ နယ်စပ်ကုန်သွယ်ရေးဇုန်နှင့် မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန် စသည်ဖြင့် စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ လေ့လာရေး ခရီးစဉ်များကိုလည်း စီစဉ်ပေးပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# xdkif;EdkifiHtaejzifh ppf0,fjyvkyfEdkifrnfh[kdk;BuD; Central Market zGifhvSpfrnf

ထိုင်းနိုင်ငံတွင်ဆန်ကုန်သည်များနှင့် ဆန်စပါးစိုက်ပျိုးသူတောင်သူများအတွက် ဆန်အရောင်းအဝယ်ပြုလုပ်နိုင်မည့်ဗဟိုဈေးကြီး (Central Market) တစ်ခု ဖွင့်လှစ်ရန် ထိုင်းနိုင်ငံအစိုးရက စဉ်းစားနေကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံအနေဖြင့် ဆန်ထုတ်လုပ်မှုနှင့် ပြည်ပသို့ဆန်တင်ပို့မှုများ အများဆုံးပြုလုပ်နေသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သော်လည်း ဆန်အရောင်းအဝယ်အတွက် ထိုင်းနိုင်ငံတွင် ဗဟိုဈေးကြီးမရှိသေးကြောင်း၊ တရုတ်နိုင်ငံ၊ Guangdong ပြည်နယ်တွင် ကောက်ပဲသီးနှံနှင့် ဆီများ အရောင်းအဝယ်ပြုရာ လက်ကားဈေးကြီးဖြစ်သည့် Sanyanqiao Grain and Oil Wholesale Market သည် စတုရန်းမီတာ ၁ သိန်းကျယ်ဝန်းပြီး တစ်နှစ်လျှင် ကောက်ပဲ သီးနှံတန်ချိန် ၂ ဒသမ ၅ သန်း အရောင်းအဝယ်ပြုလုပ်လျက်ရှိနေကြောင်း၊ မိမိတို့အနေဖြင့်လည်း ဆန်အတွက် ဗဟိုဈေးကြီး ဖွင့်လှစ်နိုင်ရေး အစိုးရအရာရှိများ၊ တောင်သူများ၊ ဆန်စက်ပိုင်ရှင်များ၊ ပို့ကုန်လုပ်ငန်းရှင်များ အပါအဝင် သက်ဆိုင်သူအားလုံးကို ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ မကြာခင် ဖိတ်ခေါ်ကာ ဆွေးနွေးသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီးက ပြောကြားခဲ့သည်။

ဗဟိုဈေးကြီးဖွင့်လှစ်ရန် အများသဘောတူပါက ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ ရင်းနှီးမြှုပ်နှံမှုပုံစံ၊ စီမံခန့်ခွဲမှု ဆိုင်ရာဖွဲ့စည်းမှု၊ ဖွင့်လှစ်မည့်နေရာ၊ ထောက်ပံ့ပို့ဆောင်ရေး ကောင်းမွန်စေမှုနှင့် ငွေပေးချေမှုစနစ် အစရှိသည်တို့ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အဆိုပါဗဟိုဈေးကြီးတွင် ဆန်ပို့ကုန်လုပ်ငန်းရှင်များ၊ ဆန်စက်ပိုင်ရှင်များနှင့် တောင်သူများအနေဖြင့် အလားအလာရှိသည့် ဝယ်လက်များနှင့် တိုက်ရိုက် ချိတ်ဆက် အရောင်းအဝယ်ပြုနိုင်မည်ဟု မိမိတို့မျှော်လင့်ထားကြောင်း၊ ဆန်အရည်အသွေး စစ်ဆေးခြင်းနှင့် ကုန်သွယ်မှုပြုရာတွင် ပွင့်လင်းမြင်သာမှုရှိရေးတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၌ လောလောဆယ်တွင် စပါးအတွက်သာ ဗဟိုဈေးကြီးတစ်ခု ရှိသေးကြောင်း၊ ဆန်အတွက် ဗဟိုဈေးကြီး ဖွင့်လှစ်နိုင်ပါက ပြည်တွင်းစီးပွားရေး ကောင်းမွန်လာရန် အကူအညီပေးနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

ကျေးလက်နှင့် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်တွင်းလုပ်ငန်းများ စီးပွားရေးပိုမိုကောင်းမွန်စေရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၇ ခုနှစ် နှစ်လယ်အတွက် သုံးစွဲရန်ထပ်မံလျာထားသည့်ဘတ်ဘီလီယံ ၁၉၀ အတွက် ခန့်မှန်းရသုံးငွေစာရင်း ဌာနမှ တင်ပြမှုကို ထိုင်းနိုင်ငံအစိုးရအဖွဲ့က သဘောတူခဲ့ကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံသည်လာမည့် ၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုကို ယခုနှစ်တင်ပို့မှုထက် ၁၀ ရာခိုင်နှုန်းတိုး၍ တင်ပို့ရန် ရည်ရွယ်ထားကြောင်း၊ ၂၀၁၅ ခုနှစ်က ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၉ သိန်း ၃ သောင်းကျော် တင်ပို့ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် ပထမ ၁၀ လအတွင်း ဆန်တန်ချိန် ၆ သိန်း ၄ သောင်းကျော် တင်ပို့ထားပြီးဖြစ်ကြောင်း သိရှိရသည်။ ဗီယက်နမ်နိုင်ငံပြီးလျှင် ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံသို့ ဒုတိယအများဆုံး ဆန်တင်ပို့သည့် နိုင်ငံဖြစ်သည်။

Source: Bangkok Post

စန္ဒာထွန်း (TTI)

# ဓာတ်ဆီ/ဒီဇယ်

## ရေကြောင်းလမ်းမှ ဒီဇယ်၊ ဓာတ်ဆီတန်ချိန် ၅၀၀၀၀ ကျော်ဝင်

ဒီဇင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ ၃၁၈၂၅၅၉၀ တန်ဖိုးရှိ ဒီဇယ် ၄၄၀၀ ၉ဒသမ ၅၃၁ တန်နဲ့ ကန်ဒေါ်လာ ၆၇၈၈၂၃၅ တန်ဖိုးရှိ ဓာတ်ဆီ ၇၅၇၁ ဒသမ ၅၃၁ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အဆင့်မြင့်ဒီဇယ်၊ **(92)**နဲ့ **(95)** တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဓာတ်ဆီအဝင်တန်ချိန် ၃၅၆၀၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၂၈၁၀၀ ကျော်အဝင်လျော့ခဲ့ပြီး ယခင်သီတင်းပတ် ဒီဇယ်အဝင်မှာ တန်ချိန် ၅၆၅၀၀ကျော်ရှိခဲ့တာကြောင့် ဒီတစ် ပတ်မှာ တန်ချိန် ၁၂၅၀၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီအဝင်လျော့ခဲ့ပြီး ဒီဇယ်အဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၂၈၄၈၃၈၄ တန်ဖိုးရှိ ဒီဇယ် ၄၀၈၅ဒသမ၈၂၈တန်နဲ့ ကန်ဒေါ်လာ၁၈၄၂၉၀ တန်ဖိုးရှိ ဓာတ်ဆီ တန်ချိန်၃၅၀၊ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၄၄၅၀တန်ဖိုးရှိ ဒီဇယ် တန်ချိန်၁၀၀နဲ့ ကန်ဒေါ်လာ ၄၂၉၀ တန်ဖိုးရှိ ဓာတ်ဆီ တန်ချိန်၇၀၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ၁၉၅၆၀ တန်ဖိုးရှိ ဒီဇယ် ၃၆ဒသမ ၀၃၆တန်နဲ့ ကန်ဒေါ်လာ ၅၇၇၈၅ တန်ဖိုးရှိ ဓာတ်ဆီ ၁၀၆ ဒသမ ၃၉တန်ကိုတင်သွင်း ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီ၊ဒီဇယ်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း **(92)**နဲ့ **(95)**မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် ၆၇၅ ကျပ်၊ အောက်တိန်း **(92)** ကျပ် ၆၈၀ ၊ အောက်တိန်း **(95)** ကျပ် ၇၂၀၊ အဆင့်မြင့်ဒီဇယ် ၆၉၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဒီဇင်ဘာလ ၁၂ရက်မှာ ဒီဇယ် ဝယ်ဈေး ကျပ် ၁၃၇၀၀၀ ၊ ရောင်းဈေး ကျပ်၁၄၂၀၀၀ နဲ့ အရောင်း အဝယ်ဖြစ်ပြီး ဒီဇင်ဘာ ၁၄ရက်တွင် ဝယ်ဈေး၊ရောင်းဈေး ၂၀၀၀ကျပ် ဈေးမြင့်ပြီး အရောင်း အဝယ်ဖြစ်ခဲ့ရာ ဒီဇင်ဘာ ၁၅ ရက်တွင် ထပ်မံဈေးမြင့်တက်ခဲ့ပြီး ဝယ်ဈေး၁၄၅၀၀၀ကျပ်၊ ရောင်းဈေး ၁၄၇၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇင်ဘာ ၁၂ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ်၁၃၄၀၀၀ ၊ ရောင်းဈေး ကျပ်၁၃၆၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ ဒီဇင်ဘာ ၁၅ ရက်တွင် ဝယ်ဈေး ဈေးငြိမ်နေသော်လည်း ရောင်းဈေး ကျပ် ၁၀၀၀ ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဒီဇယ်ဈေးမြင့်ခဲ့ပြီး ဓာတ်ဆီဈေး အနည်းငယ်သာ အပြောင်းအလဲဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီတစ်ဂါလန်ဈေးများမှာ ဒီဇယ်တစ်ဂါလန် ကျပ် ၃၀၀၀ ၊ ဓာတ်ဆီတစ်ဂါလန် ကျပ် ၂၉၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင်ဓာတ်ဆီဈေးငြိမ်ပြီး ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်ခဲ့တယ်လို့သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဓာတ်ဆီ တစ်လီတာ ၆၄၅ကျပ်၊ ဒီဇယ် ကျပ် ၆၇၀ အဆင့်မြင့်ဒီဇယ် ကျပ် ၇၁၀၊ အောက်တိန်း **(92)** ကျပ် ၇၁၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ ဈေးများမှာ ဒီဇင်ဘာ ၁၂ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၃၉၀၀၀၊ ရောင်းဈေး ကျပ် ၁၄၄၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ နောက်ရက်များတွင် ဆက်လက်ဈေးမြင့်တက်ခဲ့ရာ ဒီဇင်ဘာ၁၅ ရက်တွင် ဝယ်ဈေး ကျပ် ၁၅၁၀၀၀၊ ရောင်းဈေး ကျပ် ၁၅၃၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဒီဇင်ဘာ ၁၂ ရက်တွင် ဝယ်ဈေး ကျပ် ၁၃၄၀၀၀၊ ရောင်းဈေးကျပ် ၁၃၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဒီဇင်ဘာ ၁၅ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ကျပ်၁၀၀၀ ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ကျပ်၃၂၀၀၊ ဓာတ်ဆီ ကျပ် ၂၉၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

မော်လမြိုင်ဈေးကွက်မှာ ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန် အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ဓာတ်ဆီ၊ဒီဇယ်နဲ့အောက်တိန်းမှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလန်ဈေးများမှာ ဓာတ်ဆီ ကျပ် ၃၂၀၀၊ ဒီဇယ်၃၁၉၅ကျပ် ၊ အောက်တိန်း ကျပ်၃၂၄၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ တစ်ဂါလန် ကျပ် ၃၂၀၀၊ ဒီဇယ် တစ်ဂါလန် ကျပ်၃၂၀၀ ၊ အောက်တိန်း တစ်ဂါလန် ၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ **MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်မြင့်တက် တစ်ပတ်အတွင်းကျပ် ၆၀ ကျော်မြင့်တက်

ယခုတစ်ပတ်အတွင်း ပြည်တွင်း ငွေလဲနှုန်းများ ဆက်လက်မြင့်တက်ခဲ့ရာ တစ်ပတ်အတွင်း ၆၆ ကျပ်ခန့်မြင့်တက်ခဲ့ကြောင်း ဈေးကွက်အတွင်း မှစုံစမ်းသိရှိရသည်။ အမေရိကန်ဗဟိုဘဏ်က ၎င်း၏အတိုးနှုန်းကို သုညဒသမ ၂၅ရာခိုင်နှုန်း တိုးမြှင့်လိုက်သဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အမေရိကန်ဒေါ်လာနှင့် လဲလှယ်နှုန်းများ မြင့်တက်ခဲ့သည်။

ပြည်တွင်းတွင် ပြီးခဲ့သည့်ရက်သတ္တပတ်ကတည်းက မြင့်တက်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ပုဂ္ဂလိကဘဏ်များနှင့် ပုဂ္ဂလိကငွေလဲစင်တာများတွင်အရောင်း အဝယ်များ ရပ်ဆိုင်းခဲ့သည်ဟုဆိုသည်။ အချို့ကမူမော်တော်ကားတင်သွင်းမှုများကြောင့် ငွေလဲနှုန်းများမြင့်တက်ခဲ့ရသည်ဟု ဆိုသော်လည်း မော်တော်ကားတင်သွင်းမှုများမှာ ဒေါ်လာတန်ဖိုးမြင့်တက်မှုနှင့်နှိုင်းယှဉ်လျှင် နည်းပါးလှကြောင်း သိရသည်။

“ကျွန်တော် ဒေါ်လာလိုချင်လို့ ပုဂ္ဂလိကဘဏ်တစ်ခုမှာ သွားဝယ်တယ်။ အဝယ်ရော၊ အရောင်းပါရပ်ထားတယ်လို့ပြောတယ်။ လာရောင်းတဲ့သူရှိမှပြန်ရောင်းနိုင်မယ်လို့ပြောတယ်။ အဲဒါနဲ့ အပြင်ငွေလဲစင်တာတွေမှာပဲ သွားဝယ်ရတယ်”ဟု ပုဂ္ဂလိကငွေလဲစင်တာတစ်ခုတွင် ငွေလဲပြီးပြန်လာသူတစ်ဦးက ပြောကြားခဲ့သည်။ ဒီဇင်ဘာလ ၁၆ ရက်တွင် ပို့ကုန်ရငွေဈေးနှုန်းသည် ကျပ် ၁၄၅၀ အထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

ပြည်တွင်းငွေလဲစင်တာများတွင် ဒီဇင်ဘာ ၁၂ ရက်က ရောင်းဈေး ၁၃၈၆ ကျပ်၊ ဝယ်ဈေး ကျပ် ၁၃၈၀ ရှိခဲ့ပြီး ဒီဇင်ဘာ ၁၄ ရက်တွင် ရောင်းဈေး ၁၃၉၅ ကျပ်၊ ဝယ်ဈေး ကျပ် ၁၃၉၀ ရှိခဲ့သည်။ ဒီဇင်ဘာလ ၁၆ ရက်တွင် ရောင်းဈေး ၁၄၃၆ ကျပ်၊ ဝယ်ဈေး ၁၄၂၈ ကျပ်ရှိခဲ့သည်။ **မယ်သီတာ**

## ကမ္ဘာ့ရွှေဈေးကျဆင်းလာသော်လည်း ပြည်တွင်းရွှေဈေးလိုက်ပါကျဆင်းခြင်းမရှိ

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေးများကျဆင်းလာသော်လည်း ပြည်တွင်းရွှေဈေးများသည် လိုက်ပါကျဆင်းလာခြင်းမရှိဘဲ ပြည်တွင်းငွေလဲနှုန်းများ ဆက်တိုက်မြင့်တက်လာမှုကြောင့် ဈေးအမြင့်အတိုင်းသာ ဆက်လက်တည်ရှိနေကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် ဒီဇင်ဘာ ၁၆ ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၃၀ အထိ ကျဆင်းခဲ့သော်လည်း ပြည်တွင်းရွှေဈေးမှာမူ တစ်ကျပ်သားလျှင် ကျပ် ၈၅၇၀၀၀ တွင်သာရှိနေကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

“ကမ္ဘာ့ဈေးကွက်မှာ ရွှေဈေးက ကျဆင်းလာတယ်။ အမေရိကန်ဗဟိုဘဏ်က သူ့ရဲ့ အတိုးနှုန်းကိုမြှင့်တင်ပေးလိုက်တဲ့အတွက် အမေရိကန်ဒေါ်လာဈေးက မြင့်တက်လာတယ်။ ဒေါ်လာ ဈေးက မြင့်တက်လာတဲ့အတွက် ကမ္ဘာ့ ရွှေဈေးကွက်မှာ ဈေးကျလာတယ်။ ဒါပေမယ့်လည်း မြန်မာနိုင်ငံမှာက ပြည်တွင်းငွေလဲနှုန်းတွေမြင့်တက်နေတဲ့အတွက် ကမ္ဘာ့ရွှေဈေးကျပေမယ့် ပြည်တွင်းရွှေဈေးက လိုက်မကျဘဲ ဈေးအမြင့်မှာပဲရှိနေတာပါ”ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဒီဇင်ဘာ ၁၂ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၈၅၆၅၀၀ ရှိခဲ့ပြီး ဒီဇင်ဘာ ၁၄ ရက်တွင် ကျပ် ၈၅၈၀၀၀ သို့ အနည်းငယ်မြင့်တက်ခဲ့သည်။ ဒီဇင်ဘာ ၁၆ ရက်တွင် ကျပ် ၈၅၇၀၀၀ သို့ အနည်းငယ်မြင့်တက်ခဲ့သည်။ ကမ္ဘာ့ရွှေဈေးကွက်တွင် ဒီဇင်ဘာ ၁၂ ရက်က တစ်အောင်စလျှင် ၁၁၅၇ ဒေါ်လာရှိခဲ့ရာပြီး ဒီဇင်ဘာ ၁၆ ရက်တွင် အမေရိကန်ဒေါ်လာ ကျပ် ၁၁၃၀ သို့ကျဆင်းခဲ့သည်။ **မယ်သီတာ**

## Amara Investment Securities Co., Ltd က ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း လုပ်ကိုင်ခွင့်ရရှိ

Amara Investment Securities Co., Ltd. သည် ရန်ကုန်စတော့အိတ်ချိန်းတွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းအဖြစ် လုပ်ကိုင်ခွင့်လိုင်စင် (Underwriting License) ရရှိခဲ့ကြောင်း မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။ အမရ ရင်းနှီးမြှုပ်နှံမှုငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (Amara Investment Securities Co., Ltd.- AIS) သည် ယူနိုက်တက်အမရဘဏ်၏ လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်ပြီး ၂၀၁၅ခုနှစ် အောက်တိုဘာလအတွင်းက ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလုပ်ကိုင်ရန် ရွေးချယ်ထားသော ကုမ္ပဏီ ၁၀ ခုစာရင်းတွင် ပါဝင်ခဲ့သည့်ကုမ္ပဏီတစ်ခုဖြစ်သည်။

AIS သည် စတော့ရှယ်ယာရောင်းဝယ်သည့်စာရင်း ဖွင့်လှစ်ခြင်းနှင့် ဝန်ဆောင်မှုများကို မကြာမီစတင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Amara Investment Securities Co., Ltd. သည် ရန်ကုန်စတော့အိတ်ချိန်းတွင်ခြောက်ခုမြောက် ငွေချေးသက်သေခံလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသည့် Securities ကုမ္ပဏီတစ်ခု ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## Currency Exchange Rate

December 16, 2016
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.36 |
| BDT | Bangladesh Taka | 79.30 |
| CAD | Canada Dollars | 1.33 |
| CNY | China Yuan Renminbi | 6.95 |
| EUR | Euro | 0.96 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 67.85 |
| I DR | Indonesia Rupiahs | 13423.00 |
| JPY | Japan Yen | 118.13 |
| MYR | Malaysia | 4.46 |
| PKR | Pakistan Rupees | 104.81 |
| PHP | Philippines Pesos | 49.92 |
| RUB | Russia Rubles | 61.59 |
| SGD | Singapore Dollars | 1.44 |
| KRW | South Korea Won | 1184.16 |
| LKR | Sri Lanka Rupe | 148.79 |
| THB | Thailand Baht | 35.79 |
| GBP | United Kingdom Pounds | 0.81 |
| VND | VietnamDon | 22753.13 |

*Source:xe.com*

## World Gold Price

December, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 12 | 1155 | 1156 | 1156 |
| 13 | 1158 | 1160 | 1160 |
| 14 | 1161 | 1161 | 1160 |
| 15 | 1140 | 1141 | 1141 |
| 16 | 1127 | 1128 | 1128 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 12-12-2016 | 857.50 | 856.50 |
| 13-12-2016 | 858.00 | 857.60 |
| 14-12-2016 | 858.50 | 858.30 |
| 15-12-2016 | 859.00 | 859.00 |
| 16-12-2016 | 859.00 | 859.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဒီဇင်ဘာလ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 12 | 6 .91 | 35.68 | 79.78 | 67.59 |
| 13 | 6. 90 | 35.59 | 79.22 | 67.50 |
| 14 | 6 91 | 35.59 | 78.85 | 67.53 |
| 15 | 6 .91 | 35.58 | 79.46 | 67.45 |
| 16 | 6.95 | 35.79 | 79.30 | 67.85 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 12- December | 16.79 | 2708.61 | 1779.46 | 5906.88 | 913.00 |
| 13- December | 17.02 | 2737.95 | 1764.67 | 5794.66 | 927.00 |
| 14- December | 17.06 | 2757.44 | 1761.54 | 5763.07 | 937.00 |
| 15- December | 16.69 | 2849.50 | 1778.56 | 5828.70 | 926.00 |
| 16- December | 16.02 | 2846.14 | 1776.54 | 5809.66 | 904.00 |

Source:kitco.com

## Energy NYMEX 16-12-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 51.21 | 0.31 | 0.61 |
| Brent Crude Futr (USD/bbl) | 54.29 | 0.27 | 0.50 |
| Gasoline Rbob Fut (Cent/gal) | 154.38 | 0.17 | 0.11 |
| Natural Gas Futr (USD/MMBtu) | 3.42 | -0.01 | -0.38 |
| Heating Oil Futr (Cent/gal) | 165.13 | 0.93 | 0.57 |

## ဘိလပ်မြေ

### ပင်လယ်ရေကြောင်းလမ်းမှ ဘိလပ်မြေတန်ချိန် ၂၀၀၀၀ ကျော်ဝင်

ဒီဇင်ဘာ၄ရက်မှ၁၀ရက်အထိသီတင်းပတ်အတွင်း ကန်ဒေါ်လာ၁၇၃၇၅၅၂ တန်ဖိုးရှိ ဘိလပ်မြေ၂၀၀၀၆ ဒသမ ၉၉၅ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၁၉၈၇၇ဒသမ၈၀တန်၊ မလေးရှားမှ ၉၀ဒသမ ၉၂၅တန်၊ စင်ကာပူမှ ၂၆ဒသမ ၂၀၅တန်၊ တရုတ်နိုင်ငံမှ ၆ဒသမ ၅၃တန်နဲ့ ကိုရီးယားမှ ၅ ဒသမ ၅၃၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ အများဆုံး တင်သွင်းခဲ့ပြီး ဒုတိယအများဆုံးက မလေးရှားမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ထိုင်းနိုင်ငံဘက်မှ ဆင်တံဆိပ်အများဆုံးတင်သွင်းခဲ့ပြီး တခြားတံဆိပ်အနည်းငယ်သာ အဝင်ရှိခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၁၅၀၄၀ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၄၉၆၀ ကျော်အဝင်ပိုခဲ့ တယ်လို့ သိရပါတယ်။



### ဘိလပ်မြေဈေးကွက်အရောင်းပုံမှန်ရှိ

ဒီဇင်ဘာ ၄ ရက်မှ ၁၀ ရက် အထိ သီတင်းပတ်မှာ ပြည်တွင်းသို့ ရေလမ်းမှ ဘိလပ်မြေအဝင်တန်ချိန်၂၀၀၀၀ကျော်ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဝင်ရောက်ခဲ့တဲ့ တန်ချိန် ၁၅၀၄၀ကျော်နဲ့နှိုင်းယှဉ်ပါက တန်ချိန် ၄၉၆၀ ကျော် အဝင်ပိုခဲ့ပါတယ်။ ဒီတစ်ပတ် နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ တန်ချိန် ၂၁၈၂၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၄၅၁၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၆၉၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင် ဈေးကွက်မှာ** ဘိလပ်မြေအရောင်းအဝယ်ပုံမှန်ရှိသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ကျပ်၅၂၆၀၊ ကြံ့ (မြိုင်ကလေး) ကျပ်၄၆၅၀၊ စိန်(ထိုင်း) ကျပ်၅၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက် ပစ္စည်းရောင်းဝယ်ရေး ဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဈေးအနည်းငယ်မြင့်ကာ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ စိန်နဲ့ ဆင်က ကျပ် ၁၀၀၊ကမ္ဘောဇက ကျပ် ၂၀၀ ဈေးမြင့်ခဲ့ပြီး၊ ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၆၄၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၂၀၀၊ ကမ္ဘောဇ ကျပ် ၄၂၀၀၊ နဂါး ကျပ် ၄၅၀၀၊ ဆင်(ထိုင်း) ကျပ်၆၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီရက်ပိုင်း ရာသီဥတုသာယာလာတာကြောင့် အရောင်းအဝယ်ပုံမှန်ရှိပြီး ဆင် ကျပ် ၄၀၀၊ကြံ့ ကျပ်၂၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ အပါချီ ကျပ်၄၅၀၀၊ ဆင်(ထိုင်း) ကျပ်၆၄၀၀၊ ကြံ့ ၄၅၅၀ကျပ်၊ မြင်းခေါင်း ကျပ်၄၀၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

### နိုင်ငံစုံမှမြေသြဇာတန်ချိန်၁၂၀၀၀နီးပါးတင်သွင်း

နိုဝင်ဘာ ၄ ရက် မှ ၁၀ ရက်အထိ ရက်သတ္တပတ်အတွင်း ကန်ဒေါ်လာ ၂၃၃၇၀၇၅ တန်ဖိုးရှိ မြေသြဇာ ၁၁၈၃၅ ဒသမ ၈၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကနေဒါနိုင်ငံမှ ၁၅၁၇ ဒသမ ၅၀ တန်၊ တရုတ်နိုင်ငံမှ ၇၄၅၇ ဒသမ ၀၂တန်၊ ပြင်သစ်နိုင်ငံမှ သုည ဒသမ ၀၀၅ တန်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၇၅၀၊ ဂျပန်နိုင်ငံမှ ၂၇ တန်၊ ရုရှားနိုင်ငံမှ ၁၀၉၁ ဒသမ ၂၂ တန်၊ စင်ကာပူနိုင်ငံမှ တန်ချိန် ၃၀၀၊ ထိုင်းနိုင်ငံမှ ၆၉၃ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ သုည ဒသမ ၀၉၅ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယမ်းဆာလဖိတ်၊ ရွှေနဂါး တော့(ပ်)ဝမ်း မြေသြဇာ၊ ကွန်ပေါင်း၊ ပိုတက်ဆီယမ်ဆာလဖိတ်၊ ရွှေမြေသီး၊ ကယ်လ်ဆီယမ်၊ ယူရီးယားစတဲ့ အမျိုးအစား များဖြစ်ပါတယ်။ ယခင်သီတင်းပတ် တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၁၈၇၀၀ ကျော်နဲ့နှိုင်းယှဉ်ရင်တန်ချိန် ၆၉၀၀နီးပါး တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### မကွေးနဲ့ တောင်ကြီးဓာတ်မြေသြဇာဈေးကွက် အရောင်းပုံမှန်ရှိ

ဒီဇင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေသြဇာတန်ချိန် ၁၁၈၃၀ ကျော်အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တန်ချိန် ၁၈၇၆၀ ကျော်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၆၉၀၀ ကျော် တင်သွင်းမှု လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခု တစ်ပတ် မြေသြဇာ အဝင်မှာ တန်ချိန် ၁၃၀၆၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၉၀၈၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၉၇၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းရော နယ်စပ်လမ်းမှပါ မြေသြဇာ အဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် ဆောင်းသီးနှံအတွက် အဆွဲနည်းသွားတာကြောင့် အရောင်းအဝယ်အေးလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အရောင်းအေးသလို မြေသြဇာဈေးများက ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၁၁၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၅၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၂၉၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၁၂၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၀၀၀နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** အရောင်းအဝယ်သွက်ပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်) ကျပ် ၂၁၅၀၀ ၊ ယူရီးယား ( ရွှေတောင်-တရုတ်) ကျပ် ၂၁၅၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၂၀၀၀၀၊ ပိုတက်(အိန္ဒိယ) ကျပ် ၂၃၀၀၀၊ ကွန်ပေါင်း ၁၅း၁၅း၁၅ ကျပ် ၃၇၈၀၀ ဈေးရှိတယ်လို့ မြေသြဇာ အရောင်းဆိုင်မှစုံစမ်းသိရှိ ရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ကြက်သွန်ဖြူစိုက်ခင်းအတွက် တီစူပါ ၁၅ ပတ်လည်သာ အရောင်းပုံမှန်ရှိပြီး ကျန်မြေသြဇာများက အရောင်းအေး တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယားနဲ့ ခတ်ဆားက ကျပ်၅၀၀၊ ဈေးကျပြီး တီစူပါ၂၀%က ကျပ်၇၀၀၊ ပိုတက်က ကျပ်၅၀၀၊ မြားကမ္ဘာက ကျပ်၅၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၁၃၀၀ ၊ ယူရီးယား(ရွှေတောင်-တရုတ်)ကျပ် ၂၁၃၀၀ ၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၁၈၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၃၀၀၀ ၊ ပိုးသတ်ဆေး ကျပ်၁၉၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၆၅၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ်၁၆၀၀၀၊ ခတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၁၉၀၀၀ ၊ မြားကမ္ဘာ ကျပ် ၁၆၀၀၀ ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ရာသီသီးနှံအတွက် အဝယ်ရှိတာကြောင့် အရောင်း ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အာမိုက ကျပ် ၂၀၀ ဈေးကျပြီး ယူရီးယားကျပ်၁၅၀၀ဈေးမြင့်ကာကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ ၁၂း၁၃(အပြာ) ကျပ် ၁၆၀၀၀၊ ဆင်၁၀း၁၀း၅ ကျပ်၁၅၂၀၀၊ သီးစုံ (ဝါစိမ်းပြာ)ကျပ် ၁၅၅၀၀၊ အာမို ၁၅ပတ်လည် ကျပ် ၃၅၃၀၀၊ အာမို ၁၆း၆း၈ကျပ် ၃၃၃၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်)ကျပ် ၂၁၃၀၀၊ ယူရီးယား(ရွှေတောင်-တရုတ်)ကျပ် ၂၃၁၀၀၊ အာမို၁၀း၁၀း၅ ကျပ် ၁၆၃၀၀၊ အောင်ကမ္ဘာ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ်၁၈၇၀၀၊ တောင်သူမ ကျပ်၁၅၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ /နို့မှုန့်

### ဒီတစ်ပတ် နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့

ဒီဇင်ဘာ ၄ရက်မှ ၁၀ ရက် အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၃၈၈၈၇ တန်ဖိုးရှိ နို့ဆီ ၃၅၇ ဒသမ ၁၄၈ တန်ကိုပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားမှ ၁၁၆ ဒသမ ၃၇၅ တန် နဲ့ စင်ကာပူမှ ၂၄၀ ဒသမ ၇၇၃ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ်များမှာ တီးပေါ့နဲ့ ဒွန်းနို့ဆီတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ် တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၁၁၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၄၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ ဩစတြေးလျမှ ၉ဒသမ ၅၄တန်၊ မလေးရှားမှ ၃၉ ဒသမ ၄၉၆ တန်၊ နယူးဇီလန်မှ ၁၀၀ ဒသမ ၈၀ တန်၊ စင်ကာပူမှ ၂ဒသမ ၉၈၇ တန်၊ ဗီယက်နမ်မှ ၂၀ဒသမ၂၅ တန်၊ စုစုပေါင်း ၁၇၃ ဒသမ ၀၇၃ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်သွင်းခဲ့တဲ့ နို့မှုန့် တန်ချိန် ၂၃၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၆၀နီးပါး တင်သွင်းမှုပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်စခန်းဖြစ်တဲ့မြဝတီ ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂၉၉၇၄ တန်ဖိုးရှိ နို့ဆီ/နို့စိမ်း တန်ချိန်၃၂၀တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၁၂ မှ ၉/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၆/၁၁ မှ ၂/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၆၀.၀၀ | ၆၆၀.၅၀ | (+) | ၉၀.၅၀ |
| ၂။ | လွယ်ဂျယ် | ၆၁၅.၀၀ | ၆၆၈.၀၀ | (-) | ၅၃.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၃၂၀၁.၀၀ | ၃၈၁၅.၅၀ | (-) | ၆၁၄.၅၀ |
| ၅။ | တာချီလိတ် | ၈၀၀၀.၀၀ | ၇၆၁၀.၀၀ | (+) | ၃၉၀.၀၀ |
| ၆။ | မြဝတီ | ၇၁၁.၆၇ | ၅၈၈.၅၀ | (+) | ၁၂၃.၁၇ |
| ၇။ | ကော့သောင်း | ၉၀၉၅.၀၀ | ၈၄၉၈.၉၀ | (+) | ၅၉၆.၁၀ |
| ၈။ | မြိတ် | ၁၃၀.၀၀ | ၃၂၇၂.၅၀ | (-) | ၃၁၄၂.၅၀ |
| | စုစုပေါင်း | ၂၁၈၂၈.၆၇ | ၂၄၅၁၉.၉၀ | (-) | ၂၆၉၁.၂၃ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၁၂ မှ ၉/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၆/၁၁ မှ ၂/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၉၁၉၉.၂၇၀ | ၁၈၆၇.၂၇၀ | (+) | ၇၃၃၂.၀၀ |
| ၂။ | လွယ်ဂျယ် | ၂၉.၀၀၀ | ၁၄၅.၅၀၀ | (-) | ၁၁၆.၅၀ |
| ၃။ | ချင်းရွှေဟော် | ၁၆၈၁.၀၀၀ | ၉၂၄.၀၀၀ | (+) | ၇၅၇.၀၀ |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | မြဝတီ | ၁၂၅၄.၆၀၀ | ၁၃၉၈.၅၀၀ | (-) | ၁၄၃.၉၀ |
| ၆။ | ကော့သောင်း | - | ၂၅၀၀.၀၀၀ | (-) | ၂၅၀၀.၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၉၀၀.၀၀၀ | ၂၂၅၀.၀၀၀ | (-) | ၁၃၅၀.၀၀ |
| | စုစုပေါင်း | ၁၃၀၆၃.၈၇ | ၉၀၈၅.၂၇ | (+) | ၃၉၇၈.၆၀ |

ခင်မိုးသူ

# နှမ်း

## တရုတ်နယ်စပ်ရော ထိုင်းနယ်စပ်မှပါ နှမ်းတင်ပို့

မြန်မာ - တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာ ၃ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ဒသမ ၅၇၂သန်း တန်ဖိုးရှိနှမ်းရောင်စုံ ၁၈၃၇ တန်ကျော် တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နှမ်းအမျိုးအစားကတော့ နှမ်းဖြူ ၂၆၉ တန်ကျော်နဲ့ နှမ်းနက် ၁၅၆၇ တန်ကျော် ဖြစ်ပါတယ်။ ယခင် သီတင်းပတ်က ချင်းရွှေဟော်မှ နှမ်းဖြူနဲ့ နှမ်းနက် ၂၉၁၉ တန်ကျော် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်မှာ နှမ်းတန်ချိန် ၁၀၈၂ တန်လျော့နည်း တင်ပို့ခဲ့တာတွေ့ရပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်ကတော့ အမေရိကန်ဒေါ်လာ ၂၁၉၅၂တန်ဖိုးရှိနှမ်းနက် ၁၅ တန်ကျော် တင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ နိုဝင်ဘာနောက်ဆုံးပတ်က နှမ်းဖြူတစ်တန်ကို ၁၃၂၃၀၇၇ ကျပ်ရှိရာမှ ဒီဇင်ဘာ ပထမပတ်တွင် ၁၃၂၈၁၈၅ ကျပ်သို့လည်းကောင်း၊ နှမ်းနက်တစ်တန် ၂၄၇၆၉၂၃ ကျပ်မှ ၂၄၈၆၄၈၆ ကျပ်သို့ လည်းကောင်း အသီးသီးဈေးမြင့်တက်ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

♦

# စားအုန်းဆီ



## ရင်းဂစ်တန်ဖိုးကျဆင်းမှုနှင့် ပို့ကုန်ကိန်းဂဏန်းများ မြင့်တက်မှုကြောင့် မလေးရှားစားအုန်းဆီဈေးမြင့်တက်

မလေးရှားနိုင်ငံက ထုတ်ပြန်ခဲ့သော စားအုန်းဆီ ထုတ်လုပ်မှုနှင့် ပို့ကုန်ကိန်းဂဏန်းများက မလေးရှား စားအုန်းဆီဈေးကွက်အပေါ် ယုံကြည်မှုကို မြင့်တက်စေခဲ့သည့် အတွက် ဒီဇင်ဘာ ၁၅ရက်တွင် မလေးရှားနိုင်ငံ၏စားအုန်းဆီကြိုရောင်းကြိုဝယ်ဈေးမှာ ဒုတိယမြောက်နေ့အဖြစ် ဆက်လက်မြင့်တက်ခဲ့ကြောင်း ဘီရီကော်ဒါသတင်းတွင် ဖော်ပြသည်။

စားအုန်းဆီကို အရောင်းအဝယ်ပြုရာတွင် အသုံးပြုသော ရင်းဂစ်ငွေကြေးတန်ဖိုး ကျဆင်းသည့်အတွက် နိုင်ငံခြားမှ စားအုန်းဆီ ဝယ်လက်များအတွက် စားအုန်းဆီ ဈေးနှုန်းက ဈေးသက်သာလျက်ရှိရာ စားအုန်းဆီ အရောင်းအဝယ်ဖြစ်အောင် အထောက်အကူ ဖြစ်စေခဲ့သည်။ ရင်းဂစ်ငွေကြေးတန်ဖိုးသည် ဒေါ်လာနှင့် ဖလှယ်ရာတွင် သုညဒသမ ၂ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် ဖေဖော်ဝါရီအတွက် စာချုပ်ချုပ်ဆိုသည့် စားအုန်းဆီ၏ အခြေခံစံထားဈေးနှုန်းမှာ သုညဒသမ ၉ရာခိုင်နှုန်း မြင့်တက်ပြီး တစ်တန်ကို ၃၁၂၅ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၇၀၃) နှုန်းရှိခဲ့သည်။ နံနက်ပိုင်းဈေးကွက်တွင် စားအုန်းဆီဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၁၄၁ ဒေါ်လာနှုန်းထိ ရောက်ရှိခဲ့ရာ ဒီဇင်ဘာ ၇ရက် နောက်ပိုင်း အမြင့်ဆုံးဈေးနှုန်း ဖြစ်ခဲ့သည်။

ဒီဇင်ဘာ ၁၄ ရက်က စုစုပေါင်း ရောင်းချရသော စားအုန်းဆီ ပမာဏမှာ ၂၅တန်ရှိ အတွဲပေါင်း ၄၂၉၀၀ ရှိခဲ့သည့်အတွက် ၂၀၁၅ခုနှစ်အတွင်း တစ်နေ့ပျမ်းမျှ ရောင်းချနှုန်းဖြစ်သော ၄၄၆၀၀ တွဲအောက် အနည်းငယ် ကျဆင်းခဲ့သည်။

“ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုးကျဆင်းမှုကြောင့်လည်း စားအုန်းဆီဈေးနှုန်းကို မြင့်တက်စေခဲ့ပါတယ်”ဟု ကြိုရောင်းကြိုဝယ်လုပ်သူကုန်သည်တစ်ဦးက ပြောသည်။ မလေးရှား စားအုန်းဆီထုတ်လုပ်မှုမှာ ခန့်မှန်းထားသည်ထက် ပိုမိုများပြားမည်ဟုဈေးကွက်က ခန့်မှန်းထားသော်လည်း မလေးရှား စားအုန်းဆီဘုတ်အဖွဲ့ (MPOB)က ထုတ်ပြန်သော စာရင်းများအရ ကျဆင်းနေသော သိုလှောင်လက်ကျန် အခြေအနေကလည်း ဈေးကွက်ကို အထောက်အကူဖြစ်စေခဲ့ကြောင်း အခြားကုန်သည်တစ်ဦးက ပြောသည်။

“လက်ငင်းဈေးကွက်မှာ ဈေးနှုန်းမြင့်တက်တာကိုကြည့်ရခြင်းဖြင့် ဈေးကွက်မှာ ရောင်းလိုအား ကျဆင်းနေတာကို ပြသနေပါတယ်”ဟု သူက ပြောသည်။

နိုဝင်ဘာလအတွက် ထုတ်ပြန်သော စာရင်းဇယားကိန်းဂဏန်း အချက်အလက်များအရ စားအုန်းဆီ ထုတ်လုပ်မှုမှာ ခန့်မှန်းထားသည်ထက် ကျဆင်းကာ တန်ချိန် ၁ဒသမ ၅၇ သန်းအထိ ရောက်ရှိခဲ့သည့်အတွက် ၆ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

စားအုန်းဆီ တင်ပို့မှုမှာ တန်ချိန် ၁ဒသမ ၃၇ သန်းအထိ ရောက်ရှိခဲ့သည့်အတွက် ၄ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ သို့သော်လည်း ရိုက်တာသတင်းဌာနက စစ်တမ်းကောက်ယူချက်အရ ၁၀ ရာခိုင်နှုန်း ကျဆင်းမည်ဟု ခန့်မှန်းထားရာ ရိုက်တာသတင်းဌာန၏ ခန့်မှန်းချက်ထက် ကျဆင်းမှု သက်သာသည်ကို တွေ့ရသည်။

စားအုန်းဆီနှင့်အလားတူ စားသုံးဆီ တစ်မျိုးဖြစ်သော ပဲပုပ်ဆီ၏ ဇန်နဝါရီအတွက် ကြိုတင်စာချုပ် ရောင်းချဈေးမှာ အမေရိကန်ပြည်ထောင်စု ချီကာဂို ကုန်သွယ်မှု ဘုတ်အဖွဲ့တွင် သုညဒသမ ၃ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် မေလအတွက် ကြိုတင်စာချုပ် ရောင်းချသော ပဲပုပ်ဆီဈေးမှာ သုည ဒသမ ၇ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ပဲပုပ်ဆီနှင့် စားအုန်းဆီတို့မှာ ကမ္ဘာ့စားသုံးဆီ ဈေးကွက်တွင် ပြိုင်ဖက်သီးနှံများ ဖြစ်သည့်အတွက် စားအုန်းဆီဈေးနှုန်းနှင့် ပဲပုပ်ဆီဈေးနှုန်းတို့သည် အပြန်အလှန် ဆက်နွယ်မှု ရှိတတ်သည်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၁၆-၁၂-၂၀၁၆) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၅၀ | ၂၁၅၀ | △ |
| ရန်ကုန် | ၃၈၀၀ | ၃၈၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၂၀ | ၂၀၀၀ | △ |
| မန္တလေး | ၃၀၀၀ | ၃၅၀၀ | △ | ၃၀၀၀ | ၃၀၀၀ | □ | ၂၀၆၀ | ၂၁၀၀ | △ |
| ပဲခူး | ၃၈၀၀ | ၃၈၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၂၀၀၀ | ၂၀၅၀ | △ |
| မကွေး | ၃၄၀၀ | ၄၀၀၀ | △ | ၃၃၀၀ | ၃၅၀၀ | △ | ၁၈၅၀ | ၁၉၀၀ | △ |
| မုံရွာ | ၃၆၀၀ | ၃၆၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၂၀၆၀ | ၂၁၀၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt*




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၆-၁၂-၂၀၁၆ US$/Ton

| အမျိုးအစား | ဒီဇင်ဘာပထမပတ် | ဒီဇင်ဘာဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၇၃၃.၅၀ | ၇၃၄.၀၀ | △ |
| RBD P.Olein | ၇၂၆.၅၀ | ၇၃၆.၀၀ | △ |
| RBD P.Strarin | ၇၂၆.၀၀ | ၇၃၇.၅၀ | △ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၆- ၁၂ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၇၈၄.၃၁ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၄.၄၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၉၂ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၁၀.၀၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%)/612 | ၈၆.၄၃ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၅.၇၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၉ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၉၅၂.၃၇၃ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၆-၁၂-၂၀၁၆နေ့ (CIF ဈေး Cloud Point 8 ˚C Max ၈၀၀ ဒေါ်လာနှင့် USD ဈေး ၁၃၆၅ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၆-၁၂-၂၀၁၆ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# yJrsKd;pHkwifydkU@ wdk;wufyg;ovm;

| မျိုးသူ(ကုန်သွယ်မြှင့်) |

မြန်မာနိုင်ငံသည် ဆန်စပါးကို ပြည်တွင်းဖူလုံစေရန်ဟု ဆိုကာ ပြည်ပတင်ပို့မှုကို ထိန်းချုပ်ခဲ့သော် လည်း ပဲမျိုးစုံတင်ပို့မှုကို ၁၉၆၂ ခုနှစ် မတိုင်မီ နှင့် ၁၉၈၈ခုနှစ် နောက်ပိုင်းမှ စတင်ကာသက်ဆိုင်သည့် ကုန်သည်လောကမှ ပြည်ပသို့တင်ပို့နိုင်ခဲ့ပါသည်။ သို့ဖြစ်ရာ ယခုခေတ် ကုန်သည်များနှင့်ပြည်ပ တင်ပို့သည့် ကုမ္ပဏီများသည် ပြည်ပတင်ပို့သည့် အတွေ့အကြုံကို နှစ်ပေါင်းနှစ်ဆယ်ခန့်ရရှိပြီဟု ပြောနိုင်ပါသည်။ သို့ရာတွင် ပဲမျိုးစုံ တင်ပို့မှုသည် ထိုအချိန်မှ ယခုအထိ မည်မျှတိုးတက်လာပါသနည်း။ မြန်မာ့ပဲမျိုးစုံကို ဒုတိယ ကမ္ဘာစစ် မတိုင်မီ ၁၉၂၁ခုနှစ်မှ လွတ်လပ်ရေးရပြီးစ တိုင်းပြည် မတည်ငြိမ်သေးသည့် ၁၉၅၉အထိ တင်ပို့မှု၊ ၁၉၆၀-၁၉၆၁ မှ ၁၉၈၈-၁၉၈၉ အထိ တင်ပို့မှု၊ ယင်းနောက်ပိုင်း တပ်မတော်အစိုးရ လက်ထက် ၁၉၈၉မှ ၂၀၁၀အထိ မြန်မာ့ပဲမျိုးစုံ တင်ပို့မှုများနှင့် ယနေ့ခေတ် ၂၀၁၀နောက်ပိုင်း ၂၀၁၅ အထိ တင်ပို့မှုများကို နှိုင်းယှဉ် တင်ပြထားပါသည်။




၁၉၂၁-၁၉၂၂မှ ၁၉၅၉အထိ တင်ပို့မှုများကို လေ့လာမည်ဆိုလျှင် စစ်မဖြစ်မီက ပဲမျိုးစုံ တင်ပို့မှုသည် တန်ချိန် တစ်သိန်းပတ်ဝန်းကျင်တွင်သာ ရှိပါသည်။ အသေးစိတ်ပြောရမည်ဆိုပါက ၁၉၂၄-၂၅ မှ ၁၉၂၇-၂၈အထိ လေးနှစ်တာ ကာလအတွင်း တန်တစ်သိန်းအောက်သာ တင်ပို့နိုင်ခဲ့ပါသည်။ ၁၉၂၉-၁၉၃၀ခုနှစ်နှင့် ၁၉၃၀-၁၉၃၁ခုနှစ်တွင် လည်းကောင်း၊ ၁၉၃၃-၃၄နှင့် ၁၉၃၄-၃၅တွင်လည်း မတင်ပို့နိုင်ခဲ့ပါ၊ ၁၉၃၇-၃၈နှင့် ၁၉၃၈ -၃၉ ခုနှစ်တို့ တွင်လည်း တစ်သိန်းအောက်သာ တင်ပို့နိုင်ခဲ့ပါသည်။ ၁၉၄၀-၄၁ ခုနှစ်တွင်လည်း တန်ချိန် ၉၀၀၀၀ သာတင်ပို့နိုင်ပြီး နောက် ၁၉၄၁ခုနှစ်မှစ၍ ဒုတိယကမ္ဘာစစ်ဖြစ်ပွားခဲ့သဖြင့် မတင်ပို့နိုင်တော့ပါ။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားသည့် ၁၉၄၁ နှစ်မှစ၍ တင်ပို့ခြင်းမပြုနိုင်ခဲ့သည့်အပြင် လွတ်လပ်ရေးရရှိပြီးသော်လည်း ပြည်တွင်းသောင်း ကျန်မှုများကြောင့် ၁၉၅၉ ခုနှစ်အထိလည်း တင်ပို့ခြင်းမပြုနိုင်ခဲ့ပေ။ အဆိုပါ နှစ်ပေါင်းသုံးဆယ်ကျော် ကာလအတွင်း တန်ချိန်တစ်သိန်း အောက် တင်ပို့သော နှစ်များသာ ပိုမိုများပြားခဲ့ပါသည်။ ဆိုလိုသည်မှာ နှစ်ပေါင်းများစွာအတွင်း ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု မတိုးတက်သကဲ့သို့ တင်ပို့မှုလည်း တိုးတက်မလာသည်ကို ဖော်ပြနေကြောင်း ပြောလိုခြင်း ဖြစ်ပါသည်။




လွတ်လပ်ရေးရပြီးနောက်တွင်လည်း ပြည်တွင်းမတည်ငြိမ်မှုများကြောင့် မြန်မာ့ပဲမျိုးစုံကို ၁၉၆၀ခုနှစ် တွင်မှ ပြန်လည် တင်ပို့နိုင်ခဲ့ကြောင်းတွေ့ရပါသည်။ အဆိုပါ နှစ်တွင် တန်ချိန် ၁၅၄၀၀၀ အထိ တင်ပို့နိုင်ခဲ့သည်ကို တွေ့ရပါသည်။ ထိုကဲ့သို့တန်ချိန်တစ်သိန်း ကျော်အောင် တင်ပို့နိုင်ခြင်းသည် တစ်နှစ်အတွင်း စိုက်ပျိုးထုတ်လုပ်ခဲ့သည့် အရေအတွက် သာမက ယခင်နှစ် နှစ်ဟောင်းလက်ကျန်များလည်း ပါဝင်ဖွယ် ရှိပါသည်။ သို့ရာတွင် ၁၉၆၀ မှ ၁၉၆၃ ခုနှစ်အထိ သုံးနှစ်တိုင်တိုင် တန်ချိန်တစ်သိန်း ကျော် တစ်သိန်းခွဲခန့်အထိ တင်ပို့နိုင်ခဲ့ပါသည်။ ထိုအချိန်ကာလမှာ ပါလီမန်ခေတ် ကုန်ဆုံးချိန် ဖြစ်ပါသည်။ ထို့ နောက်ပိုင်း ၁၉၆၂ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်သည့် တပ်မတော်မှ အာဏာသိမ်းပြီး တော်လှန်ရေးကောင်စီ အဖြစ် အုပ်ချုပ်သည့်ကာလတွင် ပုဂ္ဂလိကပိုင်လုပ်ငန်းများကို ပြည်သူပိုင်သိမ်းခဲ့ပါသည်။ ၁၉၆၃-၁၉၆၄ ခုနှစ်တွင် တန်ချိန် ၈၄၀၀၀ သို့ ကျဆင်းခဲ့ပြီး၊ ၁၉၆၄-၁၉၆၅တွင် တန်ချိန် တစ်သိန်းခုနစ်သောင်းကျော် ပြန်လည်တင်ပို့နိုင်ခဲ့ပါသည်။ သို့ရာတွင် အဆိုပါနှစ် နောက်ပိုင်းတွင် ပဲတင်ပို့မှုသည် တန်ချိန် တစ်သိန်း အောက်သာတင်ပို့နိုင်ခဲ့ပါသည်။ သို့ရာတွင် ၁၉၇၃ခုနှစ်မှ ၁၉၇၉အ ထိခြောက်နှစ်မှာ အနိမ့်ဆုံးတင်ပို့နိုင်ခဲ့ပြီး၊ တန်ချိန် ၂၀၀၀၀-၃၀၀၀၀ ပတ်ဝန်းကျင်သာ တင်ပို့နိုင်ကြောင်း တွေ့ရ ပါသည်။ ၁၉၆၂ခုနှစ်တွင် တပ်မတော်မှ အာဏာသိမ်းပြီး နောက် တော်လှန်ရေးကောင်စီမှ ပုဂ္ဂလိကပိုင်များကို ပြည်သူပိုင်သိမ်းခဲ့ပြီး အစိုးရကဦးဆောင်ကာ စီးပွားရေးလုပ်ငန်းများကို ကော်ပိုရေးရှင်းများ အသွင်ဖွဲ့စည်းဆောင်ရွက်ခဲ့သကဲ့သို့ ပြည်ပသို့ ပဲတင်ပို့မှုကိုလည်း ပြုလုပ်ခဲ့ပါသည်။ ဆိုရှယ်လစ် စီးပွားရေးစနစ်ကို ကျင့်သုံးပြီး၊ ကုန်သွယ်ရေးလုပ်ငန်းများက ပဲမျိုးစုံ တင်ပို့မှုကို ဆက်လက်လုပ်ကိုင် ခဲ့ပါသည်။ ၁၉၇၀ခုနှစ်ခန့်တွင် ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ်(၁)၊ နောင်တွင် လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေ ထွက်ကုန်ပစ္စည်း ကုန်သွယ်ရေး ကော်ပိုရေးရှင်း မှတင်ပို့ခဲ့ပါသည်။ ၁၉၆၄ -၁၉၆၅ တွင် တန်ချိန် ၁ ဒသမ ၇၆သိန်းတန် တင်ပို့ခဲ့ပြီး နောက်ပိုင်းတွင် တန်ချိန် တစ်သိန်းအောက်သာ တင်ပို့နိုင်ခဲ့ပြီး၊ ၁၉၈၂-၁၉၈၃ တွင် တန်ချိန်တစ်သိန်းသုံးထောင်တင်ပို့မှု တစ်နှစ်သာ ဆိုရှယ်လစ်ခေတ် တွင်တင်ပို့နိုင်ခဲ့ပါသည်။ ဝယ်ယူရေး စနစ်မှာ တောင်သူထံမှ တိုက် ရိုက်ဝယ်ယူခဲ့ပြီး၊ ပဲမျိုးစုံ ဆိုသော်လည်း အမျိုးအစား ရွေးချယ်တင်ပို့ မှုမျိုးသာရှိခဲ့ပါသည်။ အများဆုံး တင်ပို့ခဲ့သော ပဲမှာ မတ်ပဲ ဖြစ်သည်။ ဆိုရှယ်လစ်ခေတ်တွင် ခေတ်မီ ပဲခွဲစက်ကို သမိုင်းလမ်းဆုံတွင် တည်ဆောက်ခဲ့ပါသည်။ သို့ရာတွင် နိုင်ငံစီးပွားရေးကျဆင်းပြီး နိုင်ငံရေး မတည်ငြိမ်မှုများ ပေါ်ပေါက်လာကာ အဆိုပါနှစ်တွင် နိုင်ငံတော်တစ်ခုလုံး အရေးအခင်းများ ဖြစ်ပွားခဲ့ပြီး၊ တပ်မတော်မှ အာဏာသိမ်းခဲ့ပါသည်။ သို့ဖြစ်၍ နိုင်ငံရေး မတည်မငြိမ်မှုများ၏ အကျိုးဆက်အဖြစ် ၁၉၈၈-၁၉၈၉တွင် ပဲမျိုးစုံ တန်ချိန် ၁၈၀၀၀ ကျော်သာ တင်ပို့ခဲ့ပါသည်။




၁၉၈၈ခုနှစ်တွင်တပ်မတော်မှ အာဏာသိမ်းပြီးနောက် ဆိုရှယ်လစ် စီးပွားရေးစနစ်အစား ဈေးကွက်စီးပွားရေးစနစ်ဖြင့် နိုင်ငံစီးပွားရေးကို တည်ဆောက်မည်ဟု တပ်မတော်အစိုးရက စီးပွားရေးဦးတည်ချက်များထုတ်ပြန်ကာ နိုင်ငံ၏ စီးပွားရေးကို ဈေးကွက်စီးပွားရေး စနစ်ဖြင့် ဆောင်ရွက်ရန် မူဝါဒ ချမှတ်ခဲ့ပါသည်။ သို့ရာတွင် စီးပွားရေး လုပ်ငန်းအများစုကို အစိုးရက ချုပ်ကိုင်ထား ပြီး ဗဟိုဦးစီး စနစ်ဖြင့်သာ ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ပဲမျိုးစုံ တင်ပို့မှုကိုလည်း ၂၀၀၁ နှင့် ၂၀၀၂ ခုနှစ် အထိ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဌာန ( ယခင် လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးကော်ပိုရေးရှင်း၊ ကုန်သွယ်/လယ်ယာ) မှ တင်ပို့ခဲ့ပါသည်။ ကုန်သည် များထံမှ ဝယ်ယူပြီး ဌာနမှ တင်ပို့သည့် စနစ်ကို ၁၉၉၈ခန့်အထိလည်းကောင်း ၁၉၉၉ ခုနှစ်မှ စတင်ပြီး တောင်သူ များထံသို့ကြိုတင်ငွေပေးပြီး ဝယ်ယူသည့်စနစ်ကို ၂၀၀၂ခုနှစ်အထိလည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ သို့ရာတွင် အောင်မြင်မှု မရရှိဘဲ၊ မပီပြင်သော ဈေးကွက်စီးပွားရေး စနစ်သာ ဖြစ်ခဲ့ပါသည်။ မူဝါဒမှားယွင်းမှုကြောင့် တောင်သူများ သို့ပေးအပ်ခဲ့သည့် ကြိုတင်ငွေများမှာ အကြွေးများအဖြစ် အများအပြား ကျန်ရှိနေခဲ့ပါသည်။ သို့သော် ပဲတင်ပို့မှု အပိုင်းတွင် လွတ်လပ်မှု အထိုက်အလျောက် ရှိသဖြင့် ပဲမျိုးစုံတင်ပို့မှုသည် တန်ချိန်တစ်သိန်း အထက်တွင်သာ ရှိခဲ့ပြီး ၁၉၉၅-၁၉၉၆ခုနှစ်တွင် တန်ချိန်ငါးသိန်း ကျော်အထိ တိုးတက်ခဲ့ပါသည်။ တောင်သူများတွင်လည်း အထက်အညာမှ တောင်သူများ အကျိုး ဖြစ်ထွန်းမှု များပြားလာခဲ့ ပါသည်။ မြန်မာပြည်အောက်ပိုင်းတွင်လည်း မတ်ပဲနှင့် ပဲတီစိမ်းတို့ကိုစပါးအပြီး သီးထပ်ဆောင်းသီးနှံအဖြစ် စိုက်ပျိုးမှု များပြားလာခဲ့ကာ နှစ်သီး စိုက်နိုင်သော တောင်သူများ အကျိုးဖြစ်ထွန်းခဲ့ပါသည်။ ၂၀၀၀ခုနှစ်တွင် တောင်သူများထံမှ ကြိုတင်ငွေပေးကာ ပဲမျိုးစုံဝယ်ယူခြင်း ဆောင်ရွက်ခဲ့သော်လည်း၊ပြင်ပဈေးနှင့်ကွာခြားသဖြင့်အောင်မြင်စွာ ဝယ်ယူခြင်းမရှိခဲ့သော်လည်း၊ပြည်ပသို့တင်ပို့နိုင်မှုမှာ တန်ချိန်တစ်သန်းအထိ ရောက်ရှိလာခဲ့ပါသည်။ ၂၀၀၃ခုနှစ်တွင် ဆန်စပါးမူဝါဒကို ပြောင်းလဲခဲ့ပါသည်။ အစိုးရအနေဖြင့် တောင်သူထံမှ တိုက်ရိုက်ဝယ်ယူခြင်းကို ရပ်ဆိုင်းကြောင်း၊ ကုန်သည်လုပ်ငန်းရှင်များ အနေဖြင့် ဆောင်ရွက်နိုင်ကြောင်းကြေညာခဲ့ပါသည်။ ဆန်စပါး ဝယ်ယူသည့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးဌာန ကိုလည်း အင်အားလျှော့ချခြင်း၊ ဌာနပိုင်ဆန်စက်ကြီးများ၊ ဖွဲနုဆီစက်များ၊ သိုလှောင်ရုံများကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့အပ်နှံကာ ရောင်းချ ရှင်းလင်းခဲ့ပါသည်။ ၂၀၀၅ ခုနှစ်မှ စတင်ကာ ဝန်ထမ်းများသို့ဆန်ရောင်းချပေးမှုကိုရပ်ဆိုင်းခဲ့ပါ သည်။ အဆိုပါ ဆန်စပါးမူဝါဒနှင့်အတူ ပဲမျိုးစုံတင်ပို့မှုကိုလည်း ကုန်သည်များကသာ ဆောင်ရွက်စေခဲ့ပါသည်။ မည်သို့ပင် ဖြစ်စေကာမူ ပဲမျိုးစုံ တင်ပို့မှုသည် တပ်မတော်အစိုးရ လက်ထက်တွင် ပိုမိုတင်ပို့နိုင်ခဲ့သည်ကို တွေ့ရသည်။ အဓိကအားဖြင့် အိန္ဒိယနိုင်ငံ၏ ဝယ်လိုအား မြင့်တက်ခဲ့ခြင်းက ပဲမျိုးစုံကဏ္ဍကို တိုးတက်မြှင့်တင်ပေးခဲ့ကြောင်းတွေ့နိုင်ပါသည်။ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် တန်ချိန်တစ်သန်းကျော် တင်ပို့နိုင်ခဲ့ပြီး၊ နောက်ပိုင်းတွင် နှစ်စဉ်လိုလို တန်ချိန် တစ်သန်းကျော် တင်ပို့နိုင်ခဲ့သော်လည်း ၂၀၀၅ -၂၀၀၆ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ ဝယ်ဈေးကျဆင်းသဖြင့် တန်ချိန်တစ်သန်းအောက်သို့ ရောက်ရှိခဲ့ပါသည်။ ပဲကုန်သည်လောကထဲတွင် လည်း လိမ်လည်မှုကြီး ဖြစ်ပေါ်ခဲ့ပါ သည်။ ထို့နောက် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် တန်ချိန်၁ ဒသမ ၂၇၆ သန်း၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် တန်ချိန် ၁ ဒသမ၃၄၇ သန်း၊ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် တန်ချိန် ၁ဒသမ ၅၅၈ သန်း၊ နှင့် ၂၀၀၉-၂၀၁၀ ခုနှစ်တွင် တန်ချိန် ၁ဒသမ ၂၈၇ သန်း စသည်ဖြင့် အများဆုံး တင်ပို့နိုင်ခဲ့ပါသည်။ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် တင် ပို့နိုင်မှုသည် နှစ်ပေါင်း ၉၅နှစ် အတွင်း အများ ဆုံးတင်ပို့နိုင်ခြင်း ဖြစ်ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**



## တရုတ်နိုင်ငံတွင် အဆင့်မြင့်ဇိမ်ခံကားများအပေါ် အခွန်နှုန်းတိုးမြှင့်စည်းကြပ်

တရုတ်နိုင်ငံတွင် လေထုညစ်ညမ်းမှု တားဆီးလျှော့ချနိုင်ရန်နှင့် အပိုသုံးစွဲမှုအား နှိမ်နင်းနိုင်စေရန် ကြိုးစားမှုအဖြစ် ယွမ်တန်ဖိုး ၁ ဒသမ ၃ သန်းထက်ပိုသော အဆင့်မြင့်ဇိမ်ခံကားများအပေါ်တွင် အခွန် ၁၀ ရာခိုင်နှုန်း ထပ်မံစည်းကြပ်သွားမည်ဖြစ်သည်။ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ထုတ်ပြန်ချက်အရ ဆင်ခြင်တုံတရားဖြင့် အမြော်အမြင်ရှိရှိသုံးစွဲနိုင်ရန် ရည်ရွယ်၍ အခွန်နှုန်းအသစ် အား ဒီဇင်ဘာလ ၁ ရက်က Farrari ကားအမျိုးအစားကဲ့သို့ အဆင့်မြင့်ဇိမ်ခံကားများအပေါ်တွင် စတင်ကောက်ခံရန် စည်းမျဉ်းအသစ်ရေးဆွဲခဲ့သည်။

တရုတ်အစိုးရသည် ယခင်ကတည်းကပင် တရုတ်နိုင်ငံသို့ တင်သွင်းသော မော်တော်ယာဉ်များအပေါ် အခွန် ၂၅ ရာခိုင်နှုန်း ကောက်ခံခဲ့သည်။ တရုတ်နိုင်ငံအတွင်း Lamborghini နှင့် Porsche အမျိုးအစား ကဲ့သို့သော အနောက်နိုင်ငံ၏ ကုမ္ပဏီများမှ ၎င်းတို့၏ ပြိုင်ကားများ ကမ်းလှမ်းရောင်းချမှု တိုးမြှင့်လာခဲ့ကြပြီး၊ တရုတ်နိုင်ငံမှာ ကမ္ဘာတွင်ဇိမ်ခံကားအများဆုံးအသုံးပြုသော နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေါင်ကောင်မြို့**

## ယခုနှစ်အတွင်း တောင်ကိုရီးယား ထိပ်တန်းစီးပွားရေး လုပ်ငန်းကြီးများတွင် အလုပ်အကိုင်တစ်သိန်းကျော်ခန့် ဆုံးရှုံး

ယခုနှစ်အတွင်း တောင်ကိုရီးယား ထိပ်တန်းစီးပွားရေးလုပ်ငန်းကြီး ၃၀ သည် အလုပ်သမား ၁၄၀၀၀၀ ခန့်အား လျှော့ချခဲ့ပါသည်။ လက်ရှိဖြစ်ပွားနေသော နိုင်ငံရေးအခြေအနေများကြောင့် စီးပွားရေးအခြေအနေများ အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိလာနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်း များ ပိုမိုလျော့ကျလာနိုင်ကြောင်း ခန့်မှန်းကြသည်။ တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းကုမ္ပဏီကြီးအတော်များများသည် အလုပ်သမားလျှော့ချခဲ့သည်ကို တွေ့ရှိရသည်။ နိုင်ငံ၏ အကြီးမားဆုံး စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် Samsung Group သည် ဝန်ထမ်းအများဆုံးလျှော့ချခဲ့သည်ကို တွေ့ရသည်။ Samsung Group လုပ်ငန်းအုပ်စုဝင်များဖြစ်သည့် Samsung Electronics အပါအဝင် ပတ်သက်ဆက်နွယ်လျက်ရှိသော ကုမ္ပဏီပေါင်း ၂၂ ခုတို့သည်လည်း အလုပ်သမားများစွာ လျှော့ချခဲ့ကြောင်း သိရှိရသည်။

စီးပွားရေးလုပ်ငန်းများသည် ဝန်ထမ်းများအား ဆန္ဒအလျောက် အလုပ်မှ နှုတ်ထွက်ခြင်းကို ခွင့်ပြုပေးခဲ့ကြပြီး အဓိကအားဖြင့် Samsung Group နှင့် ပတ်သက်ဆက်နွယ်လျက်ရှိသည့် လုပ်ငန်းကြီးများဖြစ်သည့် Samsung SDI, Samsung Electro-Mechanics, Samsung Engineering, Samsung Heavy Industries နှင့် Samsung C&T တို့သည် အလုပ်သမား လျှော့ချခြင်းအပါအဝင် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ၎င်းတို့၏ စီးပွားရေးကို ပြန်လည်တည်ဆောက်ကြသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် သင်္ဘောတည်ဆောက်သည့် သင်္ဘောကုမ္ပဏီကြီးများသည်လည်း အလုပ်သမားများ လျှော့ချခဲ့ပြီး ၎င်းတို့၏ ကုမ္ပဏီများကို ပြန်လည်ဖွဲ့စည်းခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၏ ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Hyundai Heavy Industries သည် Samsung Group ပြီးနောက် အလုပ်သမားလျှော့ချမှု အများဆုံး ကုမ္ပဏီဖြစ်ခဲ့သည်။ Daewoo Shipbuilding နှင့် Marine Engineering တို့သည်လည်း အလုပ်သမားငါးရာခိုင်နှုန်းခန့် လျှော့ချခဲ့ပြီး၊ Hanjin Group သင်္ဘောတည်ဆောက်ရေးလုပ်ငန်းသည်လည်း အလုပ်သမားများ လျှော့ချခဲ့သည်ကို တွေ့ရသည်။ သင်္ဘောအဆောက်အအုံ၊ သင်္ဘောတည်ဆောက်ခြင်းကဲ့သို့ စက်မှုလုပ်ငန်းနှင့် အပင်ထွက်ပစ္စည်းစက်ရုံတို့သည် လူအရေအတွက် အများအပြားဆုံးရှုံးခဲ့ရပြီး လုပ်သား ၈ ဒသမ ၈ ရာခိုင်နှုန်းအထိ လျှော့ချခဲ့သည်ကို တွေ့ရသည်။ LG သည် ထိပ်တန်းစီးပွားရေး လုပ်ငန်းကြီး ၃၀ ခုအနက် အလုပ်သမား ငှားရမ်းမှုအများဆုံးဖြစ်ပြီး လုပ်သား သုည ဒသမ ၇ ရာခိုင်နှုန်းမှ ၁၂၅၀၀၀ အထိ မြင့်တက်ခဲ့ပါသည်။ နွေရာသီတွင် အလုပ်သမားဆန္ဒပြမှု ဖြစ်ပွားခဲ့သော Hyundai Motor Group သည် လည်း အလုပ်သမား ၆၀၀ မှ ၁၅၄၀၀ အထိ ခန့်ထားမှုရှိခဲ့သည်။

နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် ယခုနှစ်တွင် ၂ ဒသမ ၈ ရာခိုင်နှုန်းအထိ ရောက်ရှိနိုင်သည်ဟု အစိုးရက ခန့်မှန်းခဲ့သော်လည်း စီးပွားရေးအခြေအနေသည် ခန့်မှန်းထားသည်ထက်ပိုမိုဆိုးရွားခဲ့သည်ကို တွေ့ရသည်။ နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ဖေဖော်ဝါရီလတွင် ၁၂ ဒသမ ၅ ရာခိုင်နှုန်းအထိရှိခဲ့ပြီး ၁၉၉၀ ခုနှစ် ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပွားသည့် ကာလများနှင့် အလားတူအခြေအနေကို ရင်ဆိုင်နေရသည်ဟု လေ့လာစောင့်ကြည့်သူများက သုံးသပ်ကြသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

### မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

## ထိုင်းနိုင်ငံ CP ကုမ္ပဏီနှင့် အမေရိကန်ကုမ္ပဏီတို့ ချိတ်ဆက်ဆောင်ရွက်

ထိုင်းနိုင်ငံရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သည့် CP ကုမ္ပဏီသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၈ ဘီလီယံတန်ဖိုးရှိစားသောက်ကုန်များကို အေးခဲအစားအစာများ ထုတ်လုပ်သည့် အမေရိကန် Bellsio Parent LLC ကုမ္ပဏီသို့ ထုတ်လုပ်ရောင်းချမည်ဖြစ်သည်။ အမေရိကန် Bellsio Group ကို ၁၉၉၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အေးခဲအစားအစာအမျိုးမျိုးကို ထုတ်လုပ်ဖြန့်ဖြူးသည့် တတိယအကြီးဆုံးလုပ်ငန်းတစ်ခုဖြစ်ပါသည်။

ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော နှစ်ဖက်သဘောတူညီချက်များ ပြင်ဆင်ခြင်း၊ နှစ်နိုင်ငံ၏ ဈေးကွက်အခြေအနေများကို လေ့လာခြင်းနှင့် အခြားလိုအပ်သော ဆောင်ရွက်မှုများကို ခြောက်လအတွင်း ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ပါသည်။ CP အနေဖြင့် ၎င်း၏ထုတ်ကုန်များကို အမေရိကန်နိုင်ငံတွင် အရေးပါသည့် လက်လီရောင်းချသူများနှင့်တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်းဖြစ်ပါသည်။

ယခုနှစ်၏ ပထမကိုးလအတွင်း စုစုပေါင်းဝင်ငွေဘတ် ၃၄၅ ဘီလီယံ ရရှိသဖြင့် ယမန်နှစ်နှင့်နှိုင်းယှဉ်ပါက ၁၁ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ အသားတင်အမြတ်သည်လည်း ယမန်နှစ်ထက် ၃၆ ရာခိုင်နှုန်းမြင့်တက်၍ ဘတ် ၁၃ ဘီလီယံရရှိခဲ့သည်။ နိုင်ငံခြားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပတင်ပို့မှုမှရငွေသည် စုစုပေါင်းဝင်ငွေ၏ ၆၈ ရာခိုင်နှုန်းရှိပြီး ပြည်တွင်းဈေးကွက်မှ ၃၂ ရာခိုင်နှုန်းရရှိပါသည်။

၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် CP ကုမ္ပဏီ၏ အစုရှယ်ယာတစ်ခုတန်ဖိုးသည် ဘတ် ၂၇ ဒသမ ၇၅ ဖြစ်၍ တစ်ဘတ်ကျဆင်းခဲ့ပြီး ယင်းနေ့တွင် အရောင်းအဝယ်ဖြစ်ခဲ့သည့် တန်ဖိုးမှာဘတ် ၃ ဒသမ ၂ ဘီလီယံဖြစ်ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## ထိုင်းနိုင်ငံမှ ဂျုံတင်သွင်းသူများသည် ပြည်တွင်းပြောင်းကိုလည်း ဝယ်ယူရမည်

ထိုင်းနိုင်ငံတွင် ပြည်တွင်းပြောင်းဈေးနှုန်း မြင့်တက်လာစေရန်အတွက် ပြည်ပမှ ဂျုံတင်သွင်းသူများသည် ပြည်တွင်းမှထွက်ရှိသည့် ပြောင်းများကိုလည်း ဝယ်ယူရမည်ဟု ထိုင်းအစိုးရအဖွဲ့က ဆုံးဖြတ်ခဲ့ပါသည်။

ပြည်ပမှ ဂျုံတင်သွင်းသူများသည် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်သည့် ပြောင်းကို တစ်ကီလိုဂရမ်လျှင် ရှစ်ဘတ်နှုန်းဖြင့် ဝယ်ယူရမည်ဖြစ်ကြောင်း၊ တိရစ္ဆာန်အစားအစာထုတ်လုပ်ရန်အတွက် ဂျုံတင်သွင်းမှုသည် ဌာနဆိုင်ရာ ခွင့်ပြုချက် ရရှိရန်လိုအပ်ကြောင်း၊ ယခင်က တိရစ္ဆာန်အစာ ထုတ်လုပ်မှုအတွက် ဈေးနှုန်းချိုသာသောပြောင်းကုန်ကြမ်းကို နှစ်သက်ကြသော်လည်း ယခုအချိန်တွင် ဈေးနှုန်းချိုသာသော ပြည်ပမှတင်သွင်းသည့် ဂျုံကိုပိုမိုအသုံးပြုလာကြောင်း၊ ကမ္ဘာ့စီးပွားရေး နှေးကွေးမှုကြောင့် ကမ္ဘာ့ဂျုံဈေးနှုန်းကျဆင်းခြင်းနှင့် ထိုင်းနိုင်ငံသို့ ပြည်ပမှ ဂျုံတင်သွင်းပါက အခွန်ကင်းလွတ်ခြင်းများကြောင့် ဂျုံကိုပိုမိုတင်သွင်းလာပြီး ပြည်တွင်းပြောင်းဈေးနှုန်းကို ထိခိုက်ကျဆင်းစေခဲ့သောကြောင့် ထိုင်းတောင်သူများ ထိခိုက်နစ်နာလျက်ရှိကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အကြံပေး မစ္စတာနတ်တာမွန်က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံတွင် ယမန်နှစ်က ဂျုံတင်သွင်းမှုတန်ချိန်စုစုပေါင်း ၃ ဒသမ ၉ သန်းရှိခဲ့ရာမှ ယခုနှစ်ပထမကိုးလတွင် ဂျုံတန်ချိန် ၂ ဒသမ ၇၇ သန်းတင်သွင်းခဲ့ပြီးဖြစ်ပါသည်။ ကမ္ဘာ့ဈေးကွက်တွင် ချီကာဂိုဂျုံသည် တစ်ကီလိုဂရမ်လျှင် ၅ ဒသမ ၃၂ ဘတ် ရှိသော်လည်း ထိုင်းဈေးကွက်တွင် အစိုဓာတ် ၁၄ ဒသမ ၅ ရာခိုင်နှုန်းရှိ ဂျုံတစ်ကီလိုဂရမ်လျှင် ခြောက်ဘတ်နှင့်ကိုးဘတ်ကြားတွင် ရှိပါသည်။

ထိုင်းနိုင်ငံတွင် ပြောင်းကိုဩဂုတ်လမှ ဒီဇင်ဘာလအထိ ထုတ်လုပ်၍ ယင်းကာလသည် ရောင်းလိုအား အလွန်မြင့်မားသည့်ကာလဖြစ်ပါသည်။ နိုဝင်ဘာလ တစ်လအတွင်း တိရစ္ဆာန်အစားအစာထုတ်လုပ်မှုအတွက် ပြောင်းဝယ်လိုအားသည် တန်ချိန် ငါးသိန်းရှိသော်လည်း ပြောင်းထုတ်လုပ်မှုသည် တန်ချိန် ၈ ဒသမ ၆၆ သိန်းရှိနိုင်ကြောင်းနှင့် ထုတ်လုပ်မှုပိုလျှံ၍ ပြည်တွင်း ပြောင်းဈေးနှုန်းသည် ဆက်လက်ကျဆင်းနိုင်ကြောင်း တွေ့ရှိပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## ရူပီး ၅၀ တန်နှင့် ၂၀တန် ငွေစက္ကူသစ်များ ထုတ်ဝေမည်ဖြစ်ကြောင်း အိန္ဒိယဗဟိုဘဏ်က ကြေညာ

အိန္ဒိယဗဟိုဘဏ်က ရူပီး ၅၀တန်နှင့် ၂၀ တန်ငွေစက္ကူသစ် ထုတ်ဝေမည်ဖြစ်ကြောင်း၊ ပုံစံဒီဇိုင်းနှင့် လုံခြုံရေးအမှတ်အသားများမှာ ယခင်ထုတ်ဝေခဲ့သည့်အတိုင်း အသုံးပြုထုတ်ဝေမည်ဖြစ်ကြောင်း၊ ငွေစက္ကူနံပါတ်အား ကိန်းဂဏန်းအရွယ်အစား ငယ်စဉ်ကြီးလိုက်ပုံစံဖြင့် ငွေစက္ကူမျက်နှာနှစ်ဖက်စလုံး၌ ထည့်သွင်းထုတ်ဝေမည်ဖြစ်ကြောင်း၊ ယခင်စောစောပိုင်းက ထုတ်ဝေခဲ့သည့် ၂၀၀၅ - မဟတ္တမဂန္ဒီစီးရီးတွင် ပါရှိသည့် ရုပ်လုံးကြွပုံစံ မပါရှိတော့ကြောင်း၊ ယခင်ထုတ်ဝေထား သည့် ရူပီး ၅၀ တန်နှင့် ၂၀ တန် ငွေစက္ကူများကိုလည်း ဆက်လက်သုံးစွဲခွင့်ပြုမည်ဖြစ်ကြောင်း အိန္ဒိယဗဟိုဘဏ်က ဒီဇင်ဘာလ ၄ ရက်တွင် ကြေညာခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

Vol: 16, No.48 Monday December 19 2016

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၉–၁၂–၂၀၁၆)

မြင့်ဆွေ

## မြင်းခြံဈေးကွက်မှ မန္တလေးသို့ ပဲတီစိမ်း ပုံမှန်တင်ပို့

ယခုတစ်ပတ်မြင်းခြံဈေးကွက်မှာ ပဲတီစိမ်းလုံးကြီးတစ်ပိသာကို ၁၀၂၅ ကျပ် (တစ်တန် ၆၂၇၇၀၀ ကျပ်)၊ ပဲတီစိမ်းလုံးသေး တစ်ပိသာကိုကျပ် ၉၀၀ (တစ်တန် ၅၅၁၁၅၁ ကျပ်)နဲ့ မန္တလေး တင်ပို့သူများက ပုံမှန်ဝယ်ယူခဲ့ပါတယ်။ ပဲစင်းငုံနီက တစ်ပိသာကို ကျပ် ၁၂၄၀ (တစ်တန် ၇၅၉၃၆၄ ကျပ်)နဲ့ ရန်ကုန်ဝယ်လက်များ ဝယ်ခဲ့သော်လည်း ရောင်းသူများကြိုက်ဈေးမရသဖြင့် အရောင်းအဝယ်အနည်းငယ်သာ ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း နှမ်းညို တစ်ပိသာ ကျပ် ၁၄၀၀(တစ်တန် ၈၅၇၃၄၆ ကျပ်)နဲ့ ဆီစက်လုပ်ငန်းရှင်များက ဈေးပေးဝယ်ယူခဲ့တာကြောင့် အရောင်းသွက်ခဲ့ပါတယ်။ ယခု တစ်ပတ်အတွင်း မြေပဲလုံးဆန်အနီ တစ်ပိသာကျပ် ၂၇၀၀ (တစ်တန် ၁၆၅၃၄၅၃ ကျပ်)နဲ့ ဈေးဖွင့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးကျပြီး ပဲလွန်းဖြူ အသစ်ဈေးကွက်ဖွင့်

ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးက ယခင်တစ်ပတ်ထက် တစ်ပိသာကျပ် ၅၀ ကျပြီး ကျပ် ၁၆၅၀ (တစ်တန် ၁၀၁၀၄၄၄ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ဆောင်းသီးနှံစိုက်တောင်သူများရဲ့ ရောင်းလိုအားကြောင့် တစ်နေ့အိတ် ၈၀၀ ကျော် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဟင်္သာတ ပတ်ဝန်းကျင်တစ်ဝိုက်မှ ပဲလွန်းဖြူ(အသစ်) ဈေးကွက်ထဲ အနည်း ငယ်ဝင်လာပြီး တစ်ပိသာ ၁၀၆၅ ကျပ်(တစ်တန် ၆၅၂၁၉၅ ကျပ်)နဲ့ ဈေးဖွင့်ရောင်းချခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးငြိမ်

တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးက ယခင်တစ်ပတ်ရောင်းဈေးအတိုင်း တစ်ပိသာကျပ် ၂၉၀ (တစ်တန် ၁၇၇၅၉၃ ကျပ်)နဲ့ တစ်ပတ်အတွင်း ပိသာချိန် ၃၀၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ရောင်းချတဲ့ကုန်သည်များက ယခုဈေးထက်တစ်ပိသာကို ငါးကျပ်ဈေးတင်ရောင်းခဲ့ပြီး ၂၉၅ ကျပ်နဲ့ခေါ် ရောင်းခဲ့ပေမယ့် အရောင်းအဝယ်အနည်းငယ်သာဖြစ်ခဲ့ပါတယ်။ တောင်ကြီးဈေးကွက်မှ ပြောင်းများကို အစာစပ်စက်ရုံများက အဓိကဝယ်ယူခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းအရောင်းတက်ပြီး ဈေးအနည်းငယ်ကျ

လားရှိုးပြောင်းဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိသာကို ကျပ် ၃၁၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ် ၃၀၀ (တစ်တန် ၁၈၃၇၁၇ ကျပ်)နဲ့ ဈေးအနည်းငယ်ကျခဲ့ပါတယ်။ ဈေးကွက်ထဲမှ ပြောင်းများကို မူဆယ်ကုန်သည်များက ဆက်လက်ဝယ်ယူခဲ့ပြီး ယခင်တစ်ပတ်ထက် ပိသာချိန် ၄၀၀၀၀၀ ကျော်ပိုပြီး ပိသာချိန် ၁၁၅၀၀၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ နှမ်းရောင်းစုံ ဈေးကျ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ နှမ်းရောင်စုံတို့ကျဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းနီတစ်ပိသာကို ကျပ် ၁၈၉၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ် ၁၈၂၅ (တစ်တန် ၁၁၁၇၆၁၂ ကျပ်) အထိ ဈေးကျခဲ့ပါတယ်။ နှမ်းနီကို မြို့ခံဆီစက်လုပ်ငန်းရှင်များကတစ်ပတ်အတွင်း အိတ် ၁၀၀၀ ခန့် ဝယ်ယူခဲ့ပါတယ်။ နှမ်းနက်က ယခင်တစ်ပတ်ထက် တစ်ပိသာကို ၄၅ ကျပ် ဈေးကျပြီး ၂၇၃၅ ကျပ် (တစ်တန် ၁၆၇၄၈၈၇ ကျပ်) နဲ့ တစ်ပတ်အတွင်း အိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က သိပ္ပံနှမ်းတစ်ပိသာကို ကျပ် ၃၂၇၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ် ၃၂၂၅ (တစ်တန် ၁၉၇၄၉၅၈ ကျပ်) အထိ ဈေးကျပြီး မန္တလေးကုန်သည်များက တစ်ပတ်အတွင်းအိတ် ၂၅၀၀ ကျော် ဝယ်ခဲ့ပါတယ်။ ပဲတီစိမ်းက ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိသာကျပ် ၁၅၀၀ (တစ်တန် ၉၁၈၅၈၅ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး မန္တလေးကုန်သည်များက ပစ္စည်းကောင်းသဖြင့်အရောင်းအဝယ်ပို ဖြစ်ခဲ့ပါတယ်။

ပဲကြီးဈေးကွက်မှာ ယခင်တစ်ပတ်ထက် တစ်ပိသာကို ကျပ် ၁၀၀ ဈေးပိုပြီး ကျပ် ၁၂၅၀ (တစ်တန် ၇၆၅၄၈၈ ကျပ်) နဲ့ ဒေသတွင်းကုန်သည်များက တစ်ဆင့်ပြန်ရောင်းရန် ဝယ်ယူခဲ့ပါတယ်။ ဆီစက်လုပ်ငန်းရှင်များက မြေပဲဆီဆန် တစ်ပိသာကို ယခင် တစ်ပတ်ထက် ၁၅ ကျပ် ပိုပြီး ၁၇၁၅ ကျပ် (တစ်တန် ၁၀၅၀၂၄၉) နဲ့ တစ်ပတ်အတွင်း အိတ် ၉၀၀ ခန့် ဝယ်ယူခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးတက်သလို ရောင်းအားလည်းမြင့်တက်

ယခင်တစ်ပတ်က မူဆယ်ဈေးကွက်မှာ ပြောင်း ၅၀ ကီလိုပါအိတ်တစ်အိတ်ကို ပစ္စည်းပေါ် မူတည်ပြီး ၆၆ ယွမ်မှ ၇၂ ယွမ် အကြား အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တရုတ်ကုန်သည်များအဝယ်များသဖြင့် ၆၉ ယွမ်မှ ၇၄ ယွမ် (တစ်တန် ၁၃၈၀ ယွမ်မှ ၁၄၈၀ ယွမ်) အကြားတက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်မူဆယ်မှ တစ်ဖက်နိုင်ငံသို့ ပြောင်းတန်ချိန် ၄၄၀၀၀ ကျော် တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်သို့ နှမ်းဖြူဝင်ရောက်လာပြီး ပဲတီစိမ်းဈေးတက်

ယခင်တစ်ပတ်မုံရွာ ဈေးကွက်မှာ ပဲတီစိမ်း တက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းဈေးကွက်မှာ ယခင်တစ်ပတ်ထက် တစ်ပိသာ ကို ၁၀၅ ကျပ် ဈေးပိုပြီး ၁၃၉၄ ကျပ် (တစ်တန် ၈၅၃၆၇၂ ကျပ်) နဲ့ ဈေးဖွင့်ခဲ့ပါတယ်။ မန္တလေးကုန်သည်များက တစ်ပတ်အတွင်း အိတ် ၁၀၀၀ ကျော် ဝယ်ယူခဲ့ပါတယ်။ မြေပဲလုံးဖြူ(အသစ်) ကယခင်တစ်ပတ်ထက် တစ်ပိသာ ၁၂၅ ကျပ်ဈေး ကျပြီး ကျပ် ၂၅၅၀ (တစ်တန် ၁၅၆၁၅၉၅ကျပ် ) နဲ့ ဝယ်လက်များက ဝယ်ယူခဲ့ပါတယ်။ ယခုတစ်ပတ်ဈေးကွက်ထဲကို ကုလားပဲ V2 တစ်ပိသာ ၂၈၉၅ ကျပ် (တစ်တန် ၁၇၇၂၈၆၉ ကျပ်)နဲ့ ဈေးဖွင့်ပြီး မန္တလေးကုန်သည်များက ဝယ်ယူခဲ့ပါတယ်။ ယခုလအတွင်း ပတ်ဝန်းကျင် နယ်တစ်ဝိုက်မှ နှမ်းဖြူအသစ်များ ဈေးကွက်ထဲဝင်လာပြီး နှမ်းဖြူအသစ်ထိပ်စ တစ်ပိသာကို ကျပ် ၂၁၀၀၀ နဲ့ (တစ်တန် ၁၂၈၆၀၁၉ ကျပ်) နဲ့ မြို့ခံ နှမ်းလှော်ကုန်သည်များက ဝယ်ယူခဲ့ပါတယ်။ နှမ်းဖြူအဟောင်းက တစ်ပိသာကို ကျပ် ၂၀၀၀ (တစ်တန် ၁၂၂၄၇၈၀ ကျပ်) ဈေးဖွင့်သော်လည်း လက်ကျန်နည်းပြီး အရည်အသွေး ညံ့တာကြောင့် အဝယ်မလိုက်ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်အတွင်း ဈေးကွက်ဝင်လာတဲ့ နှမ်းညိုက အရည်အသွေးကောင်းတာကြောင့် ဆီစက်လုပ်ငန်းရှင်များက တစ်ပိသာကို ကျပ် ၁၅၃၀ (တစ်တန် ၉၃၆၉၅၇ ကျပ်) ဈေးနဲ့ တစ်ပတ်အတွင်း အိတ် ၁၀၀၀ ကျော် ဝယ်ယူခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်သို့ ဘိုကိတ်ပဲ ဝင်ရောက်

ယခုလဆန်းတွင် ပြည်မြို့ ပတ်ဝန်းကျင်ဒေသအသီးသီးမှ ထွက်ရှိတဲ့ ဘိုကိတ်ပဲများ ဈေးကွက်အတွင်းသို့ ဝင်လာပြီး တစ်ပိသာ ကျပ် ၁၂၅၀ (တစ်တန် ၇၆၅၄၈၈ကျပ်) ဈေးနဲ့ ဒေသတွင်းကုန်သည်များက တစ်ပတ်အတွင်းအိတ် ၃၀၀ ခန့် ဝယ်ယူခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း မတ်ပဲတစ်ပိသာ ကျပ် ၁၆၇၀ (တစ်တန် ၁၀၂၂၆၉၁ ကျပ်) နဲ့ နေ့စဉ်အိတ် ၆၀ နီးပါးအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မန္တလေးကုန်သည်များက ပဲတီစိမ်း အသစ်တစ်ပိသာကို ကျပ် ၁၄၄၀ (တစ်တန် ၈၈၁၈၄၂ ကျပ်) နဲ့ နေ့စဉ်အိတ် ၂၀၀ ခန့် ဝယ်ယူခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း မြေပဲဆီ တစ်ပိသာကို ကျပ် ၃၄၀၀ မှ ၃၇၇၅ ကျပ်၊ နှမ်းဆီတစ်ပိသာကို ကျပ် ၃၄၀၀ မှ ၃၆၂၅ ကျပ် အကြား အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီ ဈေးကျပြီး ကုလားပဲဈေးတက်

ယခုတစ်ပတ် ပခုက္ကူ ဈေးကွက်မှာ ပဲစင်းငုံနီတစ်ပိသာကို ၅ ကျပ်ဈေးကျပြီး ကျပ် ၁၃၈၀ (တစ်တန် ၈၄၅၀၉၈ ကျပ်) နဲ့ ဈေးဖွင့်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိသာ ၂၅၃၅ ကျပ်နဲ့ ဈေးဖွင့်ခဲ့တဲ့ ကုလားပဲဝါက ယခုတစ်ပတ်မှာကျပ် ၂၈၄၀ ( တစ်တန် ၁၇၃၉၁၈၈ ကျပ်) ထိ ဈေးတက်ခဲ့ပါတယ်။ ယခုတစ်ပတ်ဈေးကွက်ထဲသို့ ကုလားပဲဝါ အဝင်နည်းတာကြောင့် ပဲခွဲစက်လုပ်ငန်းရှင်များက ဈေးမြင့်ဝယ်ယူခဲ့တယ်လို့ ဒေသခံကုန်သည်တစ်ဦးက ပြောပါတယ်။ ယခုတစ်ပတ်ဈေးကွက်အတွင်း ကုလားပဲဖြူ(လုံးကြီး) တစ်ပိသာကို ၂၈၁၅ ကျပ် (တစ်တန် ၁၇၂၃၈၇၈ ကျပ်)၊ နှမ်းနက် စမုံ တစ်ပိသာကို ၃၁၃၅ ကျပ် (တစ်တန် ၁၉၁၉၈၄ ကျပ်) နဲ့ ဈေးအသီးသီးဖွင့်ပြီး ရောင်းချခဲ့ပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာနှမ်းဖြူနဲ့ ပဲမျိုးစုံဈေးတက်

ယခုတစ်ပတ်မကွေးဈေးကွက်မှာ နှမ်းဖြူ တစ်ပိသာကို ၂၅ ကျပ်တက်ပြီး ၂၁၃၅ ကျပ် (တစ်တန် ၁၃၀၇၄၅၃ ကျပ်) နဲ့ ဈေးဖွင့်ခဲ့ပါတယ်။ နှမ်းနီက ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိသာ ကျပ် ၂၀၀၀ (တစ်တန် ၁၂၂၄၇၈၀ ကျပ်) နဲ့ ရောင်းချခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိသာကို ၃၂၄၅ ကျပ်ဈေးရပြီး ယခုတစ်ပတ်မှာ ၃၂၂၅ ကျပ် (တစ်တန် ၁၉၇၄၉၅၈ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ် ပတ်ဈေးကွက်အတွင်း နှမ်းရောင်စုံ အိတ် ၅၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံနီက ယခင်တစ်ပတ်ထက် တစ်ပိသာကျပ် ၅၀ ဈေးပိုပြီး ကျပ် ၁၄၀၀ (တစ်တန် ၈၅၇၃၄၆ ကျပ်) နဲ့ ဝယ်သူများဈေးဖွင့်ခဲ့ပါတယ်။ ကုလားပဲ (ဝါကြီး) က ယခင်တစ်ပတ်က တစ်ပိသာ ကျပ် ၂၃၅၀ နဲ့ ဈေးဖွင့်သော်လည်း ယခုတစ်ပတ်အတွင်း ပစ္စည်းအဝင်နည်းတာကြောင့် တစ်ပိသာ ကျပ် ၂၇၄၀ (တစ်တန် ၁၆၇၇၉၄၉ ကျပ်) အထိဈေးတက်ခဲ့ပါတယ်။ ပဲနောက်က ယခင်တစ်ပတ်ထက် တစ်ပတ်ထက် တစ်ပိ သာ ၅ ကျပ်ပိုပြီး ၁၁၃၅ ကျပ် (တစ်တန် ၆၉၅၀၆၃ ကျပ်) နဲ့ ဒေသတွင်းကုန်သည်များက ဝယ်ယူသွားခဲ့ကြပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ၊ ပဲဇီးကွက်နဲ့ ထောပတ်ပဲ ပုံမှန်ဈေးနဲ့ အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ရေစကြိုဈေးကွက်အတွင်းပဲဇီးကွက် တစ်ပိသာကို ၉၇၅ ကျပ် (တစ်တန် ၅၉၇၀၈၀ ကျပ်)၊ ထောပတ်ပဲ တစ်ပိသာကို ကျပ် ၇၁၀ (တစ်တန် ၄၃၄၇၉၇ ကျပ်) နဲ့ ယခင်တစ်ပတ်ဈေးအတိုင်း ဆက်ရောင်းခဲ့ပါတယ်။ ဈေးကွက်အတွင်း မြို့ခံကုန်သည်များက တစ်ဆင့်ပြန်ရောင်းရန်အတွက်သာ အရောင်းအဝယ် အနည်းငယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီတက်ဈေးရ

ယခုတစ်ပတ် ဘုရင့်နောင်ကုန်စည်ဒိုင်မှာ ပဲစင်းငုံနီနဲ့ မတ်ပဲ (FAQ )တို့တက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်တန်ကို ကျပ် ၈၃၀၀၀၀ မှ ယခုတစ်ပတ်မှာ ကျပ် ၈၈၀၀၀၀ ကျပ်၊ မတ်ပဲ (FQ) တစ်တန်ကို ယခင်တစ်ပတ်ကကျပ် ၁၁၁၅၀၀၀ မှ ယခုတစ်ပတ်မှာ ကျပ် ၁၁၅၅၀၀၀ နဲ့ အသီးသီးတက်ဈေးရခဲ့ပါတယ်။ မတ်ပဲ (FAQ) က ယခင်တစ်ပတ်က တစ်တန်ကို ကျပ် ၁၁၀၀၀၀၀ မှ ယခုတစ်ပတ်မှာ ကျပ် ၁၀၇၅၀၀၀ နဲ့ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။

# မန္တလေးမြို့ Mandalay Hill Resort Hotel ၌ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ(မူကြမ်း)ရေးဆွဲရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် United State Agency for International Development (USAID) တို့ ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဥပဒေ (မူကြမ်း) ရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို မန္တလေးမြို့ Mandalay Hill Resort Hotel မှာ ဒီဇင်ဘာ ၈ ရက်က ကျင်းပခဲ့ပါတယ်။ အဆိုပါ အခမ်းအနားသို့ စားသုံးသူရေးရာ ဦးစီးဌာနရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) နဲ့ အရာထမ်း၊ အမှုထမ်းများ၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေး တိုင်းဒေသကြီးမှ အရာထမ်း၊ အမှုထမ်းများ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ဆိုင်လုပ်ငန်းရှင်များအသင်းမှ စုစုပေါင်း အင်အား ၈၀ ဦး တက်ရောက်ခဲ့ကြပါတယ်။

အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) ဦးမြင့်လွင်က ယခင်ပြဋ္ဌာန်းခဲ့သော စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ (၂၀၁၄) ၏ အားနည်းချက် အားသာချက်များ ဖြည့်စွက်၊ ပြင်ဆင်၍ စားသုံးသူများအား ယခုထက် ပိုမိုကာကွယ်ပေးနိုင်ရန် ယခုကဲ့သို့ စားသုံးသူ ကာကွယ်ရေး ဥပဒေ (အသစ်)အား အစားထိုးပြင်ဆင်ရေးဆွဲရန် ပြင်ဆင်ရခြင်းဖြစ်ပါကြောင်း၊ ယခုဥပဒေသည် လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်း တစ်ခုအတွက် မဟုတ်ဘဲ တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူ၍ တက်ရောက်လာကြသူများမှ ပွင့်ပွင့်လင်းလင်း ပိုင်းဝန်း ဆွေးနွေးကြစေလိုပါကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ (မူကြမ်း)အား မန္တလေးမြို့၌ ချပြဆွေးနွေးပြီးပါက ဆက်လက်၍ အခြားမြို့ကြီးများ၌လည်း ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါတယ်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက စားသုံးသူကာကွယ်ရေးဥပဒေ (မူကြမ်း) ရေးဆွဲရေးနဲ့ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**မျိုးထွန်း (စားသုံးသူ မန္တလေး)**

# ဗီယက်နမ် ကုန်စည်ပြပွဲ ကျင်းပမည်

ဗီယက်နမ်ကုန်စည်ပြပွဲကို ဒီဇင်ဘာလ ၂၂ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့တပ်မတော်ခန်းမတွင် ကျင်းပမည်ဖြစ်ပြီး ပြပွဲတွင် အဆင့်မြင့် အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများ ပြသမည်ဖြစ်၍ နှစ်နိုင်ငံ ကုန်သွယ်နိုင်မည့်အခွင့်အလမ်းကောင်းများကိုတွေ့ရမည်ဖြစ်ကြောင်း အဆိုပါကုန်စည်ပြပွဲအကြို သတင်းစာရှင်းလင်းပွဲ၌ ဗီယက်နမ်သံရုံးမှ စီးပွားရေးကောင်စစ်ဝန် MRS. VO THE NGOC DIEP က ပြောကြားပါသည်။

မြန်မာနိုင်ငံသို့ ဗီယက်နမ်နိုင်ငံမှ လာရောက် ခင်းကျင်းပြသခဲ့သော ကုန်စည်ပြပွဲများအနက် ယခုနှစ် ပြသမည့် ကုန်စည်ပြပွဲသည် အကြီးကျယ်ဆုံးပွဲဖြစ်ပြီး ပြခန်းပေါင်း ၁၂၀ ကျော် ခင်းကျင်းပြသမည်ဖြစ်ပါသည်။ အဆိုပါ ပြပွဲတွင် ဗီယက်နမ်နိုင်ငံ၏ ကုန်ပစ္စည်း အမယ်သစ်များကိုလည်း ပြသမည် ဖြစ်ပါသည်။

ပြပွဲတွင် စားသောက်ကုန်နှင့် အဖျော်ယမကာများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ဆေးဝါးပစ္စည်းနှင့် အလှကုန်များ၊ စားသုံးကုန်များ၊ စက်ကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများ ပြသမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကုန်သွယ်မှု အခွင့်အလမ်းကောင်းများ ရရှိနိုင်သည့် ပြပွဲတစ်ခုဖြစ်ပါသည်။ စိတ်ပါဝင်စားသူများအနေဖြင့် ပြပွဲကာလအတွင်း နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ တပ်မတော်ခန်းမသို့ သွားရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရှိရပါသည်။

**MTC(Ygn)**

# အိမ်ရာဝယ်ယူမှုအပေါ် တရုတ်အစိုးရက တင်းကျပ်သည့်ကန့်သတ်ချက်များ ချမှတ်

ယခုနှစ်အစောပိုင်းမှ နိုဝင်ဘာအထိ တရုတ်ပြည်မကြီး၏မြို့ ၂၁ မြို့တွင် အိမ်ရာအသစ် ရောင်းချမှုများ ၂၂ရာခိုင်နှုန်းအထိကျဆင်းခဲ့သော်လည်း တရုတ်နိုင်ငံ၏ မြို့ အတော်များများရှိ မြူနီစီပယ်အစိုးရများ အထူးသဖြင့် ရှန်ဟဲ၊ တီယန်ကျင်းနှင့် ကျီနန်မြို့များတွင် အိမ်ရာရောင်းဝယ်မှုများအပေါ် ကန့်သတ်ချက်အသစ်များ ထုတ်ပြန်ခဲ့သည်။ ရှန်ဟဲတွင် ပထမဆုံးအကြိမ် အိမ်ရာ ဝယ်ယူသူများအတွက် ကနဦးငွေပေးချေမှု (down payment)မှာ ၃၀ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းအထိ ပေးချေရန် သတ်မှတ်ခဲ့သည်။

ဒုတိယအကြိမ်အိမ်ရာဝယ်ယူသူများ အနေဖြင့် ကနဦးငွေပေးချေမှုအဖြစ် ၅၀ ရာခိုင်နှုန်း ပေးချေရမည်ဖြစ် သည်။ နေထိုင်ရန်မဟုတ်ဘဲ စီးပွားဖြစ် အဆောက်အဦး၊ ရုံးခန်းဝယ်ယူမှုများအတွက် ၇၀ ရာခိုင်နှုန်းအထိ ကနဦး အနေဖြင့်ငွေပေးချေရန် သတ်မှတ်ခဲ့သည်။ ၎င်းအပြင် အိမ်ရာဈေးနှုန်းမှာ ဝယ်ယူသူဝင်ငွေ၏ ၄၀ရာခိုင်နှုန်းကျော်လွန်ခဲ့ပါက အပေါင်စာချုပ်ဖြင့် ငွေချေးယူခွင့်အား တားမြစ်ထားသည်။ ဒုတိယ အကြိမ် အိမ်ရာဝယ်ယူသူများအနေဖြင့် အစိုးရ၏အိမ်ရာရန်ပုံငွေမှ ချေးယူပါက ၁၀ရာခိုင်နှုန်းအတိုးပေးရမည်ဖြစ်ပြီး အများဆုံး ယွမ်တစ်သိန်းသာ ချေးယူ ခွင့်ပြုထားသည်။

တီယန်ကျင်းမြို့တွင်လည်း တင်းကျပ်သည့် ကန့်သတ်ချက်များ ချမှတ်ခဲ့ပြီး ပထမဆုံးအကြိမ် အိမ်ရာဝယ်ယူသူများအား ကနဦးပေးချေမှုမှာ ယခင် ၂၀ရာခိုင်နှုန်းမှ အနည်းဆုံး ၃၀ ရာခိုင်နှုန်းအထိနှင့် ဒုတိယအကြိမ် အိမ်ရာ ဝယ်ယူသူများအား ၄၀ရာခိုင်နှုန်းအထိ တိုးမြှင့်သတ်မှတ်ခဲ့သည်။ ရှန်တုန်းပြည်နယ် ကျီနန်းမြို့တွင် ဘဏ်များအား နိုဝင်ဘာလ ၂၈ ရက်မှ ၃၀ ရက်နေ့အထိ အပေါင်စာချုပ်ထုတ်ဝေမှုအား တားမြစ်ထားခဲ့သည်။

အိမ်ရာဈေးနှုန်းမြင့်တက်သည့် ဒေသများတွင် အပေါင်စာချုပ်ဖြင့် ချေးငှားမှုကို နောက်ထပ်မပြုလုပ်ရန် တရုတ်အစိုးရက ဗဟိုဘဏ်အား တင်းကျပ်သည့်မူဝါဒများ ချမှတ်ပေးပြီး အိမ်ခြံမြေဈေးနှုန်းဆက်လက်ကျဆင်းစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ၎င်းအပြင် အဓိကမြို့ကြီးများရှိ ငွေထုတ်ချေးသည့် လုပ်ငန်းများအား အိမ်ရာသစ်များအတွက် ချေးငွေထုတ်ချေးခြင်းအား ရပ်ဆိုင်းထားရန် ညွှန်ကြားခဲ့ကြောင်း သိရှိရပါသည်။

ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး
မြန်မာသံရုံး၊ ဟောင်ကောင်မြို့

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့တွင် Asia-Pacific Business Forum (APBF) ကျင်းပမည်

ထိုင်းနိုင်ငံဘန်ကောက်မြို့ရှိ ကုလသမဂ္ဂ၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင်(UNESCAP) နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သည်ကြီးများအသင်းတို့ ပူးပေါင်း၍ Asia-Pacific Business Forum (APBF) ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နှင့် ၉ ရက်တို့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါဖိုရမ်သည် အဓိကအရေးပါသည့် ဒေသတွင်းဆိုင်ရာ ဆွေးနွေးပွဲတစ်ခုဖြစ်ပြီး၊ ၂၀၁၄ ခုနှစ်မှ စတင်၍ အာရှ-ပစိဖိတ်ဒေသတွင် နှစ်စဉ်ကျင်းပပြုလုပ်နေသည့် ချိတ်ဆက်ဆောင်ရွက်မှုအစီအစဉ် တစ်ခုဖြစ်သည်။ ထို့ပြင် အဆိုပါဖိုရမ်မှတစ်ဆင့် ပုဂ္ဂလိကနှင့် ပြည်သူ့ကဏ္ဍရှိ အဆင့်မြင့်ပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များအကြား နှီးနှောဖလှယ်ပွဲများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ Asia-Pacific Business Forum (APBF)၏ ၂၀၁၇ ခုနှစ်အတွက် ခေါင်းစဉ်မှာ "Sustainable Development Through Regional Integration: The Role of Regional Business Networks"ဖြစ်သည်။ အဆိုပါဖိုရမ်နှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များအနေဖြင့် အသေးစိတ် သိရှိလိုပါက Mr. Masato Abe, apbf@un.org သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (ကုန်သွယ်ဖွံ့ဖြိုး)**

# ကျောက်မဲခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၆) ကျင်းပ

ကျောက်မဲခရိုင် စားသုံးသူရေးရာဦးစီးဌာန၏ ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၁၆) ကို ကျောက်မဲခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် နိုဝင်ဘာလ ၁၅ ရက်က ကျင်းပခဲ့ရာ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များနှင့် မိတ်ဖက်ဌာနများ၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံများအပါအဝင်စုစု ပေါင်း ၂၆ ဦးတက်ရောက်ခဲ့ပါသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကျောက်မဲခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင် အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယပြည်နယ် ဦးစီးမှူး ဦးဇော်မင်းသန်းက စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများနှင့် ဆက်လက် ဆောင်ရွက်မည့် ကိစ္စရပ်များ စသည်တို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ တက်ရောက်လာသော ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များမှ စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ ဈေးကွက်အတွင်း စစ်ဆေး တွေ့ရှိမှုများ၊ ဆောင်ရွက်သင့်သည့် အချက်များ စသည်တို့ကို စိတ်ပါဝင်စားစွာဖြင့် ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ချမှတ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**အောင်ကျော်မြင့် (လားရှိုး)**

# မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တွင် မော်တော်ဆိုင်ကယ် သွင်းကုန်လိုင်စင်များအား နေ့ချင်းပြီးဆောင်ရွက်

နယ်စပ်ဒေသများရှိ ကုန်သွယ်ရေးစခန်းများတွင် လိုင်စင်ခွင့်ပြု ပေးနိုင်မည့် ပို့ကုန်သွင်းကုန်အမယ်များ တိုးမြှင့်ခွင့်ပြုနိုင်ရန်၊ လက်ရှိခွင့်ပြုအမယ်များအပြင် ထပ်မံတိုးမြှင့်ခွင့် ပြုပေးနိုင်ရန်နှင့် ကုန်သွယ်ရေး စခန်းများအနေဖြင့် နိုင်ငံတော်စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်၊ ကုန်သွယ်မှုပမာဏမြင့်မားတိုးတက်အောင် ဆောင်ရွက်ရန်တို့အပြင် ကုန်သွယ်မှုမှာပါဝင်နေသော ဆက်စပ်ဌာနများအနေဖြင့် တက်ညီလက်ညီ ဆောင်ရွက်နိုင်ရန်၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရန်အတွက် လက်ရှိခွင့်ပြုပေးနေသည့် ပစ္စည်းများ အပြင် သတ်မှတ် လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီသော ပို့ကုန်သွင်းကုန် အမယ်များအား စိစစ်၍ စခန်းတာဝန်ခံများ၏ ခွင့်ပြုချက်များဖြင့် လိုင်စင်ခွင့်ပြု ထုတ်ပေးနိုင်ကြောင်း၊ ညွှန်ကြားထားချက်အရ တင်သွင်းခွင့်လျှောက်ထားမှုများကို လက်ခံစိစစ်ပြီး လိုင်စင်များ ထုတ်ပေးလျက် ရှိပါသည်။

နယ်စပ်ဒေသများရှိ အသေးစားလုပ်ငန်းရှင်များအား တရားဝင် ကုန်သွယ်မှု ဆောင်ရွက်လာစေရန် အားပေးသည့်အနေဖြင့်လည်း ပြည်တွင်း ဝယ်လိုအားရှိသည့် မော်တော်ဆိုင်ကယ် တင်သွင်းမှုနှင့် ပတ်သက်ပြီး တစ်ဖက်နိုင်ငံမှ မော်တော်ဆိုင်ကယ် တရားမဝင် သယ်ယူနေမှုများရှိနေ၍ တရားဝင်လမ်းကြောင်းမှ ဆောင်ရွက်လာနိုင်စေရန် (ITC) မှတ်ပုံတင်ကတ်ဖြင့် တင်သွင်းခွင့်ကို ဖြေလျှော့ခဲ့ပြီးဖြစ်ရာ ဒေသအတွင်း လုပ်သာကိုင်သာနှင့် တရားဝင်လမ်းပေါ်မှ ကုန်သွယ်မှုပြုကြပါက နိုင်ငံတော်အခွန် တိုးလာမည်ဖြစ်သလို VOT လည်း တိုးလာမှာဖြစ်ပြီး လူတန်းစားအလွှာ အသီးသီး၏ ရပ်တည်မှုများ၊ လူမှုဘဝများပါ တိုးတက်လာမှာ ဖြစ်ပါသည်။

ထို့အပြင် ဓာတ်မြေသြဇာ အမျိုးမျိုး၊ အပင်အမျိုးမျိုး၊ မျိုးစေ့များ၊ ပိုးသတ်ဆေးများအတွက် သက်ဆိုင်ရာဌာန၏ ထောက်ခံချက်များ ပါရှိခြင်းရှိ/မရှိ၊ စားသောက်ကုန် (အချိုမှုန့်၊ အချိုရည်၊ မုန့်မျိုးစုံ) များအား အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန (FDA) ၏ထောက်ခံချက်များ ပါရှိခြင်းရှိ/မရှိ၊ ဘီလပ်မြေများ တင်သွင်းရာတွင်လည်း သတ်မှတ်အချိုး၊ ခွင့်ပြုဈေးနှုန်းများ၊ အင်ဂျင်ဝိုင်အမျိုးမျိုး တင်သွင်းမှုတွင် စွမ်းအင်ဝန်ကြီးဌာနက ခွင့်ပြုသည့် ကုန်အမှတ် တံဆိပ် စသည်တို့ ကိုက်ညီမှုရှိ/မရှိ စိစစ်ခြင်း ပြုလုပ်ပြီး စခန်းတာဝန်ခံ၏ ခွင့်ပြုချက်ဖြင့် လိုင်စင်ခွင့်ပြုပေးခြင်းကို ဆောင်ရွက်ပေးလျက် ရှိပါသည်။ ဒေါ်လာ ၁၀၀၀ နှင့်အထက် လုပ်ငန်းခွင်သုံး စက်ပစ္စည်းများကိုလည်း ဒေါ်လာ ၁၅၀၀ အထိ တိုးမြှင့်ခွင့် ပြုပေးလျက်ရှိပြီး လုပ်ထုံးလုပ်နည်း ကိုက်ညီမှုရှိပါက EICC သို့ တင်ပြ၍ နယ်စခန်းများမှ လိုင်စင်ခွင့်ပြုပေးခြင်းကို ဆက်လက် ဆောင်ရွက်ပေးလျက် ရှိပါသည်။ ရုံးချုပ်၏ ညွှန်ကြားချက်အရ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှစ၍ မော်တော်ဆိုင်ကယ် တင်သွင်းခွင့် လျှောက်ထားမှုများကို အတည်ပြု ခွင့်ပြုဈေးနှုန်းများဖြင့် စိစစ်၍ လုပ်ထုံးလုပ်နည်း ကိုက်ညီမှုရှိပါက ရုံးချုပ် EICC သို့ တင်ပြ၍ စခန်းမှ လိုင်စင် ခွင့်ပြုထုတ်ပေးခဲ့ပါသည်။

ဆက်လက်၍ သက်ဆိုင်ရာစခန်းအသီးသီးမှ မော်တော် ဆိုင်ကယ် တင်သွင်းရာတွင် နယ်စခန်းများမှ အပတ်စဉ် ကျင်းပပြုလုပ်သည့် ဈေးနှုန်းအစည်းအဝေးများမှ ဈေးနှုန်းစုံစမ်းစိစစ်၍ အတည်ပြုသတ်မှတ် ဈေးနှုန်းများအရ လိုင်စင်ခွင့်ပြုပေးလျက်ရှိရာ လုပ်ငန်းပိုမိုမြန်ဆန်မှု ရှိစေရေးအတွက် နယ်စခန်းများမှ မော်တော် ဆိုင်ကယ် တင်သွင်းခြင်းအား ရုံးချုပ်သို့ တင်ပြခြင်းမပြုတော့ဘဲ သက်ဆိုင်ရာစခန်းတာဝန်ခံက တာဝန်ယူစိစစ်၍ သွင်းကုန်လိုင်စင် ခွင့်ပြုပေးသွားရန်၊ အလားတူ ရုံးချုပ်နှင့် ရန်ကုန်ပို့ကုန်/ သွင်းကုန်ရုံးတို့တွင်လည်း မော်တော်ဆိုင်ကယ် တင်သွင်းခွင့် လိုင်စင် လျှောက်ထားလာပါက အတည်ပြုဈေးနှုန်းများဖြင့် တစ်ပြေးညီ သွင်းကုန်လိုင်စင် ခွင့်ပြုပေးသွားရန် ဒီဇင်ဘာ ၅ ရက်က ထပ်မံ ညွှန်ကြားလာသဖြင့် မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တွင် မော်တော်ဆိုင်ကယ် တင်သွင်းခွင့် လျှောက်ထားလာပါက လက်ခံစိစစ်ပြီး နေ့ချင်းပြီး သွင်းကုန်လိုင်စင်များ ခွင့်ပြုထုတ်ပေးလျက် ရှိကြောင်း သိရှိရပါသည်။ **ခင်ကလျာဦး (မူဆယ်)**

# နိုဝင်ဘာတွင် ရိဒ်ကုန်သွယ်ရေးစခန်းမှ ယခင်နှစ်ကာလတူထက် ကုန်သွယ်မှုလေးဆကျော် မြင့်တက်

ရိဒ်ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာလအတွင်း ကုန်သွယ်ဆောင်ရွက်နိုင်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၆၉ သန်း ဆောင်ရွက်နိုင်သဖြင့် လျာထားချက်၏ ၈၉ ရာခိုင်နှုန်းကိုသာ ဆောင်ရွက်နိုင်ခဲ့သော်လည်း ယခင်နှစ်ကာလတူက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၅၉ သန်းသာ ရရှိခဲ့သဖြင့် ကာလတူခြင်း နှိုင်းယှဉ်ပါက ယခုနှစ်မှာ ကုန်သွယ်မှုပမာဏ လေးဆကျော် မြင့်တက်အောင် ဆောင်ရွက်နိုင်ခဲ့တယ်လို့ ရိဒ်ကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

ယခင်နှစ်ကာလတူထက် ကုန်သွယ်မှု ပိုမိုရခြင်းမှာ ပို့ကုန်ပိုင်းတွင် ဆေးရိုး၊ ဆေးရွက်ကြီးမှုန့်၊ မုန့်မျိုးစုံ တင်ပို့မှု လျော့နည်းခဲ့သော်လည်း လယ်ယာထွက်ကုန်ပစ္စည်းများ ဖြစ်တဲ့ ကွမ်းသီး၊ စက်မှုကုန်ချောပစ္စည်းများဖြစ်တဲ့ စီးကရက်၊ ပလပ်စတစ်အိတ်၊ အခြားစက်မှု ကုန်ချောပစ္စည်းများ ဖြစ်တဲ့ စောင်၊ မဝတ်တီရှပ်၊ မစီးဖိနပ်တို့ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ကာလတူ ထက် ပို့ကုန်ဆောင်ရွက်နိုင်မှု ပိုမိုခဲ့တာ ဖြစ်ပါတယ်။ သွင်းကုန်ပိုင်းတွင်လည်း ဓါတ်မြေသြဇာ (ပုလဲ)၊ (ပိုတက်)၊ လူသားဆံပင်၊ နိုင်လွန်ချည် တို့ကို ပိုမိုတင်သွင်းခဲ့သဖြင့် ယခင်နှစ်ကာလတူထက် ကုန်သွယ်မှု လေးဆကျော် ပိုမိုရခြင်း ဖြစ်တယ်လို့ သိရပါတယ်။

ရိဒ်ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာလတွင် ITC ကတ်ဖြင့် အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၅ သန်း တန်ဖိုးရှိ နိုင်လွန်ချည် ၁၃တန်ခွဲကို တင်သွင်းနိုင်တဲ့အပြင် လိုင်စင်မလိုဘဲ ဆောင်ရွက်နိုင်တဲ့ ပို့ကုန်ပစ္စည်းများဖြစ်တဲ့ ကွမ်းသီး၊ ဆေးရိုး၊ ဆေးရွက်ကြီးမှုန့်တို့ကို အမေရိကန်ဒေါ်လာ ၂ဒသမ ၀၀၉ သန်း တန်ဖိုးရှိ ကွမ်းသီး၊ ဆေးရိုး၊ ဆေးရွက်ကြီးမှုန့်တို့ကို တန်ချိန်အားဖြင့် ၂၅၉၄ ခန့် တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၁ သန်း တန်ဖိုးရှိ နိုင်လွန်ချည် ၃၇ ဒသမ ၈ တန်ခန့် ကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ကန်ပိုက်တီးရော၊ လွှယ်ဂျယ်မှပါ တစ်သျှူးငှက်ပျောတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ ကန်ပိုက်တီးနဲ့ လွှယ်ဂျယ် ကုန်သွယ်ရေးစခန်း နှစ်ခုမှ ဒီဇင်ဘာ ၃ရက်မှ ၉ရက် အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၇၂၈၂၈၂ တန်ဖိုးရှိ တစ်သျှူးငှက်ပျော ၅၅၉၄ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ ကန်ပိုက်တီးမှ တန် ၅၅၀၀ နဲ့ လွှယ်ဂျယ်မှ ၉၄ တန် ဖြစ်ပါတယ်။

ယခင်သီတင်းပတ်က ကန်ပိုက်တီးမှ တန်ချိန် ၁၃၅၀ သာ တင်ပို့ခဲ့လို့ ယခု တစ်ပတ် ၄၁၅၀ တန် ပိုမိုတင်ပို့နိုင်ခဲ့ပြီး လွှယ်ဂျယ်မှ ယခင်တစ်ပတ်က တင်ပို့မှု မရှိခဲ့ပါဘူး။

ကန်ပိုက်တီးမှာ တစ်သျှူးငှက်ပျော တစ်တန်ကို လိုင်စင်ဈေး အမေရိကန်ဒေါ်လာ ၃၀၇-၃၀၉ ခန့်ရှိပြီး၊ လွှယ်ဂျယ်မှာတော့ တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၀၀ ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေချို ငါးမြစ်ချင်းပိုမိုတင်ပို့

စစ်တွေကုန်သွယ်ရေးစခန်းအနေဖြင့် ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၉၇ သန်းတန်ဖိုးရှိ ရေချိုငါးမြစ်ချင်း ၈ တန်ခွဲကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၇ တန်သာ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ ၁ တန်ခွဲ ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ရေချိုငါးမြစ်ချင်းအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၄ သန်းတန်ဖိုးရှိ ငါးနီတူခြောက် ၉ တန်၊ အမေရိ ကန်ဒေါ်လာ သုညဒသမ ၀၀၈ သန်း တန်ဖိုးရှိ ငါးစုံလေးခြောက် ၁ ဒသမ ၃ တန်၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၈ သန်းတန်ဖိုးရှိ ငါးခေါင်းပွ ၅ တန်၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၃ သန်းတန်ဖိုးရှိ နန္ဒင်းတက် ၂ တန်၊ အမေရိကန် ဒေါ်လာ သုညဒသမ ၀၀၅ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်း ၃ တန်ခွဲနဲ့ အမေရိကန်ဒေါ်လာ သုညဒသမ ၀၃၆ သန်းတန်ဖိုးရှိ မန်ကျည်းစေ့၊ ဆီးယိုထုပ်၊ ဆီးဖက်၊ သစ်ခေါက်တို့ကို စုစုပေါင်း ၂၅၆ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# နိုဝင်ဘာလအတွင်း ကော့သောင်းကုန်သွယ်ရေးစခန်းမှ ပြည်ပပို့ကုန်လျာထားချက်ကျော်လွန်အောင် ဆောင်ရွက်

ကော့သောင်း ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာလအတွင်း ပို့ကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၂၇ သန်း ဆောင်ရွက်နိုင်သဖြင့် အနီးစပ်ဆုံးကာလဖြစ်တဲ့ အောက်တိုဘာလထက် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၆၉ သန်းနဲ့ ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၇၇ သန်း ပိုမိုဆောင်ရွက်နိုင်တဲ့အပြင် လျာထားချက်အပေါ် ၁၄၈ ဒသမ ၁၆ ရာခိုင်နှုန်းဆောင် ရွက်နိုင်ခဲ့တယ်လို့ သိရပါတယ်။

အနီးစပ်ဆုံးကာလနဲ့ရော ယမန်နှစ်ကာလတူထက်ပါ ပို့ကုန်တင်ပို့မှု ပိုမိုရခြင်းမှာ ကော့သောင်းဒေသ၏ အဓိက ပို့ကုန်ဖြစ်တဲ့ ရေထွက်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ခြင်းကြောင့် ဖြစ်ပြီး ကော့သောင်း ကုန်သွယ်ရေးစခန်းအနေဖြင့် ရေထွက်ပစ္စည်းများ မှန်မှန်ကန်ကန် တင်ပို့နိုင်ရေး၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနနဲ့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး၊ လစဉ်ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးများတွင် ကုန်သည် လုပ်ငန်းရှင်များအား ကုန်သွယ်မှု တိုးတက်ရေး ပူးပေါင်း ဆောင်ရွက်ရေးအတွက် စည်းရုံးခြင်းတို့ကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

ကော့သောင်း ကုန်သွယ်ရေးစခန်းရဲ့ နိုဝင်ဘာလအတွင်း အများဆုံးတင်ပို့ခဲ့တဲ့ ပို့ကုန်ပစ္စည်းများကတော့ ငါးမျိုးစုံ၊ ကင်းမွန်၊ ကဏန်း၊ အခြား ရေထွက်ပစ္စည်း၊ ပုစွန်၊ ရေဘဝဲ၊ ဆီအုန်းကြိတ်ဖတ်ကုန်ကြမ်း၊ အုန်းသီး (အခွံ) ပင်လယ် ငါးရှဥ့်တို့ ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# 2016 [illegible]

aumuaMumif



■ lu , jfymyef(MYANTRADE)

အိန္ဒိယနိုင်ငံဟာ လူဦးရေတိုးတက်လာတာနဲ့အမျှပဲမျိုးစုံစားသုံးဖို့လိုအပ်ချက်ကလည်း တစ်နှစ်ထက်တစ်နှစ် သိသိသာသာ မြင့်တက်နေတာဖြစ်ပါတယ်။ ပြည်တွင်းထုတ်လုပ်မှုက စားသုံးဖို့ မလုံလောက်တဲ့အတွက် ပဲစိုက်ပျိုးထုတ်လုပ်တဲ့ ပြည်ပနိုင်ငံတွေကနေ နှစ်ပေါင်းများစွာ တင်သွင်း လျက်ရှိရာ ကနေဒါ၊ ဩစတြေးလျ၊ မြန်မာ၊ ရုရှားနဲ့ အမေရိကန် ပြည်ထောင်စုစတဲ့ နိုင်ငံတွေက အဓိက တင်သွင်းပါတယ်။ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ကင်ညာ၊ တန်ဇန်းနီးယား၊ အီသီယိုးပီးယားနဲ့ ယူကရိန်းစတဲ့နိုင်ငံတွေက တင်သွင်းတာတွေလည်းရှိပါတယ်။ အိန္ဒိယနိုင်ငံဟာ ပဲမျိုးစုံကို စိုက်ပျိုး၊ ထုတ်လုပ်၊ စားသုံးတဲ့နိုင်ငံဖြစ်သလို ပဲမျိုးစုံကို တင်သွင်းမှုလည်းပြုလုပ်၊ ပြည်ပကိုပြန်လည် တင်ပို့မှုလည်း ပြုလုပ်နေတဲ့နိုင်ငံဖြစ်ပါတယ်။ ပြည်တွင်းမှာ စိုက်ပျိုးတဲ့ အဓိကပဲတွေကတော့ ကုလားပဲ၊ ပဲစင်းငုံ၊ မတ်ပဲနဲ့ ပဲတီစိမ်းတို့ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်၊ ကုန်သွယ်၊ စားသုံးမှု အခြေအနေကို အောက်ပါဇယားနဲ့ ဖော်ပြလိုက်ပါတယ်။

**အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံ ထုတ်လုပ်၊ ကုန်သွယ်၊ စားသုံးမှု**

တန်ချိန်သန်းပေါင်း

| အကြောင်းအရာ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ ** |
|---|---|---|
| ထုတ်လုပ်မှု | ၁၆.၄၇ * | ၁၇.၈၂ |
| တင်သွင်းမှု | ၅.၇၉ | ၄.၆၇ |
| ရရှိမှု | ၂၂.၂၆ | ၂၂.၄၉ |
| တင်ပို့မှု | ၀.၂၅ | ၀.၂၇ |
| ပြည်တွင်းစားသုံးမှုအတွက် စုစုပေါင်းရရှိမှု | ၂၂.၀၁ | ၂၂.၂၂ |

** ထုတ်လုပ်မှု တင်ပို့မှုနှင့် တင်သွင်းမှုမှာ လွန်ခဲ့သည့် ၃ နှစ်၏ ပျှမ်းမျှကို အခြေခံပြီး ၂၀၁၆-၂၀၁၇ အတွက် ခန့်မှန်းထားခြင်းဖြစ်ပါသည်။
*၂၀၁၅-၂၀၁၆ အတွက် (၄) ကြိမ်မြောက် အကြိုခန့်မှန်းချက်အရ ထုတ်လုပ်မှုကို ခန့်မှန်းထားခြင်းဖြစ်ပါသည်။

အိန္ဒိယနိုင်ငံကထုတ်တဲ့ ပဲတွေကိုကြည့်ရင် ကုလားပဲကို နှစ်စဉ်အများဆုံးထုတ်လုပ်တာဖြစ်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်မှာတော့ ကုလားပဲထုတ်လုပ်မှုက ပဲထုတ်လုပ်မှုစုစုပေါင်းရဲ့ ၄၃ ဒသမ ၅၃ ရာခိုင်နှုန်း၊ ပဲစင်းငုံက ၁၄ ဒသမ ၉၄ ရာခိုင်နှုန်း၊ မတ်ပဲက ၁၃ ဒသမ ၃၅ ရာခိုင်နှုန်းကျော်၊ ပဲတီစိမ်းက ၉ ဒသမ ၇၂ရာခိုင်နှုန်းကျော်၊ အခြားပဲက ၁၈ ဒသမ ၄၅ ရာခိုင်နှုန်းရှိနေတာ တွေ့ရပါ တယ်။ ၂၀၁၃-၂၀၁၄ ကနေ ၂၀၁၅-၂၀၁၆ ခုနှစ် အထိသုံးနှစ်စာ ပဲအမျိုးအစားအလိုက် ထုတ်လုပ်မှုကို ဖော်ပြလိုက်ပါတယ်။

**အိန္ဒိယပဲမျိုးစုံ ထုတ်လုပ်မှု (၂၀၁၃-၂၀၁၄ မှ ၂၀၁၅-၂၀၁၆)**

တန်ချိန်ထောင်ပေါင်း

| ပဲအမျိုးအစား | ၂၀၁၃-၂၀၁၄ | စုစုပေါင်းထုတ်လုပ်မှု၏ (%) | ၂၀၁၄-၂၀၁၅ | စုစုပေါင်းထုတ်လုပ်မှု၏ (%) | ၂၀၁၅-၂၀၁၆ * | စုစုပေါင်းထုတ်လုပ်မှု၏ (%) |
|---|---|---|---|---|---|---|
| ပဲစင်းငုံ | ၃၁၇၀.၀၀ | ၁၆.၀၂ | ၂၈၁၀.၀၀ | ၁၆.၃၈ | ၂၄၆၀.၀၀ | ၁၄.၉၄ |
| ကုလားပဲ | ၉၅၃၀.၀၀ | ၄၈.၁၇ | ၇၃၃၀.၀၀ | ၄၂.၇၄ | ၇၁၇၀.၀၀ | ၄၃.၅၃ |
| ပဲတီစိမ်း | ၁၆၁၀.၀၀ | ၈.၁၃ | ၁၅၀၀.၀၀ | ၈.၇၄ | ၁၆၀၀.၀၀ | ၉.၇၂ |
| မတ်ပဲ | ၁၇၀၀.၀၀ | ၈.၆၀ | ၁၉၆၀.၀၀ | ၁၁.၄၂ | ၂၂၀၀.၀၀ | ၁၃.၃၅ |
| အခြားပဲများ | ၃၇၈၀.၀၀ | ၁၉.၁၁ | ၃၅၅၀.၀၀ | ၂၆.၆၉ | ၃၀၄၀.၀၀ | ၁၈.၄၅ |
| စုစုပေါင်း | ၁၉၇၈၀.၀၀ | | ၁၇၁၅၀.၀၀ | | ၁၆၄၇၀.၀၀ | |

* ၂၀၁၅-၂၀၁၆ အတွက် လေးကြိမ်မြောက် အကြိုခန့်မှန်းချက်ပေါ်တွင် အခြေခံပါသည်။

**အိန္ဒိယနိုင်ငံ၏ အဓိကပဲများ တင်ပို့၊ တင်သွင်းမှုအခြေအနေ**

ပဲကို အဓိကစားသုံးတဲ့နိုင်ငံဖြစ်တဲ့အတွက် အိန္ဒိယနိုင်ငံရဲ့ ပဲတင်ပို့မှုနဲ့ တင်သွင်းမှုတို့ နှိုင်းယှဉ်ရင် အလွန်နည်းတာကို တွေ့ရပါတယ်။ တစ်နှစ်ကို ပဲမျိုးစုံစုစုပေါင်း တန်ချိန်နှစ်သိန်း ကျော်လောက်ပဲ တင်ပို့နိုင်ပါတယ်။ ကုလားပဲကတော့ အိန္ဒိယနိုင်ငံရဲ့ ပဲတင်ပို့မှုမှာ ဝေစု အများဆုံးယူထားတဲ့ တစ်ခုတည်းသောပဲ ဖြစ်ပြီး ၂၀၁၄-၂၀၁၅ နဲ့ ၂၀၁၅-၂၀၁၆နှစ်တွေမှာ စုစုပေါင်းပဲတင်ပို့မှုရဲ့ ၈၅ ဒသမ ၆၄ ရာခိုင်နှုန်းနဲ့ ၈၄ ဒသမ ၈၇ ရာခိုင်နှုန်းရှိခဲ့ပါတယ်။

တင်သွင်းမှုမှာတော့ ပဲမျိုးစုံတန်ချိန် လေးသန်းကနေ ခြောက်သန်းကြားတင်သွင်းနေတာကို တွေ့ရပါတယ်။ အဓိက တင်သွင်းတဲ့ပဲက စားတော်ပဲ (Peas)ဖြစ်ပြီး ၂၀၁၄-၂၀၁၅ နဲ့ ၂၀၁၅-၂၀၁၆ နှစ်တွေမှာ စုစုပေါင်းပဲတင်သွင်းမှုရဲ့ ၄၂ ဒသမ ၅၇ ရာခိုင်နှုန်းနဲ့ ၃၈ ဒသမ ၇၂ရာခိုင်နှုန်း ရှိပါတယ်။ ကုလားပဲဖြူလုံးကြီး၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲရာဇာနဲ့ ပဲစင်းငုံတို့ကိုလည်း တင်သွင်းထားတာကို အောက်ပါဇယားများကို ကြည့်ရင် သိနိုင်ပါတယ်။

**အိန္ဒိယနိုင်ငံ၏ အဓိကပဲများတင်ပို့မှုအခြေအနေ**

တန်ချိန်ထောင်ပေါင်း

| ပဲအမျိုး အစား | ၂၀၁၄-၂၀၁၅ | စုစုပေါင်းတင်ပို့မှု၏ (%) | ၂၀၁၅-၂၀၁၆ | စုစုပေါင်းတင်ပို့မှု၏ (%) | ၂၀၁၆-၂၀၁၇ (ဧပြီ-ဩဂုတ်) | စုစုပေါင်းတင်ပို့မှု၏ (%) |
|---|---|---|---|---|---|---|
| စားတော်ပဲ | ၃.၉၁ | ၁.၇၆ | ၆.၄၄ | ၂.၅၂ | ၄.၁၀ | ၅.၈၆ |
| ကုလားပဲ | ၁၉၀.၂၃ | ၈၅.၆၄ | ၂၁၆.၉၃ | ၈၄.၈၇ | ၄၆.၄၇ | ၆၆.၅၁ |
| ပဲတီစိမ်း/ မတ်ပဲ | ၄.၂၅ | ၁.၉၁ | ၆.၃၉ | ၂.၅ | ၃.၅၆ | ၅.၁၀ |
| ပဲရာဇာ | ၇.၉၈ | ၃.၅၉ | ၁၁.၇၇ | ၄.၆၀ | ၈.၃၄ | ၁၁.၉၄ |
| ပဲစင်းငုံ | ၁.၂၂ | ၀.၅၅ | ၄.၀၂ | ၁.၅၇ | ၅.၇၃ | ၈.၂၀ |
| စုစုပေါင်း | ၂၂၂.၁၄ | | ၂၅၅.၆၀ | | ၆၉.၈၇ | |

**အိန္ဒိယနိုင်ငံ၏ အဓိကပဲများတင်သွင်းမှုအခြေအနေ**

တန်ချိန်ထောင်ပေါင်း

| ပဲအမျိုးအစား | ၂၀၁၄-၂၀၁၅ | စုစုပေါင်းထုတ်လုပ်မှု၏ (%) | ၂၀၁၅-၂၀၁၆ | စုစုပေါင်းထုတ်လုပ်မှု၏ (%) | ၂၀၁၆-၂၀၁၇ (ဧပြီ-ဩဂုတ်) | စုစုပေါင်းထုတ်လုပ်မှု၏ (%) |
|---|---|---|---|---|---|---|
| ပဲအမျိုးမျိုး | ၁၉၅၁.၉၇ | ၄၂.၅၇ | ၂၂၄၅.၃၉ | ၃၈.၇၂ | ၉၄၈.၇၈ | ၅၃.၆၇ |
| ကုလားပဲ | ၄၁၈.၈၇ | ၉.၁၄ | ၁၀၃၁.၄၈ | ၁၇.၇၉ | ၅၃.၇၇ | ၃.၀၄ |
| ပဲတီစိမ်း/ မတ်ပဲ | ၆၂၂.၈၈ | ၁၃.၅၈ | ၅၈၁.၆၀ | ၁၀.၀၃ | ၃၆၉.၂၂ | ၂၀.၈၈ |
| ပဲရာဇာ | ၈၁၆.၄၆ | ၁၇.၈၀ | ၁၂၆၀.၁၉ | ၂၁.၇၃ | ၉၀.၇၃ | ၅.၁၃ |
| ပဲစင်းငုံ | ၅၇၅.၂၂ | ၁၂.၅၄ | ၄၆၂.၇၁ | ၇.၉၈ | ၁၈၂.၅၀ | ၁၀.၃၃ |
| စုစုပေါင်း | ၄၅၈၄.၈၄ | | ၅၇၉၇.၇၇ | | ၁၇၆၇.၅၄ | |

**အိန္ဒိယနိုင်ငံ၏ အဓိကပဲများကုန်သွယ်မှု အခြေအနေ**

အိန္ဒိယနိုင်ငံက ပဲမျိုးစုံတင်သွင်းတဲ့နိုင်ငံဖြစ်သလို ပဲမျိုးစုံတင်ပို့တဲ့ နိုင်ငံလည်းဖြစ်တာကြောင့် နိုင်ငံရဲ့အဓိကပဲများ ကုန်သွယ်မှုအခြေအနေကိုလည်း အိန္ဒိယမှာ ပဲဈေးကွက်ရထားတဲ့ မြန်မာနိုင်ငံအနေနဲ့ အများကြီးသိထားသင့်ပါတယ်။ အိန္ဒိယကနေ စားတော်ပဲ အဓိက တင်ပို့တဲ့ နိုင်ငံတွေကတော့ သီရိလင်္ကာ၊နီပေါ၊ ယူကရိန်း၊ အမေရိကန်ပြည်ထောင်စု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေပါ။ ကုလားပဲကိုတော့ ပါကစ္စတန်၊ အယ်လ်ဂျီးရီးယား၊ တူရကီ၊ သီရိလင်္ကာ၊ ယူအေအီးနိုင်ငံတွေကို အဓိကပို့ပါတယ်။ ပဲတီစိမ်းနဲ့ မတ်ပဲကိုတော့ အမေရိကန်ပြည်ထောင်စု၊ သီရိလင်္ကာ၊ ယူနိုက်တက်ကင်းဒမ်း၊ ဩစတြေးလျနဲ့ မလေးရှားနိုင်ငံတို့ကို အဓိကတင်ပို့ပါတယ်။ ပဲရာဇာကိုတော့ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ ယူအေအီး၊ အီဂျစ်နဲ့ အမေရိကန် ပြည်ထောင်စုကို အဓိကတင်ပို့ပြီး ပဲစင်းငုံကိုတော့ အမေရိကန်ပြည်ထောင်စု၊ ယူအေအီး၊ ကနေဒါ၊ ယူနိုက်တက်ကင်းဒမ်း၊ စင်ကာပူနိုင်ငံတွေကို အဓိက တင်ပို့ပါတယ်။

တင်သွင်းတဲ့အခါမှာလည်း စားတော်ပဲကို ကနေဒါ၊ ရုရှား၊ အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်၊ လစ်သူယေးနီးယားနိုင်ငံတွေက တင်သွင်းပြီး၊ ကုလားပဲကို ဩစတြေးလျ၊ ရုရှား၊ တန်ဇန်းနီးယား၊ မြန်မာ၊ အမေရိကန်ပြည်ထောင်စုတို့ကနေ သွင်းရပါတယ်။ ပဲတီစိမ်းနဲ့ မတ်ပဲကိုတော့ မြန်မာကနေ အများဆုံးသွင်းပြီး ကင်ညာ၊ ဩစတြေးလျ၊ တန်ဇန်းနီးယား၊ ဥဇဘက်ကစ္စတန်နိုင်ငံတွေမှလည်း တင်သွင်းပါတယ်။ ပဲရာဇာကို ကနေဒါကနေ အများဆုံးတင်သွင်းပြီး၊ အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျ၊ တူရကီ၊ မိုဇမ်ဘစ်စတဲ့ နိုင်ငံတွေက နေသွင်းပါတယ်။ ပဲစင်းငုံကိုတော့ မြန်မာကနေ အများဆုံးသွင်းပြီး တန်ဇန်းနီးယား၊ မိုဇမ်ဘစ်၊ မာလာဝီ၊ ဆူဒန်နိုင်ငံတွေကနေလည်း သွင်းပါတယ်။ အိန္ဒိယကနေ အဓိက ပဲငါးမျိုးကို တင်ပို့၊ တင်သွင်းနေတဲ့ နိုင်ငံတွေကို ဖော်ပြလိုက်ပါတယ်။

**အိန္ဒိယနိုင်ငံ၏ အဓိကပဲများ ကုန်သွယ်မှုအခြေအနေ (၂၀၁၅-၂၀၁၆)**

| ပဲအမျိုးအစား | အများဆုံးတင်ပို့သည့် (၅) နိုင်ငံ | အများဆုံးတင်သွင်းသည့် (၅) နိုင်ငံ |
|---|---|---|
| စားတော်ပဲ | သီရိလင်္ကာ (၈၁.၀၇%)၊ နီပေါ (၁၂.၅၆%)၊ ယူကရိန်း (၄.၂၈%)၊ အမေရိကန်ပြည်ထောင်စု (၁.၆၃%)၊ ဘင်္ဂလားဒေ့ရှ် (၀.၄၂%) | ကနေဒါ (၆၀.၉၇%)၊ ရုရှား (၁၄.၈၂%) အမေရိကန်ပြည်ထောင်စု (၆.၉၆%)၊ ပြင်သစ်(၅.၃၆%)၊ လစ်သူယေးနီးယား (၄.၁၅%) |
| ကုလားပဲ | ပါကစ္စတန် (၃၅.၆၀%)၊ အယ်လ်ဂျီးရီးယား(၁၅.၁၇%)၊ တူရကီ (၈.၅၈%)၊ သီရိလင်္ကာ (၈.၀၇%)၊ ယူအေအီး (၄.၉၇%) | ဩစတြေးလျ( ၇၄.၄၀%)၊ ရုရှား (၁၆.၄၉%)၊ တန်ဇန်းနီးယား (၂.၇၉%)၊ မြန်မာ (၀.၉၂%)၊ အမေရိကန်ပြည်ထောင်စု (၀.၇၄%) |
| ပဲတီစိမ်း/ မတ်ပဲ | အမေရိကန်ပြည်ထောင်စု (၃၉.၉၆ %)၊ သီရိလင်္ကာ (၁၃.၀၅%)၊ ယူနိုက်တက်ကင်းဒမ်း (၉.၈၆%)၊ ဩစတြေးလျ (၇.၇၇%)၊ မလေးရှား (၇.၆၃%) | မြန်မာ (၇၀.၃၇%)၊ ကင်ညာ (၇.၄၃%)၊ ဩစတြေးလျ (၆.၃၂%)၊ တန်ဇန်းနီးယား (၃.၁၅%)၊ ဥဇဘတ်ကစ္စတန် (၂.၆၀%) |
| ပဲရာဇာ | သီရိလင်္ကာ (၄၃.၃၉%)၊ ဘင်္ဂလားဒေ့ရှ် (၁၈.၁၁%)၊ ယူအေအီး (၈.၃၅%)၊ အီဂျစ် (၃.၉၈%)၊ အမေရိကန်ပြည်ထောင်စု (၃.၆၇%) | ကနေဒါ (၈၉.၅၈%)၊ အမေရိကန် ပြည်ထောင်စု (၇.၄၇%)၊ ဩစတြေးလျ (၂ .၈၈%)၊ တူရကီ (၀.၀၃%)၊ မိုဇမ်ဘစ် (၀ .၀၃%) |
| ပဲစင်းငုံ | အမေရိကန်ပြည်ထောင်စု (၄၀.၇၉ %)၊ ယူအေအီး (၁၈.၂၈%)၊ ကနေဒါ (၁၁.၂၈%)၊ ယူနိုက်တက် ကင်းဒမ်း (၁၀.၅၇%)၊ စင်္ကာပူ (၅.၁၁%) | မြန်မာ (၄၆.၃၅%)၊ တန်ဇန်းနီးယား (၁၈.၇၁%)၊ မိုဇမ်ဘစ် (၁၅.၃၆%)၊ မာလာဝီ (၁၂.၅၆%)၊ ဆူဒန် (၃.၃၆%) |

ဆက်လက်ဖော်ပြပါမည်



# um;avmuESm
# um;avmbjyóemrSm;

|ကြံ့ပြော|

**မြန်မာနိုင်ငံမှာ အရင့်အရင် အစိုးရလက်ထက်တွေကကားတင်သွင်း ခွင့်တွေကို ပိတ်ပင်ထားခဲ့ရာကနေ တပ်မတော်အစိုးရလက်ထက်ကနေ နိုင်ငံတော်တာဝန်ကို လွှဲပြောင်းယူခဲ့တဲ့ နိုင်ငံ တော်သမ္မတဦးသိန်းစိန်အစိုးရလက်ထက်မှာ ပြည်သူတိုင်းကားစီးနိုင်ရေးဆိုတဲ့ မူဝါဒကိုလက်ကိုင်ထားပြီး ကားတင်သွင်းခွင့်တွေကို လုပ်ဆောင်ခဲ့ပါတယ်။**

အဲဒီလိုလုပ်ဆောင်ခဲ့ရာမှာ ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်မှာ နှစ်ပေါင်း ၄၀ သက်တမ်းရှိတဲ့ ယာဉ်အိုယာဉ်ဟောင်းတွေကို ပြန်လည်အပ်နှံပြီး နိုင်ငံခြားကနေ ကားတင်သွင်းခွင့်တွေကို လုပ်ဆောင်ပေးခဲ့ပါတယ်။

ယာဉ်အိုယာဉ်ဟောင်းအပ်နှံတဲ့ စနစ်အရ ယာဉ်တင်သွင်းခွင့်ပြုရာမှာ ကားဟောင်းအပ်စလစ်နဲ့တင်သွင်းခွင့် ပြုခဲ့တာပဲဖြစ်ပါတယ်။ အပ်ကားစနစ်နဲ့ တင်သွင်းကြရာမှာ တချို့သောလောဘသမားများက ပြည်ပက တိုက်ကြေကား များကိုပါ တင်သွင်းလာခဲ့ကြတာကို တွေ့ရပါတယ်။ နိုင်ငံတော်အစိုးရက ချမှတ်ပေးခဲ့တဲ့ကားမူဝါဒကို လက်တစ်လုံးခြား ခုတုံးလုပ်ပြီး အကျင့်ပျက်ဝန်ထမ်းများနဲ့ ကားလောကရဲ့လောဘသမားတွေ လက်ဝါးချင်းရိုက်ပြီး အဲဒီလို တိုက်ကြေကားတွေ တင်သွင်းလာခဲ့တာပါ။ တိုက်ကြေကားတွေတင်သွင်းလာတာကို သိရှိခဲ့လို့ အရေးယူမှုတွေလည်း ပြုလုပ်ခဲ့ရတယ်လို့ ဆိုပါတယ်။

ကားတင်သွင်းခွင့် အစမှာ အမေရိကန်ဒေါ်လာ ၃၅၀၀ ထက်မပိုတဲ့ မော်တော်ယာဉ်တစ်စီးကို အပ်ကားနေရာမှာ အစားထိုးတင်သွင်းဖို့ ၁၉၉၅ ခုနှစ် မော်ဒယ်အထက်ကားတွေကို ယာဉ်အို ယာဉ်ဟောင်းစနစ်နဲ့တင်သွင်းစေခဲ့တာ ဖြစ်ပါတယ်။

အဲဒီလိုကားတင်သွင်းခွင့်ပြုလိုက်တဲ့ အချိန်ကစပြီး ကားလောကအတွင်း မှာ မသမာမှုတွေဟာ နည်းမျိုးစုံနဲ့ ပေါ်ထွက်ခဲ့ ပေါ်ထွက်နေဆဲပဲ ဖြစ်ပါတယ်။

၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁ ရက် က စတင်ပြီး ပို့ကုန်သွင်းကုန်ကုမ္ပဏီတွေ၊ နိုင်ငံခြား သင်္ဘောသားတွေ၊ နိုင်ငံခြားရေး ဝန်ကြီးဌာနလက်အောက်မှာ ရှိတဲ့ဝန်ထမ်းတွေ၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းကို လုပ်ကိုင်နေကြတဲ့ လုပ်ငန်းရှင်တွေ၊ ပြည်ပမှာ သွားရောက် အလုပ်လုပ်ကိုင်နေကြတဲ့ အလုပ်သမားတွေ၊ ကျောက်မျက် ရတနာရောင်းချနေတဲ့ကုမ္ပဏီတွေ၊ ပြည်ပတာဝန်နဲ့သွားရောက်နေတဲ့ ကာကွယ်ရေးဝန်ထမ်းတွေကို ရောက်ရှိ ခုနှစ်ရဲ့ လွန်ခဲ့တဲ့ငါးနှစ်က ထုတ်လုပ်တဲ့ယာဉ်ကို တင်သွင်းခွင့် ပြုခဲ့ပါတယ်။

အဲဒီနောက် ပြည်သူတွေကား တင်သွင်းရာမှာ အခက်အခဲမရှိစေဖို့ပြည်တွင်းမှာပဲ လွယ်ကူစွာဝယ်ယူနိုင်ဖို့ ရည်ရွယ်ပြီး ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်မှစတင်က မော်တော်ယာဉ်အရောင်းစင်တာ



ဖွင့်လှစ်နိုင်အောင် စီမံ ဆောင်ရွက်ပေးခဲ့ပါတယ်။

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်ကစပြီး မော်တော်ယာဉ်အရောင်းပြခန်း (Show Room) တွေကို ဖွင့်လှစ်ပေး လိုက်တဲ့အတွက် ကားဝယ်စီးချင်တဲ့ ပြည်သူတွေဟာ မိမိကြိုက်နှစ်သက်ရာ ကားကို အလွယ်တကူနဲ့ဝယ်ယူလို့ရသွား တဲ့အထိ ဖြစ်ခဲ့ပါတယ်။

ဒါ့အပြင် ၂၀၁၂ ခုနှစ်၊ မေလ ၇ ရက်မှာ အသက်(၁၈)နှစ်ပြည့်ပြီးတဲ့ နိုင်ငံသားများကို မြန်မာ့နိုင်ငံခြားကုန် သွယ်မှုဘဏ်နဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့မှာ နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ပြီး ၂၀၀၇ ခုနှစ် မော်ဒယ်နဲ့အထက် မော်တော်ကားများကို တင်သွင်းခွင့်ပြုပေးခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး တစ်ဦးချင်း မော်တော်ယာဉ်တင်သွင်းခွင့်တွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

အဲဒီလိုတစ်ဦးချင်း မော်တော်ယာဉ် တင်သွင်းခွင့်ပြုပေးလိုက်တဲ့ အချိန်မှာ ယာဉ်အိုယာဉ်ဟောင်းရဲ့စလစ်ဈေးဟာ ကျပ် ၁၅၅ သိန်းကနေ ကျပ် ၆၅ သိန်း အထိ ပြုတ်ကျသွားခဲ့ရပါတယ်။ ဒါ့အပြင် အရပ်ထဲကခေါ်ဝေါ်နေကြတဲ့ သင်္ဘော



သားပါမစ်ဆိုရင် ကျပ်သိန်း ၇၀ ဈေးရှိရာကနေ ဈေးလုံးဝမရှိတဲ့အခြေအနေအထိ ဖြစ်ခဲ့ရပါတယ်။ အဲဒီအခြေ အနေတွေဟာ ကားတင်သွင်းမှုလောကရဲ့အလှည့်အပြောင်းကာလတစ်ခု အခြေအနေ တစ်ရပ်လို့ ပြောရမှာဖြစ်ပါ တယ်။

အဲဒီလိုမူဝါဒတွေ အဆင့်ဆင့် ပြောင်းလဲထုတ်ပြန်ပေးခဲ့တဲ့အပေါ် မသမာသူကားလောကသားတစ်စုဟာ ကားဈေးကွက်အပေါ် ကြီးစိုးနိုင်ဖို့အတွက် နည်းလမ်းအမျိုးမျိုးနဲ့ လုပ် ဆောင်ခဲ့ကြပါတယ်။

ကားအရောင်းစင်တာဖွင့်လှစ်နိုင် ဖို့အတွက် ငွေအရင်းအနှီးလိုအပ်တာရယ်၊ အခွန်ကို ရှောင်ချင်တာရယ်၊ ကားဈေးကွက်ကို လွှမ်းမိုးချင်တာရယ်၊ အမြတ်ကြီးစားချင်တာရယ်ကြောင့် ကားလောကသားတချို့ဟာ တစ်ဦးချင်း ယာဉ်တင်သွင်းခွင့်တွေကို ချုပ်ကိုင်နိုင်ဖို့ ကြိုးစားခဲ့ကြပါတယ်။

တစ်ဦးချင်းယာဉ်တင်သွင်းခွင့်ပြု ရာမှာလည်း ပုဂ္ဂလိကဘဏ်တွေကို နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ခွင့်မပြုခင်က မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့မှာသာ နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ဆောင်ရွက်ရတာ ဖြစ်ပါတယ်။

ဒါပေမယ့်လည်း ၂၀၁၂ ခုနှစ် ဩဂုတ်လ ၂၇ ရက်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေကြေးများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်(Authorized Dealer) လိုင်စင်ခွင့်ပြုပြီး ပုဂ္ဂလိကဘဏ်များကို ပို့ကုန်/သွင်းကုန်ကိစ္စများ ဆောင်ရွက်နိုင်ဖို့ နိုင်ငံခြားငွေစာရင်း ဖွင့်လှစ် ဆောင်ရွက်ခွင့်ပြုခဲ့တာကြောင့် အမှန်တကယ် ကားတင်သွင်းချင်တဲ့သူတွေအတွက် အဆင်ပြေစေခဲ့ပါတယ်။

စာမျက်နှာ (၂၇)သို့

SUPER Star PLASTIC

Microwave Oven
Plastic Food Container with Lids.

ကျွန်တော်တို့၏ Super Star Plastic မှ
လူကြီးမင်းတို့၏ စားသောက်ဆိုင်များနှင့် စားသောက်ကုန်ပစ္စည်း
ထုတ်ပိုးမှုများအတွက်ခေတ်မီ သေသပ်လှပ၍ ကျန်းမာရေးနှင့်
ညီညွတ်သော Microwave သုံး
ပလက်စတစ်ဗူးကြည်များကို ဈေးနှုန်းချိုသာစွာ
ထုတ်လုပ်ဖြန့်ဖြူး ရောင်းချပေးနေပါကြောင်း
သတင်းကောင်းပါးအပ်ပါသည်။

အလေအလွင့်မရှိ သပ်သပ်ရပ်ရပ်နဲ့
ယူဆောင်သွားနိုင်ပြီး အလွယ်တကူသုံးဆောင်နိုင်တဲ့
Take Away Box

450ml | 700ml | 1250ml | 700ml | 1000ml (2C Lunch Box) | 1250ml ( 3C Lunch Box)

No.221, Pyin Si Minthar Gyi Street,
Shwe Linn Ban Insdustrial Zone.
Hlaing Thayar Tsp., Yangon.
Ph :09 977 828 191
:09 977 828 192
:09 977 828 193
:09 977 828 195
:09 977 828 199



SUNHOUSE
ENJOY BETTER LIFE

ဗီယက်နမ်နိုင်ငံထုတ် ရောင်းအားအကောင်းဆုံးအမှတ်တံဆိပ်
အဆင့်မြင့်မီးဖိုချောင်သုံးပစ္စည်းများ

Distirbuted by -WORKSPACE Co.,Ltd
No.158, Second Floor, 50th Street, Pazundaung Township, Yangon. Ph- 09 73242110, 09 798416011, 09 798416033

Vietnam Expo 2016 In Myanmar
တပ်မတော်ခန်းမ
(၂၂.၁၂.၂၀၁၆) မှ (၂၅.၁၂.၂၀၁၆) အထိ

HOT SALE (AMAZING PRICE)
နေ့စဉ် ပထမဦးဆုံး ဝယ်ယူသူ အယောက်(၅၀) အတွက်
(တစ်ယောက်ကို တစ်ခုနှုန်း)

ဆီများများမလို ၊ အိုးမကပ်သည့် ဒယ်အိုး
CT-20
5400 Ks တန်ကို 1000 Ks

ကြွေအိုးချက်မလား ၊ ခေါက်ဆွဲပြုတ်မလား
MP-14
6500 Ks တန်ကို 3500 Ks
ဖြင့် နေ့စဉ် ရောင်းပေးပါမည်။

SPECIAL BONUS အထူးအစီအစဉ်
30000 Ks သုံးသောင်းကျပ် အားပေးတိုင်း ချက်ချင်းနှိုက် ချက်ချင်းပေါက် ပလာမပါ ကံစမ်းမဲ (၁)စောင် ချီးမြှင့်ပါမည်။
မဲဖောက်ပေးမည့် ပစ္စည်းများ-
Split-type AirCon
အဝတ်လျှော်စက်
ရေသန့်စက်
SUNHOUSE ပစ္စည်းများ
JVC အမှတ်တံဆိပ် ear phone များ
အစရှိသော တန်ဖိုးရှိ ပစ္စည်းများကို
မဲဖောက်ကံစမ်းပေးပါမည်။

ပစ္စည်းအမျိုးပေါင်း (၁၀၀) ကျော်ကို အထူးနှုန်းဖြင့် ရောင်းပေးပါမည်။



CNQC
Building for Tomorrow

We are specialize in Construction, EPC, MEP, Foundation Engineering, Interiors fitting out, Steel Works, Real Estate Development & Investment, Trading and Consultancy Services.






CNQC
QINGJIAN INTERNATIONAL (MYANMAR) GROUP DEVELOPMENT CO., LTD.

Tel : +95 1 554046 / +95 1 8604597 | Email : enquiry@cnqc.com.mm
အမှတ် ၂၂ ၊ ဦးချစ်မောင်အိမ်ရာ၊ဦးချစ်မောင်လမ်း၊တာမွေမြို့နယ်၊ရန်ကုန်မြို့၊မြန်မာနိုင်ငံ။



ကိုမင်းမောင် + မခိုင်

ရွှေဝင်း (၂)

သွပ်ပြား၊ ကာလာစတီးအမိုးပြား
နှင့်
အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး

(အုတ်ကြွပ်)
(ဆန့်ရှိတ်အမိုးပြား)
(4 Angle)
ပေါင်ဒါ၊ ရေတံလျှောက်၊ ရေပိုက်
GI ပလိန်၊ ကာလာပလိန်
POLYCARBONATE SHEET
GLASS WOOL

အဆောင်(၁၀၇)၊ အခန်း(၅)၊ စော်ဘွားကြီးကုန်းပွဲရုံတန်း၊ ကျောက်စိမ်းလမ်း၊ အင်းစိန်၊ ရန်ကုန်မြို့။
☎ ၀၁-၉၆၄၀၀၅၀၊ ၆၄၂၆၇၉၊ ၆၄၄၄၂၂၊ 📱 ၀၉-၇၃၂၄၆၃၃၈၈၊ ၀၉-၅၁၂၇၁၇၇၊ ၀၉-၅၁၈၀၁၁၉

## ပြောင်း

### မြန်မာ - တရုတ်နယ်စပ်မှ ပြောင်းတန်ချိန် လေးသောင်းကျော် တင်ပို့

ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော် စခန်းသုံးခုမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၈၈၁ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် လေးသောင်းကျော် တင်ပို့နိုင်ခဲ့ပါတယ်။

စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၃၈၂၃၄ တန်ကျော်၊ လွယ်ဂျယ်မှ ၂၈၅၅ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၃၃၃၃ တန်ခွဲဖြစ်ပါတယ်။ ကန်ပိုက်တီး မှ ယခုတစ်ပတ်ပြောင်းတင်ပို့မှုမရှိပါဘူး။ ယခင်ရက်သတ္တပတ်က အဆိုပါ စခန်းလေးခုပေါင်းမှ ၂၄၉၂၃ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် မှာ ပြောင်းတန်ချိန် ၁၉၄၉၉ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ နိုဝင်ဘာလကုန်ပိုင်းက ပြောင်းတစ်တန်ကို ၂၉၉၅၂၀ ကျပ်ရှိရာမှ နိုဝင်ဘာ ၉ ရက်မှာ ၂၉၃၃၆၀ ကျပ်သို့ ဈေးကျဆင်း ခဲ့ကြောင်း၊ သယ်ယူစရိတ်မှာ တစ်ပိဿာ ၁၁၀ -၁၁၅ ကျပ်ရှိပြီး ကားစီးရေ ၁၅၀၃ စီးဝင်ရောက်ခဲ့ကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## သကြား

### မူဆယ်မှ သကြားတင်ပို့ပြီး မြဝတီမှ သကြားတင်သွင်း

ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၈၁၀ သန်း တန်ဖိုးရှိ Re-export သကြား ၅၄၁၉၉ တန်ကျော် တင်ပို့ခဲ့ပြီး မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၄၉ သန်းတန်ဖိုးရှိ Re-export သကြား ၇၇၂၆ တန် တင်သွင်းခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က မူဆယ်မှ ၁၄၁၉၄ တန်သာတင်ပို့နိုင်ခဲ့လို့ ယခု တစ်ပတ်မူဆယ်မှ သကြားတင်ပို့မှုတန်ချိန် ၄၀၀၅ တန်ပိုမိုလာခဲ့ပြီး မြဝတီမှ ယခင်တစ်ပတ်က ၁၀၈၄၁ တန် တင်သွင်းနိုင်ခဲ့လို့ ယခုတစ်ပတ် ၃၁၁၅ တန်လျော့နည်း တင်သွင်းခဲ့တာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဒီဇင်ဘာလဆန်းက သကြားတစ်တန်လျှင် ၁၀၄၉၉၂၀ ကျပ်ခန့်အထိ ဝယ်ယူရရှိပြီး တစ်ဖက်နိုင်ငံ ယွမ်ဈေးကတော့ ၅၀ ကီလိုတစ်အိတ်လျှင် ၂၇၁-၂၇၂ ယွမ်ဈေးရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ဝဥ

### မူဆယ်ရော ချင်းရွှေဟော်မှပါ ဝဥခြောက်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၇၁ သန်းတန်ဖိုးရှိ ဝဥခြောက် ၃၈ တန်ကျော်တင်ပို့နိုင်ခဲ့သလို ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၅၇၃၅၀ တန်ဖိုးရှိ ဝဥခြောက် ၃၁တန် တင်ပို့ခဲ့ပါတယ်။

ဝဥခြောက် တစ်တန်ကို မိမိဘက်ပေါက်ဈေး ကျပ် သိန်း ၂၀ ခန့်ရှိ ကြောင်း၊ ဝဥပင်ဟာ ဇွန်၊ ဇူလိုင်မှာ စတင်ပေါ်ကာ နိုဝင်ဘာနဲ့ ဒီဇင်ဘာမှာရာသီကုန်ကြောင်း၊ တရုတ်နိုင်ငံမှာ တရုတ်ရိုးရာ တိုင်းရင်းဆေးဖော်စပ်ဖို့ ကုန်ကြမ်းအနေနဲ့ရော စားသောက်ကုန်လုပ်ငန်းတွေမှာပါ အသုံးပြုကြကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ဝါဂွမ်း

### မူဆယ်မှ ဝါဂွမ်းပုံမှန်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဒီဇင် ဘာ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၆၀၀၀ တန်ဖိုးရှိ ငွေချည်-၆-ဝါ တန် ၃၀ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၃၄ တန်တင်ပို့ခဲ့တာကြောင့် မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဝါဂွမ်းပုံမှန်တင်ပို့လျက် ရှိပါတယ်။

တရုတ်နိုင်ငံက ယခုလို ပုံမှန်ဝယ်ယူမှုကြောင့် ဝါစိုက်တောင်သူတွေအတွက် အခြေအနေကောင်းလာတယ်လို့ တံတားဦးမြို့မှ ဝါစိုက်တောင်သူတစ်ဦးက ပြောကြားပါတယ်။

**မော်မော်အောင်**

## ရော်ဘာ

### ရော်ဘာဈေးဆက်လက်မြင့်တက်

ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၉၃ သန်းဖိုးရှိ ရော်ဘာ အဆင့်စုံ ၃၆၇၆ တန် တင်ပို့ခဲ့ပါတယ်။ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS1 ၂၆ တန်၊ RSS 3 ၁၆၂၈ တန်ကျော်၊ RSS 5တန် ၇၀၀၊ MSR 20 တန် ၂၄၀၊ MSR 50 ၁၉၈တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS1 ၆၈ တန်၊ RSS 3 တန် ၃၂၀၊ RSS 5 ၁၀၅တန်၊ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ရော်ဘာစိမ်း တန် ၁၄၀၊ ရော်ဘာစေး ၁၀ တန်၊ မြိတ်ကုန် သွယ်ရေးစခန်းမှRSS3 ၁၅၅ တန် နဲ့ MSR 20 ၈၅ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်က ၁၄၂၃ တန် သာတင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၂၅၃ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ယခုတစ်ပတ် မူဆယ် ကုန်သွယ်ရေးဇုန်ရဲ့ ရော်ဘာပေါက်ဈေးမှာ RSS 3 တစ်တန်ကို ကျပ် ၁၉ ဒသမ ၃ သိန်းရှိပြီး ယခင်တစ်ပတ်ထက် တစ်တန်ကိုကျပ် ၁၀၀၀၀ ခန့်ဈေးတက်လာကြောင်း သိရပါ တယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဒီဇင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၆၃ သန်းဖိုးရှိ ရော်ဘာအဆင့်စုံ ၁၃၂၄ တန် တင်ပို့ခဲ့ရာ မလေးရှားနိုင်ငံသို့ RSS 3 တန် ၅၈၀ နဲ့ MSR 20 ၂၃၁ တန်၊ စင်ကာပူနိုင်ငံသို့ MSR 20 TSR ၂၄၇ တန် နဲ့ MSR 10 ၂၀၂ တန်၊ အိန္ဒိယနိုင်ငံသို့ RSS1 တန် ၂၀ နဲ့ ဩစတြေးလျ နိုင်ငံသို့ RSS3 ၄၄ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၆၈၆ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခု တစ်ပတ်မှာ ၆၃၈ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါ တယ်။

ယခင်တစ်ပတ်မှာ ရော်ဘာ ပိုမိုတင်ပို့ခဲ့သလို ရော်ဘာ ဈေးလည်းမြင့်တက်လာပါတယ်။ နိုင်ငံတကာ ရော်ဘာ ဈေးမှာ တစ်တန်ကို ဒေါ်လာ ၁၀၀ ကျော် ဈေးတက်လာပြီး မြန်မာ့ရော်ဘာအိတ်စပို့ ဈေးလည်း တစ်တန်ကို ဒေါ်လာ ၁၀၀ တက်လာကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ် လုပ်သူများ အသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါ တယ်။

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၈၀၀-၁၉၀၀၊ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၇၅၀-၁၈၅၀၊ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၇၀၀-၁၈၀၀၊ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၁၆၅=၀-၁၇၅၀၊ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၁၆၀၀-၁၇၀၀၊ |
| MSR 3L | တစ်တန်လျှင် | ဒေါ်လာ ၁၉၅၀-၂၀၅၀၊ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၇၀၀-၁၈၀၀၊ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၁၆၅၀-၁၇၅၀၊ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၁၅၅၀-၁၆၅၀၊ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၁၅၀၀-၁၆၀၀ |

**ယဉ်ယဉ်အေး**

### မူဆယ်မှ တရုတ်နိုင်ငံသို့ အင်ကြင်းကျောက်တင်ပို့

နွားထိုးကြီးမြို့မှ ထွက်ရှိတဲ့ အင်ကြင်းကျောက်များကို ၂၀၀၀ ပြည့်နှစ်မှ စတင်တူးဖော်ရောင်းချခဲ့ရာ လွန်ခဲ့တဲ့ ၁၀နှစ်ခန့်က ပုတီးစေ့ပြုလုပ်သော ကျောက်တစ်ပိဿာကို ကျပ်တစ်ထောင်ကျော်ခန့် ရရှိခဲ့ရာမှ ယခုအချိန်တွင်ကျပ်နှစ်ထောင်ကျော်အထိ ဖြစ်လာတယ်လို့ မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်၊ ဘုရားကြီးရွာမှ ပုတီးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးထံမှ သိရပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်တွင် အမေရိကန်ဒေါ်လာ သုညဒသမ ၀၄၇ သန်း တန်ဖိုးရှိ အင်ကြင်းကျောက် ၈ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့ခြင်းမရှိခဲ့ဘဲ ယခုတစ်ပတ်မှ တင်ပို့ခဲ့တာဖြစ်ပါတယ်။

နွားထိုးကြီးမြို့နယ်တွင် အင်ကြင်းကျောက် ကုမ္ပဏီ ၂၀ ကျော်ရှိပြီး အင်ကြင်းကျောက် အချောကိုင်လုပ်ငန်းကြောင့် ဒေသခံများပါ အလုပ်အကိုင်အဆင်ပြေကြောင်း၊ တရုတ်နိုင်ငံဈေးကွက်အပြင် ထိုင်း၊ ဟောင်ကောင်၊ ဥရောပ၊ မကာအိုဈေးကွက်များကပါ အင်တာနက်မှတစ်ဆင့် မှာယူကြကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

### မူဆယ်မှ ရေထွက်ကုန် တန်ချိန်ရော တန်ဖိုးပါ ပိုမိုတင်ပို့

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၇၄ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၉၈၃ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၁၅ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၀၇၀ တန်ကျော်တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၅၉ သန်း၊ တန်ချိန်အားဖြင့် ၉၁၃ တန်ကျော် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ်မှာ ငါးလေးခြောက်၊ ပုစွန်ဖွဲ့၊ ငါးရှဉ့်၊ ကဏန်း၊ ငါးဟောက်အရှင်၊ ငါးဆားနယ်၊ ပုစွန်ခြောက်၊ ငါးစီဖောင်း၊ ငါးခြောက်နဲ့ ငါးမျိုးစုံပိုမိုတင်ပို့နိုင်ခဲ့ခြင်း၊ ငါးပူတင်းအရေခွံခြောက်၊ ငါးလိပ်ကျောက်အရေခွံခြောက်နဲ့ ငါးကြင်းစီဖောင်းတို့ တင်ပို့နိုင်ခဲ့တာကြောင့် ရေထွက်ကုန်ပစ္စည်း တင်ပို့မှုပိုမိုရခြင်းဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံယွမ်ဈေး အနေဖြင့် ငါးရှဉ့်တစ်တန်လျှင် ယွမ် ၃၁၀၀၀၊ ကဏန်းတစ်တန် ၄၆၃၅၄ ယွမ်ဈေး ရရှိခဲ့ကြောင်း မူဆယ်ကုန် စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

### ပရဆေးကုန်ကြမ်းတန် ၇၀၀ ကျော်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ သီးတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅၇ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၄ မျိုးကို တန်ချိန် ၇၅၀ ခန့်တင်ပို့ခဲ့ပါတယ်။

တင်ပို့ခဲ့တဲ့ပရဆေး ကုန်ကြမ်းအမယ်များမှာ ကွမ်းသီးခွံ၊ ကွမ်းစားဂမုန်း၊ ဆီးဆန်၊ ဆီးသီးခြောက်၊ ချင်းခြောက်၊ နနွင်းတက်၊ တောဂျုံးမြစ်၊ တောချင်း၊ မုတ်ခါး၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ ချဉ်ပေါင်ဖာလာ(အခွံပါ/မပါ) နဲ့ မိကျောင်းကွမ်းဖတ်စေ့တို့ဖြစ်ပါတယ်။

အလားတူ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၅၇၃၅၀ တန်ဖိုးရှိ ဝဥခြောက် ၃၁ တန်ကိုလည်းကောင်း၊ စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄၈၁၇ တန်ဖိုးရှိ ရီတားသီး ၃၅ တန်ကိုလည်းကောင်း အသီးသီးတင်ပို့ခဲ့ကြပြီး တမူးကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ ၄၄၁၈ တန်ဖိုးရှိ တောင်လုံးကျော် တန်ဝက်နီးပါး တင်သွင်းလာခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# စားသုံးသူအကာအကွယ်ပေးရေး

# ခရီးရှည်နဲ့ အရသာပေတံ

|တင့်ဆန်း(ဘားအံ)|

(၆၁)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ပြည်နယ်မဂ္ဂဇင်းမှာ " ကျွန်တော်နဲ့ကွမ်းစားသုံးမှု "ဆိုတဲ့ ဆောင်းပါးတစ်စောင်ရေးအပြီး မိတ်ဆွေသူငယ်ချင်းတွေက စာဆက်ရေးဖို့အားပေးခဲ့ပေမယ့် ဘယ်အကြောင်းအရာရေးရမှန်းမသိ ဖြစ်နေခဲ့တာ အတော်ကြာသွားပါတယ်။

တစ်နေ့ကတော့ တိုက်တိုက်ဆိုင်ဆိုင် ဒီဇင်ဘာလ ၅ ရက်ထုတ် စီးပွားကူးသန်းဂျာနယ် အတွဲ (၁၆) အမှတ် (၄၆)မှာ ဆရာ "မုံရွာကမောင်" ရဲ့ " အပွင့်အသီး၊အရသာနဲ့ပေတံ "ဆိုတဲ့ဆောင်းပါးကိုဖတ်ပြီး ကျွန်တော်တို့လုပ်နေတဲ့ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအပေါ် ပြန်သုံးသပ်ကြည့် သင့်နေပြီလားဆိုတာ စဉ်းစားနေမိပါတယ်။ ဒီလိုနဲ့ ဒီဇင်ဘာလ ၆ ရက်မှာ FDAက ထုတ်လုပ်ဖြန့်ဖြူးခြင်းမပြုဖို့ တားမြစ်ထားတဲ့ Aflatoxin B1 ပါတဲ့ မြန်မာနိုင်ငံတစ်ဝန်းက ငရုတ်သီးမှုန့်နဲ့မဆလာ ၆၁ မျိုးကို ဘားအံမြို့က ဈေးတွေမှာ အဖွဲ့စုံ ( ဌာနဆိုင်ရာအစုံ )နဲ့စစ်ဆေးပြီး ဈေးကွက်ထဲက ဖယ်ရှားဖို့နဲ့ နောက်ပိုင်းမှာအရေးယူမှုတွေ လုပ်တော့မယ့်အကြောင်း သတိပေးတဲ့ အစီအစဉ်တစ်ခု ဆောင်ရွက်ခဲ့ကြပါတယ်။

အဖွဲ့စုံဆိုတာကတော့ ကရင်ပြည်နယ် အစား အသောက်နဲ့ ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှာပါတဲ့ဌာနတွေ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှာလည်း ဒီဌာနတွေပါပဲ။ အဓိကကတော့ ကျန်းမာရေး၊ အထွေထွေအုပ်ချုပ်ရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာနဲ့စားသုံးသူရေးရာဌာနတွေဖြစ်ပါတယ်။ ဈေးတွေကို တစ်ပြိုင်တည်း စစ်ဆေးတာ ဆိုတော့ အဖွဲ့သုံးဖွဲ့ခွဲရာမှာ ဌာနစုံအောင် စီစဉ်ခဲ့ပါတယ်။

ကျွန်တော်ကိုယ်တိုင်လည်း အဖွဲ့တစ်ဖွဲ့မှာ လိုက်ပါ ဆောင်ရွက်ခဲ့ပါတယ်။ စစ်ဆေးတဲ့အခါမှာတော့ တားမြစ်ထားတဲ့ တံဆိပ်လေးမျိုးလောက်ကို စားသောက်ကုန်ရောင်းတဲ့ ဆိုင်တိုင်းနီးပါးမှာ တွေ့ပါတယ်။ ဒါတွေကို FDA က တားမြစ်ထားတယ်၊ သတင်းစာမှာ မရောင်းချဖို့ကြေညာထားပြီးပြီ၊ သိလားလို့မေးတော့ တစ်ယောက်မှမသိဘူးတဲ့။ သူတို့အပြစ်ဖြစ်မှာစိုးလို့မသိဘူးပြောတာဖြစ်နိုင်ပေမယ့် ကျွန်တော့်အမြင်ကတော့ တကယ်မသိတဲ့ပုံစံတွေများပါတယ်။

အဲဒီအမှတ်တံဆိပ်တွေကို စစ်မေးနေတဲ့ အချိန်မှာ ဝယ်တဲ့သူတွေက အဲ့ဒါကို မေးဝယ်နေကြတုန်း။ ဒီထက်ဆိုးတာက စစ်တဲ့အဖွဲ့ထဲက ဆရာမ တစ်ယောက်ရဲ့အိမ်မှာ အဲ့ဒီအမှတ်တံဆိပ်ကို သုံးနေတာတဲ့။ အဖွဲ့ဝင်တွေက တားမြစ်တဲ့ အမှတ်တံဆိပ်တွေ ရှာဖွေမေးမြန်းစစ်ဆေးနေချိန်မှာ ကျွန်တော်က ဇလုံကြီးတွေ ဗန်းကြီးတွေနဲ့ ထည့်ရောင်းနေတဲ့ ငရုတ်သီးအစိမ်းမှုန့်၊ ငရုတ်သီးအကျက်မှုန့်၊ နနွင်းမှုန့်တွေကို လက်ညှိုးထိုးပြပြီး FDA က ဆရာဝန်ကြီးကို " ဒါတွေရော စိတ်ချရရဲ့လား "လို့မေးတော့ "ဒါတွေကို မစစ်နိုင်သေးဘူးဆရာ၊ ဒါတွေက မှတ်ပုံတင်ထားတာလည်းမဟုတ်၊ ထုပ်ပိုးပြီး ရောင်းတာလည်းမဟုတ်၊ ကိုယ့်အစီအစဉ်နဲ့ကိုယ်ထောင်းပြီး လုပ်ထားတာ၊ ချက်ချင်းလည်းစစ်လို့မရတော့ သန့်သန့်ရှင်းရှင်း လုပ်ဖို့မှိုမပါတာတွေကိုသုံးဖို့ အသိပေးတာလောက်ပဲ လုပ်နိုင်ပါတယ်" တဲ့။ ရှေ့ဆက်သွားတော့ အဝါရောင်ထိန်နေတဲ့ မျှစ်တွေ၊ ပန်းရောင်သန်းနေတဲ့ မျှင်ငါးပိတွေ၊ ဝဝလင်လင်မဟုတ်တဲ့ ငှက်ပျောသီးမှည့်တွေ၊ တစ်ဖက် နိုင်ငံကလာတဲ့ အသားလုံးတွေနဲ့ စုံလို့ပါပဲ၊ ကျွန်တော်က ကွက်ကြည့်ကွက်ကြည့်လုပ်တော့ FDA ဆရာဝန်ကြီးက "ဒါတွေအကုန်လုံးကို တစ်ဆိုင်ချင်းလုပ်ရင် ဒီနေ့ဒီဈေးမှာပဲ တစ်နေကုန်သွားနိုင်တယ်ဆရာ" တဲ့။

ဒီလိုနဲ့ နောက်ဈေးတစ်ခုဆက်စစ်ဆေးပြီး အဖွဲ့သုံးဖွဲ့ရဲ့ စစ်ဆေးတွေ့ရှိမှု အခြေအနေတွေ စာရင်း ပြုစုကြပါတယ်။ နေ့လယ်ပိုင်းမှာတော့ ကျွန်တော်ရုံးမှာပဲ ဒီအဖွဲ့စုံနဲ့ ဘားအံအခြေစိုက် သတင်းသမားတွေ တွေ့ဆုံပါတယ်။ ရည်ရွယ်ချက်က စားသုံးရန် မသင့်တဲ့ အစားအသောက်တွေကို စစ်ဆေးမှုတွေ ရှိနေပြီ။ လူထုကပို မို သိရှိပြီး ရှောင်ကြဉ်ဖို့နဲ့ နောက်ထပ်စစ်ဆေးတွေ့ရှိလို့အရေးယူတဲ့အခါ အငြင်းမပွား ဖို့ဖြစ်ပါတယ်။ တွေ့ဆုံရှင်းလင်းပွဲမှာဌာနတွေက တာဝန်ယူဆောင်ရွက်နေမှုတွေနဲ့ ယနေ့ဆောင်ရွက်ချက်တွေကို ရှင်းပြပြီးတော့ သတင်းသမားတွေကလည်း သိချင်တာတွေ မေးမြန်းကြပါတယ်။ မေးကြတဲ့အထဲမှာ " တရားမဝင်အေးခဲအသားတွေ ဝင်ရောက်နေတာ ဘယ်လို တားဆီးကြမလဲ " ဒီလိုအဖွဲ့စုံနဲ့ စစ်ဆေးမှုတွေကို ဘယ်ပုံစံနဲ့ ဆက်လုပ်မလဲ။ အလှကုန်တွေကိုရော မစစ်ဆေးဘူးလား။ ဈေးတစ်ဈေးမှာ မေးကြည့်တာ ဒါပထမဆုံးစစ်ဆေးခြင်း ဖြစ်တယ်လို့ဖြေတာဟုတ်လား ဆိုတာတွေကို အဓိကမေးကြပါတယ်။ ကျွန်တော်တို့လည်း ပကတိအခြေအနေအတိုင်း ရှင်းလင်းဖြေကြားခဲ့ကြပါတယ်။ ဒီအထဲကမှ "ဒီနေ့ ပထမဆုံးစစ်ဆေးခြင်းဖြစ်တယ်လို့ပြောတာဟုတ်လား "ဆိုတဲ့မေးခွန်းကို ပြန်ဖြေရတဲ့အခါမှာ "ဟုတ်တယ် ဒါပေမယ့် မဟုတ်ဘူး " ဆိုတဲ့ အဓိပ္ပါယ်မျိုးဖြေခဲ့ရပါတယ်။ ကုန်ပစ္စည်းတစ်မျိုးကို အဓိကထားပြီး အဖွဲ့စုံနဲ့ စစ်ဆေးတာ ဒီတစ်ကြိမ်ကပထမဆုံးဆိုတာ ဟုတ်ပါတယ်။ မဟုတ်ဘူးဆိုတာ ယခင်ကဒီဈေးတွေမှာ FDA၊ စည်ပင်တို့နဲ့ပူးပေါင်းပြီး ကုန်ပစ္စည်းမျိုးစုံကို ဘေးအန္တရာယ်ကင်းရှင်းမှုရှိမရှိ စစ်ဆေးခဲ့တာမျိုးတွေ ရှိခဲ့ပါတယ်။ ဖြေကြားတဲ့သူအနေနဲ့ အမှတ်တမဲ့ဖြစ်တာမျိုး စစ်ဆေးတဲ့အချိန်က သူမရှိတာမျိုး ဖြစ်နိုင်ပါတယ်လို့ဖြေခဲ့ရပါတယ်။

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းကို ထဲထဲ ဝင်ဝင်ဆောင်ရွက်လာခဲ့တာ အခု ရှစ်လကျော်ပြီဖြစ်ပါတယ်။ ဆရာ " မုံရွာကမောင် " ရဲ့ အပွင့်အသီး၊ အရသာပေတံနဲ့ တိုင်း ကြည့်တဲ့အခါ ကျွန်တော်တို့အများကြီးလုပ်ရဦးမယ်ဆိုတာ အထက်က အချက်တွေကသက်သေဖြစ်မှာပါ။ ကျွန်တော့် အမြင်အရ ဒီလုပ်ငန်းဟာ ခရီးအတော်ရှည်မယ်ထင်ပါတယ်။ အခုထက်ကောင်းမွန် ထိရောက်တဲ့ အသိပညာပေးမှုတွေ၊ ဟောပြောဆွေးနွေးမှုတွေ ၊ စစ်ဆေးအရေးယူမှုတွေကိုလည်း မဖြစ်မနေ လုပ်နေရဦးမယ်လို့ထင်ပါတယ် ။ ကျွန်တော်တို့ အပါအဝင် ဆက်စပ်ဌာနဆိုင်ရာများ ၊ စီးပွားရေးလုပ်ငန်းရှင် များ၊ စီးပွားရေးအသင်းအဖွဲ့များနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများ ၊ ပြည်သူများ အားလုံးသိရှိလိုက်နာ ရှောင်ကြဉ် ပူးပေါင်းပါဝင်လာကြပြီဆိုရင်တော့ အလွန်ချိုမြိန်တဲ့ အရသာကို ခံစားကြရတော့မှာ ဖြစ်ပါတယ်။

♦

## မုံရွာမြို့တွင် EDNA Myanmar ၏ လုပ်ငန်းဖွံ့ဖြိုးမှုမြှင့်တင်ရေးဆွေးနွေးပွဲကျင်းပ

အာရှစွန့်ဦးတီထွင် စီးပွားရေးစွမ်းဆောင်ရည် ဖွံ့ဖြိုးမှုကွန်ရက် (မြန်မာ) မှ တစ်ပိုင်တစ်နိုင်နဲ့ အသေးစား စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် စွန့်ဦးတီထွင်စီးပွားရေးစွမ်းဆောင်မှု နည်းပညာနှင့် လုပ်ငန်းဖွံ့ဖြိုးမှုမြှင့်တင်ရေးစီမံကိန်း ဒုတိယပိုင်းဖြစ်တဲ့ လုပ်ငန်းဖွံ့ဖြိုးမှုမြှင့်တင်ရေး ဆွေးနွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပေါ်ဦးခန်းမတွင် ဒီဇင်ဘာ ၁၀ရက်က ကျင်းပပြုလုပ်ရာသင်တန်းတာဝန်ခံများ၊ သင်တန်းသားများ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြပါသည်။အခမ်းအနားတွင် EDNA Myanmar ၏ Senior Field Officer ဒေါ်ဝင့်ဝင့်လင်းက အလုပ်အကိုင်မပျက် သင်တန်းဖွင့်လှစ်ပေးသည့် အခြေအနေများနှင့် ဘာသာရပ် အထောက်အကူပြု ဆွေးနွေးပွဲများ ကျင်းပပြုလုပ်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ရှင်းလင်းဆွေးနွေးရာတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ အဓိပ္ပါယ်ဖွင့်ဆို သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး၊ လုပ်ငန်းရှင်များအတွက် နည်းပညာ ကူညီပံ့ပိုးမှုနှင့် ချေးငွေဝန်ဆောင်မှုအတွက် ပံ့ပိုးပေးသည့် အခြေအနေ၊ စက်မှုမှတ်ပုံတင်ခြင်းနှင့် လျှောက်ထားဆောင်ရွက်ခြင်း အကျိုးကျေးဇူးများနှင့် ဆောင်ရွက်ရမည့် နည်းလမ်းများကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပါသည်။ လုပ်ငန်းအရေးအတွက် စာရင်းကောက်ယူရရှိခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို မှန်ကန်စွာ စီမံခန့်ခွဲနိုင်မည့် နည်းလမ်းများချမှတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းပြောကြားဆွေးနွေးခဲ့ပါသည်။

ဆက်လက်ပြီး လုပ်ငန်းအတွေ့အကြုံ မျှဝေဆွေးနွေးပွဲတွင် မုံရွာမြို့ နိုင်မြန်မာပုံနှိပ်တိုက် ပိုင်ရှင် ဦးနိုင်အောင်က သူ၏ ၂၈နှစ်ရှိ လုပ်ငန်းအတွေ့အကြုံများကိုလည်းကောင်း၊ နောက် လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် မုံရွာမြို့နယ် မုံရွေးကျေးရွာမှ မိတ်ဆွေမြတ် ခေါင်းအုံးမွေ့ယာ လုပ်ငန်းရှင် ဒေါ်စန်းစန်းဝေကလည်းကောင်းလုပ်ငန်းအတွေ့အကြုံများကိုမျှဝေဟောပြောခဲ့ပါသည်။ထို့နောက် သင်တန်းသားသင်တန်းသူများက သိရှိလိုသည့်မေးမြန်းဆွေးနွေးမှုများကို ရှင်းလင်းဆွေးနွေးကာ သင်တန်းဆင်းများလက်မှတ်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**ရီလင်းထွန်း (မုံရွာ)**




## ပုသိမ်မြို့ရှိ ဟိုတယ်/ တည်းခိုခန်းလုပ်ငန်းရှင်များအား ပထမအကြိမ် စားသုံးသူအကာအကွယ်ပေးရေး ဆွေးနွေးပွဲကျင်းပ

ပုသိမ်မြို့ရှိ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များအားစားသုံးသူအကာအကွယ်ပေးရေးနှင့် ဝန်ဆောင်မှုကဏ္ဍများအတွက်ပထမအကြိမ်အသိပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ၁၄ရက်က စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ(၂) တွင် ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများနဲ့ ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၊ချောင်းသာဟိုတယ်ဇုန်၊ ပုသိမ်မြို့ပေါ်ရှိ ဟိုတယ်နှင့် တည်းခိုခန်းများမှ ပိုင်ရှင်၊ အထွေထွေမန်နေဂျာ၊ မန်နေဂျာများ စုစုပေါင်း ၄၁ ဦး တက်ရောက်ခဲ့ကြသည်။

စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်က ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်းရှင်များအနေဖြင့် ဧည့်ခရီးသွားများအား ဝန်ဆောင်မှုပေးရာတွင် စိတ်ကျေနပ်မှု ရရှိစေရန်နှင့် အဆင့်မီဟိုတယ်ဝန်ဆောင်မှုအပိုင်းကိုလည်း သုံးစွဲသူများ စိတ်ကျေနပ်မှု ရရှိစေရန် ဝန်ဆောင်မှုကိုပေးရာတွင် စားသုံးသူများထိခိုက်နစ်နာမှုမရှိစေရေး စားသုံးသူအကာအကွယ်ပေးရေးဥပဒေတွင်ပါရှိသည့် အချက်အလက်များအား အသေးစိတ် ရှင်းလင်းဟောပြောခဲ့ကြောင်းသိရသည်။

**မင်းမင်းဦး၊ မြင့်အောင်**

# တောင်ကြီးမြို့တွင် ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံ ဆွေးနွေးပွဲကျင်းပ



တောင်ကြီးမြို့တွင် ပဲပုပ်စိုက်ပျိုး ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံ ဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၃ရက်က တောင်ကြီးမြို့ မင်းကံကောင်း စားသောက်ဆိုင်မှာ ကျင်းပ ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့၊ စားသုံးသူရေးရာ ဦးစီးဌာနတို့ အပြင် မိတ်ဖက်ဌာနနဲ့ အဖွဲ့အစည်းများ ဖြစ်တဲ့ အသေးစား စက်မှုလက်မှု၊ အသေးစား ငွေချေးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဌာန၊ ဘဏ်လုပ်ငန်းရှင်များ၊ တန်ဖိုးမြှင့် ထုတ်လုပ်နေတဲ့ လုပ်ငန်းရှင်များ၊ USAID နဲ့ WINROCK မှ တာဝန်ရှိသူများ၊ လဲချား၊ ဟိုပုံး၊ မိုးနဲ၊ တောင်ကြီး မြို့နယ်များမှ ပဲပုပ်စိုက်တောင်သူများ၊ စုစုပေါင်း အင်အား ၁၂၀ ခန့် တက် ရောက်ခဲ့ကြပါတယ်။

ယင်းကဲ့သို့ ပဲပုပ်စိုက်ပျိုး ထုတ်လုပ်မှု အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခြင်းဖြင့် နည်းပညာ၊ ငွေကြေးအကူအညီနဲ့ ဈေးကွက်ချိတ်ဆက် ဆောင်ရွက်နိုင်မယ်လို့ သိရပါတယ်။ ပဲပုပ်ကို လဲချား၊ နမ့်စမ်၊ တောင်ကြီး ကုန်စည်ဒိုင်များမှတစ်ဆင့် ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (ဒေသသုံး)တို့သို့ တင်ပို့လျက်ရှိသလို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင် မြို့ကြီးများရှိ ကုန်သည်များမှတစ်ဆင့် နိုင်ငံခြားဈေးကွက်သို့ တင်ပို့လျက်ရှိတယ်လို့လည်း သိရပါတယ်။

**စောမောင်(တောင်ကြီး)**

## မွန်ပြည်နယ်ကွန်ပျူတာလုပ်ငန်းရှင်များအသင်းနှင့် ကွန်ပျူတာပညာရှင်များအသင်းတို့၏ အလုပ်အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ပွဲကျင်းပ



မွန်ပြည်နယ် ကွန်ပျူတာ လုပ်ငန်းရှင်များအသင်း၏ ၂၀၁၇-၂၀၁၉ အလုပ်အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ပွဲနှင့် ကွန်ပျူတာ ပညာရှင်များအသင်း၏ ၂၀၁၆- ၂၀၁၈ အလုပ်အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ပွဲ များကို ဒီဇင်ဘာ ၉ရက်က ပြည်နယ်စားသုံးသူရေးရာ ဦးစီးမှူးရုံးနှင့် ရာမညကုန်သွယ်မှု ဗဟိုဌာနတို့တွင် အသီးသီးကျင်းပခဲ့ကြောင်း သိရသည်။

၂၀၁၇-၂၀၁၉ ခုနှစ်အတွက် မွန်ပြည်နယ် ကွန်ပျူတာ လုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌအဖြစ် ဦးနေဇော်အောင်၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးကိုကိုလေး၊ အတွင်းရေးမှူးအဖြစ် ဦးရီဟိန်းကို၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ဦးတင့်လွင်နှင့် ဘဏ္ဍာရေးမှူးအဖြစ် ဦးညွန့်လွင်တို့အား ရွေးချယ်တင်မြှောက်ခဲ့ကြကြောင်း သိရသည်။

၂၀၁၆-၂၀၁၈ ခုနှစ်အတွက် မွန်ပြည်နယ် ကွန်ပျူတာပညာရှင်များအသင်း၏ ဥက္ကဋ္ဌအဖြစ် ဦးသိန်းဇော်၊ ဒုတိယ ဥက္ကဋ္ဌအဖြစ် ဦးနေဥက္ကာဦး၊ အတွင်းရေးမှူးအဖြစ် ဦးနေဇော်ဦး၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ဦးရှင်းသန့်၊ ဘဏ္ဍာရေးမှူးအဖြစ် ဒေါ်စုဝင်းထွေး၊ စာရင်းစစ်အဖြစ် ဒေါ်ဇာဇာမြင့်တို့အား ရွေးချယ်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**မိုးမိုး (စားသုံးသူ-မွန်)**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း | ၇၅၀ စ/ပေ | (၅) လွှာ | ၃၅၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | မြေ | ဒဂုံမြို့သစ်(မြောက်) (၄၄) ရပ်ကွက် | | မြေသီးသန့် | ၇၅၀ သိန်း | | ၀၉/၄၅၂၁၉၄၄၃၉ |
| ၃။ | မြေ | မှော်ဘီမြို့နယ်၊ ကြက်ဖြူကန်ကျေးရွာ၊ ရွာတွင်းကွက် | (၄၀×၆၀) ပေ | | ၃၅၀ သိန်း | | ၀၉/၉၇၂၁၁၁၂၃ |
| ၄။ | တိုက်ခန်း | တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်းသွယ် | ၉၀၀ စ/ပေ | (တ) ထပ် | ၄၅၀ သိန်း | လမ်းသန့် | ၀၉/၅၁၁၇၂၆၂ |
| ၅။ | အဆင့်မြင့်တိုက်ခန်း | တောင်ဥက္ကလာပမြို့နယ်၊ အဆင့်မြင့်တိုက်ခန်း၊ သံသုမာလမ်းသွယ် | ၁၁၀၀ စ/ပေ | (၅) လွှာ | ၁၂၀၀သိန်း | အသင့်နေပြင်ဆင်ပြီး | ၀၉/၉၆၂၁၁၁၂၃ |
| ၆။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း | ၁၁၀၀ စ/ပေ | (၇) လွှာ | ၁၆၀၀ သိန်း | အဆင့်မြင့်ပြင်ဆင်ပြီး | ၀၉/၄၅၂၁၉၄၄၃၉ |
| ၇။ | မြေ | လှည်းကူးမြို့နယ်၊ အမြန်လမ်း၊ မိုင်တိုင် (၄၀)အနီး | ၁၉ ဧက | | ၂၀၀၀ သိန်း တစ်ဧက(၁၅၀ သိန်း)၀၉/၉၆၂၁၁၁၂၃ သက်တမ်းရင့်ရော်ဘာပင်ပါ | | |
| ၈။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း (၁၄/၂) ရပ်ကွက် | ၁၅၀၀ စ/ပေ | BN (၁) ထပ် | ၂၃၅၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၉။ | လုံးချင်းအိမ် | သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာလမ်းအိမ်ရာဝင်း | မြေ ၆၄၀၀ စ/ပေ<br>အိမ် ၂၄၀၀ စ/ပေ | RC(၂) ထပ်<br>MB (၃) ခန်း | ၂၅ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |

# 2016 Chevrolet Orlando

# ကားမော်ဒယ်သစ်ကို မကြာမီမိတ်ဆက်ရောင်းချပေးမည်




Pacific-AA Motor Ltd.က ၂၀၁၆ ခုနှစ်ထုတ် Chevrolet Orlando မော်တော်ကားသစ်များကို မကြာမီ မိတ်ဆက် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Chevrolet မော်တော်ကားသစ်ကို အမေရိကန်ဒေါ်လာ ၃၉၀၀၀ (မြန်မာငွေကျပ် ၅၃၈ သိန်းဝန်းကျင်)ဖြင့် ရောင်းချပေးမည်ဖြစ်သည်။

2016 Chevrolet Orlando မော်တော်ကားသစ်သည် ဘက်စုံသုံးယာဉ် (Multi-purpose Vehicle-MPV) ကဲ့သို့ အသုံးပြုနိုင်ပြီး Crossover ကားတစ်စီးကဲ့သို့လည်း စီးနင်းမောင်းနှင်နိုင်မည်ဖြစ်သည်။ ကိုယ်ထည်အပြင် ပိုင်းတွင် ထူးခြားသောဒီဇိုင်းဖြင့် ဖန်တီးပေးထားပြီး ကားအတွင်းခန်းကိုလည်း အကျယ်အဝန်းလိုအပ်ချက်အလိုက် အလွယ်တကူ ပြောင်းလဲအသုံးပြုနိုင်ရန် ဖန်တီးပေးထားကြောင်း သိရသည်။

အဆိုပါ မော်ဒယ်အသစ်တွင် ဆီစားနှုန်းသက်သာစေရန် ဆလင်ဒါလေးလုံး 1.8L DOHC, ECOTEC, DCVVT အင်ဂျင်ကို တပ်ဆင်ပေးထားပြီး ယင်းအင်ဂျင်သည် အမြင့်ဆုံးရှန်းအား မြင်းကောင်ရေ ၁၄၁ အထိ ထုတ်ပေးနိုင်စွမ်းရှိသည်ဟုဆိုသည်။ ထို့ပြင် 6-speed အော်တိုဂီယာစနစ်ပါဝင်ပြီး Tiptronic Feature ပါဝင်သောကြောင့် Manual ပုံစံ ဂီယာထိုးမောင်းနှင်နိုင်သည်။ ယနေ့ခေတ်ကားများတွင် စံတစ်ခုလိုဖြစ်လာသော Cruise Control စနစ်၊ မိုးရွာလျှင်ရေသုတ်တံကို အလိုအလျောက် အလုပ်လုပ်စေသော Rain Sensitive Windscreen Wiper စနစ်စသော အဆင့်မြင့် Feature များအပြင် အော်ဒီယိုဖျော်ဖြေရေးအတွက် စပီကာခြောက်လုံး၊ CD ဖွင့်စက်နှင့် အခြားချိတ်ဆက်မှု အထောက်အပံ့များကိုလည်း ထည့်သွင်းပေးထားကြောင်း သိရသည်။

လူခုနစ်ယောက်အထိ စီးနင်းနိုင်ခြင်း၊ အတွင်းခန်း အကျယ်အဝန်းကို လိုအပ်သလို ချိန်ညှိနိုင်ခြင်းနှင့် ဆီစားနှုန်းသက်သာခြင်းတို့ကြောင့် ၂၀၁၆ Orlando ကားသစ်ကို မိသားစုသုံး ကားကောင်းတစ်စီးဟု ဆိုနိုင်ပေသည်။ Chevrolet Orlando ကို ဒီဇင်ဘာလ ၂၃ ရက်မှ ၂၅ရက်အထိ မြန်မာပလာဇာရှိ Promotion Area တွင် ခင်းကျင်းပြသ မိတ်ဆက်ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (၂၀၀၉) | 1G | ၁၁၅ သိန်း | 1.3 ဓာတ်ဆီ |
| ၂။ | နီဆန်း/နုတ် (၂၀၀၉) | 3I | ၁၂၀ သိန်း | 1.3 ဓာတ်ဆီ |
| ၃။ | ဘယ်လ်တာ (၂၀၁၀) | ယာယီ | ၁၃၀ သိန်း | နယ်လိုင်စင်/1.3 ဓာတ်ဆီ |
| ၄။ | တိုယိုတာ (ဗစ်ဇ်) (၂၀၁၁) | ယာယီ | ၁၂၅ သိန်း | နယ်လိုင်စင်/1.3 ဓာတ်ဆီ |
| ၅။ | ဟိုက်အေ့(စ်) (၂၀၁၁) | ယာယီ | ၃၈၀ သိန်း | 2.5 ဒီဇယ် |
| ၆။ | တိုယိုတာ/အက်ဇီယို (၂၀၁၃) | ယာယီ | ၂၀၀ သိန်း | နယ်လိုင်စင်/1.3 ဓာတ်ဆီ |
| ၇။ | ဟွန်ဒါ/အင်စိုက် (၂၀၁၁) | ယာယီ | ၁၈၀ သိန်း | နယ်လိုင်စင်/1.3 ဓာတ်ဆီ |
| ၈။ | ဒီမီယို (၂၀၁၁) | ယာယီ | ၁၁၅ သိန်း | နယ်လိုင်စင်/1.3 ဓာတ်ဆီ |
| ၉။ | အပ်ကား | | ၁၀၂ သိန်း | ကားကောင်း |

# ကယားပြည်နယ်အခြေပြု ဌာနအားလုံးပါဝင်သော ခရီးသွားလုပ်ငန်းစီမံချက် အောက်ခြေဆပ်ကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ဒီဇင်ဘာ ၁၃ ရက်က ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးတွင် ကယားပြည်နယ်အခြေပြုဌာန အားလုံးပါဝင်သော ခရီးသွားလုပ်ငန်းစီမံချက် အောက်ခြေဆပ်ကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ရာ ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ သက်ဆိုင်ရာဌာနများ၊ အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ရှေးဦးစွာ ဝန်ကြီးဦးမော်မော်က ကယားပြည်နယ်အခြေပြု ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် အစိုးရနှင့် အခြားအသင်းအဖွဲ့များက အဘက်ဘက်မှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်၊ တက်ရောက်လာသူများအားလုံးမှလည်း အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားခဲ့ပြီးနောက် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးခမ်လျန်စွမ်းက ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်လာသည့်အတွက် ပုံမှန်အစည်းအဝေးကို တစ်လတစ်ကြိမ် ပြုလုပ်သင့်ကြောင်း၊ ခရီးသွားလုပ်ငန်းစီမံချက် အောက်ခြေဆပ်ကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖြစ်သည့်အတွက် အောက်ခြေအဆင့်တွင်တွေ့ရှိရသည့် အခက်အခဲများကို နိုင်ငံတကာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ အဖွဲ့တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပူးပေါင်းဆောင်ရွက်မှုမရှိပါက ခရီးသွားလုပ်ငန်းမှာ အန္တရာယ်ရှိနိုင်ပါကြောင်း ပြောကြားခဲ့သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းနေဇော်ထွန်းက တရားမဝင်ခရီးသွားလာခြင်း၊ တည်းခိုခြင်းကိစ္စအား ယခုအထိအရေးယူဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း၊ လက်ရှိဒီဇင်ဘာအထိ ကယားပြည်နယ်သို့ နိုင်ငံခြားသားဝင်ရောက်မှု ၉၉၇ ဦးရှိပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ဟိုတယ်ကိုးလုံး အခန်းပေါင်း ၂၂၂ ခန်းသာရှိပြီး ၂၀၁၆ ဒီဇင်ဘာလထိ ဟိုတယ်လေးလုံးထပ်မံတိုးချဲ့ရာတွင် အခန်းပေါင်း ၂၉၀ ထိရှိလာခဲ့ပါကြောင်း၊ လက်ရှိ တည်ဆောက်နေဆဲဟိုတယ် ၁၅ လုံးရှိရာ အခန်းပေါင်း ၅၀၀ ကျော်ထိ တိုးချဲ့လာနိုင်မည်ဖြစ်ကြောင်း၊ လက်တွေ့နယ်ပယ်တွင် ဧည့်လမ်းညွှန်များ အလွန်နည်းပါးပြီး စနစ်တကျ သင်တန်းပို့ချ၍ ပိုမိုမွေးထုတ်ပေးစေချင်ပါကြောင်း၊ မကြာမီရောက်ရှိလာတော့မည့် (၆၅)နှစ်မြောက် ကယားပြည်နယ်နေ့တွင် ထိုင်းနိုင်ငံမှ အယောက် ၁၀၀ ခန့် ကုန်စည်လာရောက်ပြသရန်ရှိကြောင်း၊ ဟိုတယ်များ စည်းကမ်းစနစ်တကျဖြင့်ရှိပါက ခရီးသွားလုပ်ငန်းအတွက် ပိုမိုကောင်းမွန်၍ အထောက်အကူပြုမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ITC National Program Coordinator လွိုင်ကော်(ရုံးခွဲ)စီမံကိန်းဒါရိုက်တာ ဒေါ်လွန်ဆွေးက ITC အနေဖြင့် လာမည့်နှစ်အတွင်း ကယားပြည်နယ်စီမံချက်ပြီးဆုံးပြီဖြစ်သည့်အတွက် ITC မရှိသည့်နောက်တွင် ကယားပြည်နယ် ခရီးသွားလုပ်ငန်း ဆက်လက်လည်ပတ်နိုင်ရန်အတွက်လုပ်ငန်းနှင့်ပတ်သက်ပြီး အစိုးရ၊ အခြားအဖွဲ့အစည်းများနှင့်အတူ ဆက်လက်ပူးပေါင်းလုပ်ကိုင်ရန် ရည်ရွယ်ထားကြောင်း၊ နိုင်ငံခြားသားခရီးသွားများကို ပြတိုက်အတွင်းမလေ့လာဘဲ ရိုးရာပစ္စည်းများနှင့် ဓလေ့ထုံးစံများကို ရိုက်ကူးထားသော Video File ဖြင့်ပြသပြီးမှ လေ့လာပါကပိုမိုကောင်းမွန်ကြောင်း၊ ကယားပြည်နယ် ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ လိုက်နာရမယ့် ကျင့်ဝတ်များကို ပညာရှင်များနှင့် တိုင်ပင်ရေးဆွဲနေပါကြောင်း၊ ကယားပြည်နယ် Loikaw Map ထုတ်ရန်အစီအစဉ်ရှိကြောင်း ITC နှင့်ပတ်သက်၍ ဆွေးနွေးသုံးသပ်လိုပါက ဖိတ်ခေါ်ကြောင်း ဆွေးနွေး ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ဦးစိုးမြင့်က ခရီးသွားလုပ်ငန်းတွင် လုံခြုံရေးက အဓိကဖြစ်ကြောင်း၊ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များလာပါက ရဲတပ်ဖွဲ့သို့ အသိပေးအကြောင်းကြားပေးစေလိုကြောင်း၊ သို့မှသာ လုံခြုံရေးအပြည့်အဝ ပေးနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါတယ်။ ဆက်လက်၍ ခရီးသွားလုပ်ငန်းရှင်များအဖွဲ့ အတွင်းရေးမှူး ဦးနေမိုးအောင်က အချက်သုံးချက်ဖြင့်ဆွေးနွေးခဲ့ရာ ပထမအချက်အနေဖြင့် တရားဝင်ခရီးသွားလုပ်ငန်း ကုမ္ပဏီများသည် တရားမဝင်အခကြေးငွေ ပေးဆောင်ရသည်များရှိသည့်အတွက် သက်ဆိုင်ရာအစိုးရဌာနမှ ညှိနှိုင်းဖြေရှင်းပေးစေလိုကြောင်း၊ ဒုတိယအချက်အနေဖြင့် ခရီးသွားလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ အခွန်ကိစ္စနှင့်ပတ်သက်ပြီး သက်ဆိုင်သူ (သို့) တာဝန်ရှိသူတစ်ဦးကို ထည့်သွင်းစေလိုကြောင်း၊ တတိယအချက်အနေဖြင့် ဇုန်ဝင်ကြေးသတ်မှတ်ရာတွင် အစိုးရအနေနှင့် တာဝန်ယူဆောင်ရွက်ပေးစေလိုကြောင်း အကြံပြုဆွေးနွေးခဲ့ပါတယ်။

**လွင်ကိုအောင်(ကယား)**

# ပုသိမ်မြို့တွင် EDNA Myanmar က SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပ




ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနနှင့် ပုသိမ်မြို့ရှိ EDNA Myanmar တို့ပူးပေါင်းစီစဉ်မှုဖြင့် ကျင်းပသည့် SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံ ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၁ ရက်က ကျင်းပခဲ့ရာ ပုသိမ်မြို့စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်း၊ ဒုတိယခရိုင်ဦးစီးမှူး ဦးထွေးသိမ်း၊ EDNA Myanmar မှ တာဝန်ရှိသူများ၊ အသေးစား၊ အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ခင်ဆွေနှင့် စီးပွားရေး လုပ်ငန်းရှင်များ၊ EDNA Myanmar မှ ဖွင့်လှစ်လျက်ရှိသည့် စွန့်ဦးတီထွင်စီးပွားရေး စွမ်းဆောင်မှုပညာသင်တန်းမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဦးထွေးသိမ်းက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ အကြောင်းကိုလည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ခင်ဆွေက SMEs Policy Strategy နှင့် ပတ်သက်၍လည်းကောင်း၊ EDNA Myanmar မှ တာဝန်ရှိသူတစ်ဦးက EDNA Myanmar က ဖွင့်လှစ်လျက်ရှိသော သင်တန်းများနှင့်ပတ်သက်၍ လည်းကောင်း ဆွေးနွေးပြောကြားခဲ့ကြကြောင်း သတင်းရရှိပါသည်။

**ကျော်ဌေး (ပုသိမ်)**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

**၁၉-၁၂-၂၀၁၆ မှ ၂၅-၁၂-၂၀၁၆ ရက်နေ့ထိ**

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးနှင့်လူမှုရေးတွင် ပြောင်းလဲမှုသိပ်မရှိတတ်ပေ။ ရွှေ၊ ဘော်၊ ငွေလုပ်ငန်းများ အကျိုးဖြစ်ထွန်းနေလိမ့်မည်။ ကျန်းမာရေးတွင် သွေးသားနှင့်ပတ်သက်သောရောဂါဖြစ်တတ်သည်။ ပညာရေးတွင် အခက်အခဲများဖြင့် ရင်ဆိုင်ရတတ်သည်။ အချစ်ရေးတွင် သံယောဇဉ်ငြိတွယ်မှု အားနည်းနေတတ်ပါသည်။

**ယတြာ။ ။ပင်လယ်ကမ်းခြေသို့ ခရီးထွက်လိုက်ပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်း လက်တွေ့လုပ်ရာမှာ အခက်အခဲကို ကျော်လွှားနေရတတ်သည်။ ငွေရရန်အတွက် လွယ်ကူရာမှ ခက်ခဲနေတတ်သည်။ တွင်းထွက်ပစ္စည်းများ အကျိုးပေးကောင်းလိမ့်မည်။ ကျန်းမာရေးအတွက် ကူညီစောင့်ရှောက်သူပေါ်လာလိမ့်မည်။ အချစ်ရေး၊ မေတ္တာရေးတွင် ဥပေက္ခာထားပြီးနေတတ်သော သဘောရှိနေမည်။

**ယတြာ။ ။ဘုရားတွင်သစ်သီးဆွမ်းကပ်ပါ။**



**အင်္ဂါသားသမီးများအတွက်** မည်သို့သောကိစ္စမဆို အခြားသူကို တိုင်ပင်ရန် ဝန်လေးနေတတ်သည်။ စက်မှုလက်မှုလုပ်ငန်းများမှ ငွေများဝင်လာတတ်သည်။ စိတ်ထိခိုက်နာကျင်မှုကြောင့် ကျန်းမာရေးကို ထိခိုက်နိုင်ပါသည်။ အချစ်ရေးတွင် အခွင့်အရေးသမားနှင့် ကြုံရတတ်သည်။ အိမ်ထောင်ရေးတွင် စိတ်ဓာတ်ကင်းကွာနေတတ်သည်။ ပညာရေးတွင် ပီပြင်သောစိတ်ဖြင့် တက်ကြွသော အနေအထားတွင်ရှိနေမည်။

**ယတြာ။ ။ ဘုရားတွင် ရေချမ်း လှူဒါန်းပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးအဟန့်အတားများနှင့် ရင်ဆိုင်နေရတတ်သည်။ အတွေးအခေါ်ပိုင်းတွင် မှန်ကန်မှုနည်းပါးနေတတ်သည်။ အနုပညာဆိုင်ရာ စီးပွားရေးလုပ်ငန်းများ အောင်မြင်မှုရရှိလာလိမ့်မည်။ စာကျက်ရာတွင် မှတ်ဉာဏ်သွက်လက်မှု မရှိဖြစ်တတ်သည်။ ကျန်းမာရေးတွင် မျက်စိ၊ အာရုံကြော အားနည်းတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မေတ္တာရေး ပဋိပက္ခ ဖြစ်တတ်သည်။ နှလုံးသားရေးကိစ္စအတွက် အလေးအနက်မရှိဖြစ်နေတတ်သည်။

**ယတြာ။ ။အမွှေးနံ့သာလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလောဘကြီးနေတတ်သည်။ ပညာရပ်ကိုလိုချင်စိတ်နည်းပါးနေမည်။ ကျန်းမာရေးတွင် အစာမကြေရောဂါဝေဒနာခံစားရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် လိုက်လျောမှုမရှိသော အနေအထားမျိုးများရှိနေတတ်သည်။ မိမိ၏ ကံကြမ္မာနိမ့်ကျသည်ထင်ပြီး အားလျော့စိတ်ဖြစ်နေတတ်သည်။

**ယတြာ။ ။မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ပါ။**



**သောကြာသားသမီးများအတွက်** အလုပ်တွင်စိတ်တိုင်းမကျဖြစ်နေတတ်သည်။ ကြေးနှင့်ပြုလုပ်သောပစ္စည်း၊ စိန်နှင့်ပြုလုပ်သောပစ္စည်းတို့ စီးပွားဖြစ်ထွန်းမှု အားကောင်းလိမ့်မည်။ ဘဝ၏အတွေ့အကြုံကို အသုံးပြုပြီး ပညာရေး၊ လူမှုရေး၊ စီးပွားရေး အဆင်ပြေလာပါလိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ပြန်လည်၍ သစ္စာ စကားဆိုရင်း နှလုံးသားရေးကိစ္စ ဆွေးနွေးရတတ်သည်။

**ယတြာ။ ။ဘုရားတွင် ကြာပန်းကပ်လှူပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းခွင်အခြေအနေအရ စွန့်စားလုပ်ကိုင်နေရတတ်သည်။ ကျန်းမာရေးတွင် လေရောဂါ၊ မျက်စိရောဂါ၊ ဆီးရောဂါတို့ကို ဂရုစိုက်ကုသရန် လိုအပ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မစဉ်းစားသေးဟုဆိုသော်လည်း ပတ်ဝန်းကျင်၏ လှုံ့ဆော်မှုကြောင့် မေတ္တာရေးကို စိတ်ဝင်စားလာတတ်သည်။ ပညာရေးအတွက် အောင်မြင်မှု အတိုင်းအတာကို သေချာအောင် တွက်ထားလိမ့်မည်။

**ယတြာ။ ။ ကလေးငယ်များအတွက် အာဟာရဒါနပြုလုပ်ပေးပါ။**

# မက်စ်မြန်မာကုမ္ပဏီအုပ်စု ပွင့်လင်းမြင်သာမှုအရှိဆုံး Best ESG Transparency Myanmar 2016 ဆုအား ဒုတိယအကြိမ် ထပ်မံဆွတ်ခူးရရှိ

UK အခြေစိုက် CFI.co (Capital Finance International) မှ ပေးအပ်ချီးမြှင့်သော Corporate Governance Awards အား မက်စ် မြန်မာကုမ္ပဏီအုပ်စုအနေဖြင့် မြန်မာနိုင်ငံ၏ ပွင့်လင်းမြင်သာမှုအရှိဆုံးကုမ္ပဏီဆု Best ESG Transparency Myanmar 2016 ဆုကိုရရှိခဲ့သည်။ အဆိုပါဆုကို မက်စ်မြန်မာကုမ္ပဏီအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ပထမအကြိမ်ရရှိခဲ့ပြီး ယခုနှစ်တွင် ဒုတိယအကြိမ် ထပ်မံဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်ပါ သည်။

မက်စ်မြန်မာကုမ္ပဏီအုပ်စုအနေဖြင့် Good Corporate Governance တစ်ခုဖြစ်စေရေးအတွက် ပေါ်လစီများ ရေးဆွဲပြဋ္ဌာန်းကာ အစဉ်တစိုက် ကြိုးပမ်းအားထုတ်ခဲ့ပြီး MCRB (Myanmar Centre for Responsible Business) အဖွဲ့၏ ပွင့်သစ်စစီမံကိန်းတွင် ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ပွင့်လင်းမြင်သာမှုအရှိဆုံး ကုမ္ပဏီများစာရင်း၌ ထိပ်ဆုံးသုံးနေရာ အတွင်းတွင်သုံးနှစ်ဆက်တိုက် ရပ်တည်နိုင်ခဲ့ပါသည်။

ဆုရွေးချယ်ရေးအဖွဲ့၏ သုံးသပ်မှုတွင် မက်စ်မြန်မာကုမ္ပဏီအုပ်စုသည် လူမှုအကျိုးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်များကို စတင်တည်ထောင်ချိန်မှစ၍ အရေးပေးဆောင်ရွက်ခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ကဏ္ဍများတွင် နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းများကို ဦးစွာကျင့်သုံးသော မြန်မာကုမ္ပဏီများအနက်မှ တစ်ခုဖြစ်ကြောင်း၊ မက်စ်မြန်မာကုမ္ပဏီအုပ်စုသည် Stakeholders များအတွက် အကျိုးစီးပွားဖန်တီးခြင်းကို ရေရှည်ဆောင်ရွက်ခြင်းဖြင့် လူမှုအကျိုးပြုလုပ်ငန်းများကိုလည်း အကျိုးရှိစွာ အစဉ်အမြဲဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

ထို့ပြင် မက်စ်မြန်မာကုမ္ပဏီအုပ်စု အနေဖြင့် ဝန်ထမ်းများ လုပ်ငန်းခွင်အတွင်း ပျော်ရွှင်ကျေနပ်မှုကို အမြင့်ဆုံးဖန်တီးပေးလျက်ရှိသည်သာမက ဝန်ထမ်းများ၏ လူမှုဘဝဖူလုံရေးကို အဓိကထားရည်ရွယ်ပြီး ဝန်ထမ်းတစ်ဦးစီ၏ ကိုယ်ရည်ကိုယ်သွေးနှင့် အတတ်ပညာပိုင်းဆိုင်ရာ တိုးတက်ရေးအတွက် ထောက်ပံ့လျက်ရှိကြောင်း၊ မက်စ်မြန်မာကုမ္ပဏီအုပ်စုအနေဖြင့် မိမိတို့စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာ ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည့် လုပ်ငန်းများကိုလည်း ပြုလုပ်ခြင်းမရှိကြောင်း သုံးသပ်ထားကြောင်း သိရသည်။

မက်စ်မြန်မာသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုတွင် တစ်ဖက်တစ်လမ်းမှ အစဉ်အမြဲ ပါဝင်ဆောင်ရွက်လျက်ရှိသောကြောင့် 2016 Best ESG Transparency Myanmar Award ဆုကို ထပ်မံရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

**မယ်သီတာ**

# မန္တလေးတိုင်း ဒေသကြီးအတွင်း ဒီဇင်ဘာလ ဒုတိယပတ်အထိ စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲများကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာသင်ကျောင်းများနှင့် စည်ပင်သာယာဈေးများတွင် ဒီဇင်ဘာ ပထမပတ်နှင့် ဒုတိယပတ်အတွင်း စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲများကို ကျင်းပခဲ့သည်။

ဒီဇင်ဘာလ ပထမပတ်အတွင်းတွင် မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများသည် ချမ်းအေးသာစံမြို့နယ် လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ မဟာအောင်မြေမြို့နယ် အ. လ. က ခွဲ(၄)၊ အ. ထ. က (ခွဲ)(၈)၊ အမရပူရမြို့နယ် အ. ထ. က၊ ပ-လ-စ(၂)၊ အောင်မြေသာစံမြို့နယ် အထက(၉) တို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲများကျင်းပပြီး ကျောင်းမုန့်ဈေးတန်းများအား ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ဒီဇင်ဘာ ဒုတိယပတ်အတွင်းတွင် မန္တလေးတိုင်း စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများသည် ချမ်းမြသာစည်မြို့နယ် အ. ထ. က (၃၄)၊ ချမ်းအေးသာစံမြို့နယ် အ. ထ. က (၁၉)၊ ပုသိမ်ကြီးမြို့နယ် သမ္မတောကျေးရွာနှင့် အောင်မြေသာစံမြို့နယ်ရှိ သီရိမာလာဈေးတို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပခဲ့ပြီး ကျောင်းမုန့်ဈေးတန်းများနှင့် ဈေးအတွင်းရောင်းချနေသည့် ကုန်ပစ္စည်းများအား ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

**တင်တင်ခိုင်(စားသုံးသူ/ မန္တလေး)**

# လွိုင်ကော်မြို့တွင် ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ လိုက်နာရမည့်ကျင့်ဝတ်များအား ဆွေးနွေး

လွိုင်ကော်မြို့တွင် ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ လိုက်နာရမည့်ကျင့်ဝတ်များအား ဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၅ ရက်က နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန (ITC) ရုံးတွင် ကျင်းပခဲ့ပါသည်။

ဆွေးနွေးပွဲသို့ ကယားပြည်နယ် ပြည်နယ်အစိုးရအဖွဲ့မှ စီမံ/ဘဏ္ဍာဝန်ကြီးတက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှဝန်ထမ်းများ၊ ကမ္ဘာလှည့်ရဲတပ်ဖွဲ့၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ရက်ကန်းနှင့် အသက်မွေးပညာ



သင်ကျောင်းမှ ကျောင်းအုပ်ကြီး၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ITC မှ အကြံပေးပညာရှင် Dr. Andrea Valentin တို့ တက်ရောက်ဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးပွဲပြုလုပ်ခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသတင်းကောင်းများ ထိန်းသိမ်းရန်၊ ခရီးသွားကုမ္ပဏီများနှင့် ဝန်ဆောင်မှုပေးနေသော လုပ်ငန်းများမှ အဆင့်မြင့်ဝန်ဆောင်မှုနှင့် တန်ဖိုးများကို ထိန်းသိမ်းခြင်း၊ ခရီးသွားလုပ်ငန်းကျင့်စဉ်များ ထိန်းသိမ်းလိုက်နာရန် ရည်ရွယ်ပါသည်။

ဆွေးနွေးပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးက ခရီးသွား ပိုမိုဝင်ရောက်လာမှုနှင့် ဟိုတယ်များ တိုးမြှင့်တည်ဆောက်လာမှုအခြေအနေများကို ဆွေးနွေးတင်ပြခဲ့ပြီးဆက်လက်၍ ITC အကြံပေးပညာရှင် Dr. Andrea Valentin က ခရီးသွားလုပ်ငန်းတွင် လိုက်နာရမည့် ကျင့်ဝတ်များမူကြမ်းကို ရှင်းလင်းဆွေးနွေးတင်ပြရာ တက်ရောက်လာသူများက လိုအပ်သည်များကို ပြန်လည်အကြံပြုဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိပါသည်။

ဗညားထက် (Myan Trade)
လွိုင်ကော်



## မြို့ကြီးများ၏ ၁၉-၁၂-၂၀၁၆ မှ ၂၃-၁၂-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၉-၁၂-၂၀၁၆) | အင်္ဂါ(၂၀-၁၂-၂၀၁၆) | ဗုဒ္ဓဟူး(၂၁-၁၂-၂၀၁၆) | ကြာသပတေး(၂၂-၁၂-၂၀၁၆) | သောကြာ(၂၃-၁၂-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၂°C/၉၁°F | နေသာ ၃၃°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F |
| ရန်ကုန်မြို့ | နေသာ ၃၃°C/၉၂°F | နေသာ ၃၂°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| မန္တလေးမြို့ | နေသာ ၃၁°C/၈၇°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F |
| မြစ်ကြီးနား | တိမ်အသင့်အတင့် ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F | တိမ်အသင့်အတင့် ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | တိမ်အသင့်အတင့် ၂၈°C/၈၂°F |
| လားရှိုး | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၈°F |
| ကျိုင်းတုံ | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၁°F |
| လွိုင်ကော် | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F |
| တောင်ကြီး | နေသာ ၂၂°C/၇၂°F | နေသာ ၂၂°C/၇၂°F | နေသာ ၂၂°C/၇၂°F | နေသာ ၂၃°C/၇၃°F | နေသာ ၂၃°C/၇၃°F |
| မော်လမြိုင် | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F |
| ဘားအံ | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F |
| တောင်ငူ | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F |
| မုံရွာ | တိမ်အသင့်အတင့် ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၁°C/၈၇°F |
| ပုသိမ် | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| မြိတ် | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F |
| စစ်တွေ | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F |
| မကွေး | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F |
| ဖလမ်း | နေသာ ၂၀°C/၆၈°F | တိမ်အသင့်အတင့် ၁၉°C/၆၇°F | နေသာ ၂၁°C/၆၉°F | နေသာ ၂၁°C/၆၉°F | နေသာ ၂၁°C/၇၀°F |



## ထိုင်းနိုင်ငံရှိ အဆိုးရွားဆုံး ရေလွှမ်းမိုးမှုဒဏ်ခံစားရသည့် ဆုန်ခလာဒေသသို့ ထိုင်းဝန်ကြီးချုပ် သွားရောက်ကြည့်ရှု

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက အဆိုးရွားဆုံး ရေလွှမ်းမိုးမှုဒဏ်ကိုခံစားခဲ့ရသည့် ဆုန်ခလာဒေသသို့ ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုးချား သွားရောက်ကြည့်ရှုခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဆုန်ခလာမြို့တွင် ရက်ပေါင်းများစွာကြာအောင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် အနည်းဆုံးလူရှစ်ဦး သေဆုံးခဲ့ရသည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အချို့နေရာများတွင် မိုးရေချိန်များသည် စံချိန်တင်လောက်သည်အထိဖြစ်ပေါ်ခဲ့ရကြောင်း၊ အများဆုံးမိုးရေချိန်မှာ ၅၀၀ မီလီမီတာအထိ ရှိခဲ့ကြောင်း၊ ဒီဇင်ဘာ လတစ်လအတွင်း ရွာသွန်းခဲ့သည့်ပျမ်းမျှမိုးရေချိန်သည် မီလီမီတာ ၁၅၀ မှ ၂၀၀ အထိရှိခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံတောင်ပိုင်း၊ ခရိုင်ပေါင်း ၁၈ ခရိုင်အတွင်းရှိ ကျေးရွာပေါင်း ၁၂၄၅ ရွာမှ ပြည်သူပေါင်း ၂၃၄၀၀၀ ခန့် ရေဘေးဒုက္ခကိုခံစားခဲ့ကြရသည်။ ကားလမ်းများ၊ ရထားလမ်းများ ဆိုးရွားစွာပျက်စီးခဲ့ရသည်။ မိုးသည်းထန်စွာရွာသွန်းမှုသည် ထိုင်းပင်လယ်ကွေ့ကိုလည်း ထိခိုက်မှုရှိခဲ့သည်ဟုဆိုသည်။

နာယွန်းခရိုင်တွင် လမ်းများမှာ ဖြတ်သန်းသွား၍ မရနိုင်အောင်ပင် ရေလွှမ်းမိုးလျက်ရှိကြောင်း၊ ရေများသည် လမ်းမများပေါ်တွင် ၈၀ စင်တီမီတာအထက်တွင်ရှိနေပြီး အချို့သောလမ်းများတွင် ရွှံ့နွံများ ထူထပ်လျက်ရှိသည်ဟုဆိုသည်။

ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သည့် အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် ယခုကဲ့သို့ မိုးသည်းထန်စွာရွာသွန်းရခြင်းဖြစ်သည်ဟု ဆိုသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုးချားသည် ဆုန်ခလာပြည်နယ်တောင်ပိုင်းသို့ ရောက်ရှိလာပြီး လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့ပြင် ဝန်ကြီးချုပ်သည် ရေဘေးဒုက္ခသည်များအား ကူညီကယ်ဆယ်ပေးမှု အခြေအနေများအားစစ်ဆေးခဲ့သည်ဟုဆိုသည်။ **မယ်သီတာ**

## တရုတ်နိုင်ငံမြောက်ပိုင်းတွင် မီးခိုးများထူထပ်စွာကျရောက်နေ၍ အဝါရောင်အဆင့် သတိပေးချက်ထုတ်ပြန်

တရုတ်နိုင်ငံ မြောက်ပိုင်းဒေသများတွင် မီးခိုးများ ထူထပ်စွာကျရောက်နေသဖြင့် ပြည်သူများအား အဝါရောင်အဆင့်အဖြစ်သတ်မှတ်ထားကြောင်း တရုတ်နိုင်ငံမိုးလေဝသဗေဒဆိုင်ရာအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

တရုတ်နိုင်ငံ မြောက်ပိုင်းဒေသများဖြစ်သည့် ပေကျင်း၊ တီယန်ကျင်း၊ ဟီ ဘေး၊ ဟေနန်၊ ရှန်ဒေါင်း၊ ရှန်ဇီ၊ ဟူနန် စသည့်မြို့များအပါအဝင် မြို့ကြီး၁၀ မြို့တို့တွင် မီးခိုးမြူများ ဖုံးလွှမ်းလျက်ရှိကြောင်း၊ အဆိုပါ မီးခိုးမြူများသည် လေးငါးရက်ခန့် ဖုံးလွှမ်းနိုင်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မီးခိုးမြူများသည် ကျောက်မီးသွေးများကို အလွန်အကျွံသုံးစွဲမှုများကြောင့် ထွက်ပေါ်လာရခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံတွင် အေးမြသည့်ဆောင်းရာသီသို့ ရောက်ရှိနေပြီဖြစ်ရာ ဆောင်းရာသီ၏ အေးမြသည့်ဒဏ်ကို အံတုနိုင်ရန်အတွက် ပြည်သူများသည် ကျောက်မီးသွေးမီးဖိုများကို သုံးစွဲနေကြကြောင်း၊ ထို့ကြောင့် မီးခိုးမြူများ ဖုံးလွှမ်းနေရခြင်းဖြစ်ကြောင်း၊ မီးခိုးမြူများကြောင့် ကျန်းမာရေး ထိခိုက်နိုင်မည်ကို စိုးရိမ်ရကြောင်း၊ အဝါရောင်အဆင့် သတ်မှတ်ထားသဖြင့် ရှေ့မြင်ကွင်းကို သဲကွဲစွာမမြင်ရသည့် အခြေအနေတွင်ရှိနေကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံတော်ကောင်စီက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တိုးမြှင့်လုပ်ဆောင်ရေးနှင့်ပတ်သက်၍ ငါးနှစ်စီမံကိန်းကို ဒီဇင်ဘာ ၅ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

တရုတ်နိုင်ငံတော်ကောင်စီသည် ကျောက်မီးသွေးအသုံးပြုမှုကို တင်းတင်းကျပ်ကျပ်တားမြစ်ထားပြီး တရုတ်နိုင်ငံအတွင်း လေထုညစ်ညမ်းမှုသည် ကျောက်မီးသွေးများ အလွန်အကျွံသုံးစွဲမှုများကြောင့် ဖြစ်ရသည်ဟု အဆိုပါ ငါးနှစ်စီမံကိန်းတွင် ထည့်သွင်းဖော်ပြထားသည်။

အဆိုပါစီမံကိန်းတွင် ဖော်ပြထားချက်အရ ဘေဂျင်း၊ တီယန်ကျင်း၊ ဟီဘေး၊ ရှန်ဒေါင်း၊ ပုလဲမြစ်ဝကျွန်းပေါ်ဒေသနှင့် ယန်စီမြစ်ဝကျွန်းပေါ်ဒေသနှင့် မြို့ကြီး ၁၀ မြို့တို့တွင် ကျောက်မီးသွေးများ အလွန်အကျွံ ထုတ်ယူသုံးစွဲနေမှု များကြောင့် လေထုညစ်ညမ်းမှုများ ဖြစ်ပွားရသည်ကို ထင်ရှားစွာဖော်ပြထား ခြင်းဖြစ်သည်ဟုဆိုသည်။

**မယ်သီတာ**

# ကမ္ဘောဇဘဏ်တွင် MPT ဆင်းမ်ကတ်များ မှတ်ပုံတင်နိုင်ပြီ

မြန်မာ့ဆက်သွယ်ရေး လောကတွင် ဦးဆောင် အော်ပရေတာတစ်ဦးဖြစ်သည့် MPTသည်၎င်း၏မိတ်ဖက်အဖွဲ့အစည်း ဖြစ်သည့် ကမ္ဘောဇဘဏ်နှင့်ပူးပေါင်း၍ ဆင်းမ်ကတ်များအား ဒီဇင်ဘာလ ၁၅ ရက်မှစတင်ကာ မှတ်ပုံတင်နိုင်ပြီဖြစ် ကြောင်း သိရသည်။

MPT အသုံးပြုသူများသည် ကမ္ဘောဇဘဏ်ခွဲပေါင်း ၅၀ တွင် သွားရောက်မှတ်ပုံတင်နိုင်မည်ဖြစ်ပြီး လာရောက်မှတ်ပုံတင်သူများကို ကမ္ဘောဇဘဏ်မှ အခမဲ့အစီအစဉ်များ ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်ခွဲများတွင် MPT ဆင်းမ်ကတ်ကို မှတ်ပုံတင်သူသည် ကမ္ဘောဇဘဏ်၏ အင်တာနက်ဘဏ်စနစ် (KBZ Internet Banking) ကို အခမဲ့ ရယူနိုင်မည်ဖြစ်ပြီး ကမ္ဘောဇဘဏ် စာရင်းမရှိသေးသူများအတွက်ကိုလည်း ကမ္ဘောဇဘဏ်တွင် ကျပ် ၁၀၀၀ ကြို တင်ငွေဖြည့်သွင်းထားသည့် ငွေစုဘဏ် စာရင်းအသစ်တစ်ခုကို အခမဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်နှင့်MPT တို့ ယခုလို ပူးပေါင်းလိုက်ခြင်းသည် ဆင်းမ်ကတ် မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်ကို ပိုမိုလွယ်ကူ ချောမွေ့စေပြီး MPT အနေဖြင့် သုံးစွဲသူများ ဆင်းမ်ကတ်မှတ်ပုံတင်ဆောင်ရွက်နိုင်မည့် အခြားသောနည်းလမ်းများအပြင် ဝန်ဆောင်မှုအသစ်တစ်ခုအနေဖြင့် ထပ်မံပေးအပ်လိုက်ခြင်း ဖြစ်သည်။

MPT အသုံးပြုသူများသည် MPT Call Customer Service Center ၏ ဖုန်းနံပါတ် ၁၀၆ သို့ ခေါ်ဆို၍လည်း အွန်လိုင်းမှတစ်ဆင့် ဆင်းမ်ကတ်မှတ်ပုံတင်နိုင်မည့် လုပ်ငန်းစဉ်များနှင့် လိုအပ်သည်များ၊ ဆင်းမ်ကတ် မှတ်ပုံတင်နိုင်မည့်နေရာများကို သိရှိနိုင်မည်ဖြစ်သည်။

MPT-KSGM Joint Operation ၏ Chief Commercial Officer ဖြစ်သူ မစ္စတာကိုအိချိကာဝါဆဲက "ကမ္ဘောဇဘဏ်ကဲ့သို့ ဘဏ်ကြီးတွေနဲ့ ထပ်မံလက်တွဲခွင့်ရတဲ့အတွက် ၂၀၁၇ ခုနှစ် မတ်လ မတိုင်မီ MPT သုံးစွဲသူများ အားလုံး ဆင်းမ်ကတ် မှတ်ပုံတင်ရေးရည်မှန်းချက်ပန်းတိုင်နဲ့ ပိုပိုပြီး နီးကပ်လာပါပြီ။ ဆက်လက်ပြီးလည်း ဆင်းမ်ကတ်မှတ်ပုံတင်ရာမှာ လွယ်ကူမြန်ဆန်မှုရှိစေဖို့ ဝန်ဆောင်မှု ပေးနိုင်မယ့်နေရာတွေ တိုးချဲ့ရင်း သုံးစွဲသူတွေအတွက် အဆင်ပြေအလွယ်ကူဆုံးသော နည်းလမ်းများကို ကျွန်တော်တို့ ရှာဖွေသွားမှာပါ"ဟု ပြောကြားခဲ့ပါသည်။

ကမ္ဘောဇဘဏ်၏ အကြီးတန်း အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးအောင်ကျော်မျိုးကလည်း "ကျွန်တော်တို့ ကမ္ဘောဇဘဏ်အနေနဲ့ ဒီလိုစီမံကိန်းမှာ MPT နဲ့အတူ ပါဝင်ခွင့်ရတဲ့အတွက် အထူးဂုဏ်ယူမိပါတယ်။ ကမ္ဘောဇဘဏ်ခွဲတွေဟာ နိုင်ငံတစ်ဝန်းလုံးမှာ ရှိနေပြီဖြစ်တဲ့အတွက် သုံးစွဲသူများ ဆင်းမ်ကတ် မှတ်ပုံတင်တဲ့အခါမှာ ပိုမိုလွယ်ကူပြီး အဆင်ပြေချောမွေ့စေမှာပါ။ ကျွန်တော်တို့နဲ့အတူ သုံးစွဲသူများ ပိုမိုပါဝင်လာအောင်လည်း ကျွန်တော်တို့ပရိုမိုးရှင်းတွေပြုလုပ်ပေးထားပါတယ်။ သုံးစွဲသူများအတွက်ရော ကျွန်တော်တို့အတွက်ရော MPT အတွက်ရော နိုင်ငံတော်အတွက်ပါ အောင်မြင်တဲ့ စီမံကိန်းတစ်ခုဖြစ်လိမ့်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ပါသည်။

MPT ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းနှင့် ကမ္ဘောဇဘဏ်အကောင့် ဖွင့်လှစ်ခြင်းတို့အတွက် သုံးစွဲသူများသည် ၎င်းတို့၏ မှတ်ပုံတင်မူရင်းပြသရန် လိုအပ်မည်ဖြစ်သည်။ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတို့အပါအဝင် မှတ်ပုံတင်ခြင်း ဆောင်ရွက်နိုင်မည့် ဘဏ်ခွဲစာရင်း အပြည့်အစုံကို MPT ၏ ဝက်ဘ်ဆိုဒ် www.mpt.com.mm တွင် ဝင်ရောက် ရယူနိုင်ကြောင်း သတင်းရရှိသည်။

## Vietjet နှင့် Air India တို့ ပူးပေါင်း၍ ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံတို့အကြား လေကြောင်းဝန်ဆောင်မှုလုပ်ငန်းများ ပံ့ပိုးဆောင်ရွက်မည်




Vietjet နှင့် Air India တို့ ပူးပေါင်း၍ ဗီယက်နမ်နှင့်အိန္ဒိယနိုင်ငံတို့အကြား လေကြောင်းဝန်ဆောင်မှုလုပ်ငန်းများအား ပံ့ပိုးဆောင်ရွက်မည်ဖြစ်ကြောင်း Vietjet ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

Vietjet လေကြောင်းလိုင်း၏ ဒုတိယဥက္ကဋ္ဌ Mr. Dinh Viet Phuong နှင့် Air India Limited ၏ စီးပွားရေးဒါရိုက်တာနှင့်ဘုတ်အဖွဲ့ဝင် Mr. Pankaj Srivastava တို့က ဝန်ဆောင်မှုများ ပူးပေါင်းဆောင်ရွက်မည့် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

Vietjet လေကြောင်းလိုင်း၏ ဒုတိယဥက္ကဋ္ဌ Mr. Dinh Viet Phuong က "ကျွန်တော်တို့အနေနဲ့ ဒီနေ့မှာ အဲအိန္ဒိယနဲ့အတူ သဘောတူညီမှု ရရှိလိုက်တဲ့အတွက် ဝမ်းသာပီတိ ဖြစ်ရပါတယ်။ အဲအိန္ဒိယရဲ့လေကြောင်းပိုင်းဆိုင်ရာ အတွေ့အကြုံတွေနဲ့ လုပ်ဆောင်နိုင်စွမ်းတွေက Vietjet ရဲ့အိန္ဒိယ ခရီးစဉ်ပျံသန်းပြေးဆွဲမှုကို ပိုမိုကောင်းမွန်စေပါတယ်။ အိန္ဒိယရဲ့ တစ်ဘီလီယံကျော်ရှိတဲ့ လူငယ်လူဦးရေနဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ Vietjet အတွက် အလားအလာကောင်းတဲ့ ဈေးကွက်ကြီးတစ်ခု ဖြစ်ပါတယ်။ အပြန်အလှန်အနေနဲ့လည်း ဗီယက်နမ်နဲ့ အိန္ဒိယနှစ်နိုင်ငံကြား စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနဲ့ ခရီးသွားကဏ္ဍတွေမှာ ပူးပေါင်း ဆောင်ရွက်မှုတွေ မြင့်မားလာစေဖို့ ဒီစာချုပ်က ကောင်းကောင်း အထောက်အကူပြုပါလိမ့်မယ်"ဟု ပြောကြား သည်။

ထို့ပြင် Vietjet နှင့် Air India တို့အနေဖြင့် ဟိုချီမင်းမြို့တော်နှင့် နယူးဒေလီမြို့တို့ကို တိုက်ရိုက်လေကြောင်း ခရီးစဉ်များ ချိတ်ဆက်ပျံသန်းခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုကို စတင်ကြမည် ဖြစ်သည်။

ဗီယက်နမ်နှင့် အိန္ဒိယနှစ်နိုင်ငံအကြား ကုန်ပစ္စည်းဖြန့်ဖြူး ရောင်းချမှုများ၊ ခရီးသွားနှင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှု အကောင်အထည်အဖော်တိုးချဲ့ခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ပြီး ဝန်ထမ်းများအား ပူးတွဲလေ့ကျင့်သင်ကြားခြင်းဖြင့် အဆိုပါလေကြောင်းလိုင်းနှစ်ခုအကြား အသိပညာနှင့် လေကြောင်းဝန်ဆောင်မှု အတွေ့အကြုံများ ဖလှယ်နိုင်မည် ဖြစ်သည်။

မြင့်မားသော ဝန်ဆောင်မှု အရည်အသွေး၊ အထူးသက်သာသော ဈေးနှုန်းများနှင့် ရွေးချယ်စရာများပြားသော လက်မှတ်အမျိုးအစားများဖြင့် Vietjet သည် ခရီးသည်များအား ပျော်ရွှင်ဖွယ်ရာ ဝေဟင်ခရီးစဉ်များကို ပေးနေသည့်အပြင် တက်ကြွဖော်ရွေဝန်ဆောင်မှုကောင်းသည့် လေယာဉ်မောင်/မယ်များ၊ သက်သာအနား ယူဖွယ်ရာထိုင်ခုံများ၊ အရသာကောင်းမွန်သည့် လေယာဉ်တွင်းအစားအသောက်များနှင့် ထူးခြားသည့် ပျော်ရွှင်ဖွယ်ရာအစီအစဉ်များကိုလည်း စီစဉ်ထားရှိကြောင်း Vietjet ၏သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **မယ်သီတာ**

## BASF ကုမ္ပဏီက မြန်မာနိုင်ငံတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံး ဓာတုဗေဒ ကုန်ပစ္စည်းများထုတ်လုပ်သည့် စက်ရုံတစ်ရုံ တည်ဆောက်မည်

ဂျာမနီနိုင်ငံမှ BASF ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံး ဓာတုဗေဒဆိုင်ရာ ကုန်ပစ္စည်း ဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပထမဦးဆုံးစက်ရုံတစ်ရုံကို တည်ဆောက်သွားမည် ဖြစ်ကြောင်း BASF ကုမ္ပဏီ၏သတင်းထုတ်ပြန်ချက်များ အရ သိရသည်။



BASF ကုမ္ပဏီသည်မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် စက်တင်ဘာလကတည်းက မြန်မာနိုင်ငံတွင် ရုံးခန်းစတင်ဖွင့်လှစ် ကာ လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့သည်။

သို့သော် BASF ကုမ္ပဏီသည် ၎င်းကုမ္ပဏီမှ ထုတ်လုပ်လျက်ရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ဓာတုဗေဒ ပစ္စည်းများ၊ သတ္တုတူးဖော်ရေးလုပ်ငန်း သုံးဓာတုဗေဒပစ္စည်းများအား လွန်ခဲ့သည့် ၁၀ နှစ်ခန့်မှစတင်ကာ ပြည်တွင်းရှိကိုယ်စားလှယ်များမှတစ်ဆင့် ဖြန့်ဖြူး ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

BASF ကုမ္ပဏီသည် ၎င်း၏ ဓာတုဗေဒပစ္စည်းစက်ရုံကို ရန်ကုန်မြို့တွင် တည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"အထပ်မြင့် အဆောက်အဦးတွေ၊ လမ်းတွေ၊ တံတားတွေကို ပိုပြီးဆောက်လုပ်လာတဲ့အတွက် မြန်မာနိုင်ငံရဲ့ ဆောက်လုပ်ရေးလုပ်ငန်းနယ်ပယ်မှာ ပိုပြီး ခေတ်မီအဆင့်မြင့်လာတာနဲ့အမျှ အရည်အသွေးမြင့်မားတဲ့ နည်းပညာတွေ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးဓာတုကုန်ပစ္စည်း လိုအပ်ချက်တွေဟာလည်း မြင့်မားလာမှာဖြစ်ပါတယ်။ BASF အနေနဲ့ သီလဝါအထူးစီးပွားရေးဇုန်၊ ရဲရွာရေအားလျှပ်စစ် ဆည်၊ မြင်းခြံသံမဏိစက်ရုံတို့လို အဓိကအရေးပါတဲ့ တည်ဆောက်ရေးလုပ်ငန်းတွေနဲ့ အခြေခံအဆောက်အဦး စီမံကိန်းတွေကို ပံ့ပိုးပေးနိုင်ခဲ့တဲ့ အောင်မြင်မှု မှတ်တမ်းများလည်းရှိခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်တွင်းမှာသာမက ကမ္ဘာအနှံ့ကရရှိခဲ့တဲ့ ဆယ်စုနှစ်များစွာသော အတွေ့အကြုံတွေကို မြန်မာနိုင်ငံရဲ့ အရေးကြီးတဲ့ကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေဖို့ လုပ်ဆောင်သွားမှာပါ"ဟု BASF မှ အာရှဒေသတွင်း ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ ဓာတုကုန်ပစ္စည်းဌာနမှုခေါင်းဆောင် Christian Mombaur က ပြောကြားခဲ့သည်။

BASF သည် မြန်မာနိုင်ငံကဲ့သို့သော ထွန်းသစ်စဈေးကွက်များကို ၎င်း၏ သုတေသနနှင့် ဖွံ့ဖြိုးမှုကွန်ရက်မှ ရရှိသောရလဒ်များကို အခြေခံ၍ ဈေးကွက်နှင့်ကိုက်ညီမည့် ကုန်ပစ္စည်းများအား ပံ့ပိုးပေးလျက်ရှိသည်။ BASF မှ ရရှိနိုင်သော ကုန်ပစ္စည်းများမှာ Master Roc®, Master Flow®, Master Seal®, Master Glenium®, Master Rheobuild® နှင့် Master Pozzolith® တို့ဖြစ်ကြသည်။ **မယ်သီတာ**

## ➢ စာမျက်နှာ - ၁၈ ကားလောက ···· မှ အဆက်

ဒါကြောင့် တစ်ဦးချင်းမော်တော် ယာဉ်တင်သွင်းလိုတဲ့သူတွေလည်း ပြင်ပပုဂ္ဂလိဘဏ်တွေမှာ နိုင်ငံခြားငွေ စာရင်းဖွင့်လှစ်ပြီး ကားတင်သွင်းခွင့်တွေ ဆောင်ရွက်လာတာဟာ ဒီနေ့အထိလို့ ပြောရမှာဖြစ်ပါတယ်။

ဒီလိုလုပ်ဆောင်ပေးခဲ့တာဟာ ကား လောကသားတချို့အတွက် ခုတုံးလုပ်စရာ အကွက်တစ်ကွက်အဖြစ် ပေါ်လာခဲ့ရတာ ဖြစ်ပါတယ်။

ပုဂ္ဂလိကဘဏ်တွေဟာ ဘဏ်ရဲ့ ဝန်ဆောင်မှုအတွက် နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ရာမှာ လူကိုယ်တိုင်သွားရောက်စရာမလိုဘဲ အွန်လိုင်းမှတစ်ဆင့် ဖွင့်လှစ်နိုင်တဲ့အထိ ဝန်ဆောင်မှုတွေကောင်းလာတာကြောင့် ဘဏ်စာအုပ် အတုတွေအများအပြားပေါ်ထွက်လာခဲ့ရတာဖြစ်ပါတယ်။

နည်းပညာခေတ်ရောက်လာတဲ့ အတွက်အတုတွေဟာ အစစ်နဲ့မခြား ဖြစ်နေခဲ့တဲ့အတွက် လိုင်စင်ထုတ်ပေးခဲ့ရတာတွေလည်း အများအပြားရှိခဲ့ပါတယ်။ ဒါပေမဲ့ အတုဟာ အစစ်ဖြစ်မလာနိုင်တာကြောင့် နောက်ဆုံး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရဲ့ လိုင်စင်စိစစ်တဲ့နေရာမှာ ဗူးပေါ်သလို ပေါ်ခဲ့ရတဲ့အတွက် အရေးယူမှုတွေပြုလုပ်ခဲ့ရတယ်လို့ ဆိုပါတယ်။

တစ်ဦးချင်း လိုင်စင်လျှောက်ထားရာမှာလည်း လူကိုယ်တိုင်ရော ကိုယ်စားလှယ်နဲ့ပါ လျှောက်ထားနိုင်တာကြောင့် တစ်ဦးချင်း ယာဉ်တင်သွင်းလိုသူတွေအတွက် အဆင်ပြေစေနိုင်တဲ့ အစီအစဉ် တစ်ခုပဲဖြစ်ပါတယ်။

ဒါပေမယ့်လည်း ကားလောကသားတွေရဲ့ လောဘဟာ တစ်နေ့တခြား ကြီးထွားလာခဲ့တာကြောင့် ကားတင်သွင်းမယ့်သူ အတု၊ မှတ်ပုံတင်အတု၊ သန်းခေါင်စာရင်းအတု စတဲ့အတုပေါင်းများစွာကို ဖန်တီးလာခဲ့ပါတယ်။


Ong Taminn
VijayKumarKedia
Vijay Kumar Kedia
Kyaw Maw Aung
Write a reply...


Vijay Kumar Kedia added 8 new photos.
December 13 at 8:18pm
Daily star က ဦး ကားပါမစ် အလိမ်ခံရသော မိတ်ဆွေများ/-


Distinct Trading Co., Ltd. with Htut Htake and 2 others.
7 hrs
CIF 5000 ကားများအား
Distinct Trading Co., Ltd.
09-360-51-222
09-360-51-444

အဲဒီလို အတုတွေ ပြုလုပ်ပြီး ယာဉ်တင်သွင်းခွင့်လိုင်စင်ကို လျှောက်ထားလာတာကို စိစစ်တွေ့ရှိခဲ့ရတဲ့အတွက် အရေးယူမှုတွေ ပြုလုပ်ခဲ့ရပါတယ်။

အခုလက်ရှိ ကျင့်သုံးနေတဲ့ မော်တော် ယာဉ်တင်သွင်းခွင့်မူဝါဒဟာ ယခင်အစိုးရလက်ထက်က တင်သွင်းခဲ့ တဲ့ မူဝါဒဖြစ်သလို လက်ရှိအခြေအနေနဲ့လည်း ကိုက်ညီမှုမရှိတဲ့အတွက် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီက ဒီဇင်ဘာလဆန်းပိုင်းက ယာဉ်တင်သွင်းခွင့်မူဝါဒအသစ်ကို ထုတ်ပြန်ခဲ့ပါတယ်။

အဲဒီမူဝါဒအသစ်ဟာ လာမယ့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှာ စတင် ကျင့်သုံးတော့မှာဖြစ်ပါတယ်။

ဒါကြောင့် နှစ်ကုန်ဖို့ရက်ပိုင်းအလိုမှာ ကားလောကသားတွေဟာ မူဝါဒအဟောင်းနဲ့ ကားတင်သွင်းနိုင်ဖို့ ကြိုးစားလာကြတာပဲ ဖြစ်ပါတယ်။

အဲဒီလို ကြိုးစားလာရာမှာ မှန်မှန်ကန်ကန် ပြုလုပ်ခြင်းမရှိဘဲ မှတ်ပုံတင် နံပါတ်တွေကို ပြင်ဆင်တာ၊ လူတွေကို ငှားရမ်းခေါ်ဆောင်လာတာတွေကို မျက်မြင်တွေ့ရှိခဲ့ရပါတယ်။

ဒါကြောင့် ကားလောကသားတွေဟာ သာယာဝတီ၊ ဥက္ကံ၊ သုံးဆယ်၊ ပဲခူး၊ ဘားအံ၊ မော်လမြိုင်၊ နေပြည်တော်၊ လယ်ဝေး၊ ပျဉ်းမနား၊ မန္တလေး၊ မိတ္ထီလာ၊ မြင်းခြံ၊ ပုဂံ၊ ပုပ္ပါး၊ ကျောက်ပန်းတောင်း စတဲ့ အနယ်နယ်အရပ်ရပ်က ပြည်သူတွေဆီက မှတ်ပုံတင်တွေ၊ သန်းခေါင်စာရင်းတွေ ငှားပြီး ယာဉ်တင်သွင်းခွင့် လိုင်စင်လျှောက်ဖို့ ကြိုးစားခဲ့ကြပါတယ်။

ပိုဆိုးတာက တစ်ဦးချင်းပါမစ်တွေကို ကျပ်ရှစ်သိန်း၊ ကျပ် ၁၀ သိန်းနဲ့ ရောင်းမယ်လို့ သူတို့ကျင်လည်ကျက်စား ရာလောကနဲ့ Facebook တစ်ခွင်မှာ ကြေညာလိုက်တဲ့အတွက် ကားမဝယ်ချင်ဘဲ ကားတင်သွင်းချင်တဲ့သူတွေဟာ နေပြည်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရုံးချုပ်မှာ တိုးမပေါက်အောင် စည်ကားလာခဲ့တာဖြစ်ပါတယ်။

ကားတင်သွင်းခွင့်ပါမစ်တွေကို ရန်ကုန်မြို့မှာရှိတဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန တိုင်းဒေသကြီးရုံးမှာ သွားရောက်လျှောက်ထားရင် ရပါလျက်နဲ့ ရန်ကုန်ရုံးမှာ မှတ်ပုံတင် အတု၊ လူအတု၊ သန်းခေါင်စာရင်းအတု နဲ့ လာရောက်လျှောက်ထားတာကို အမှုဖွင့်ဖမ်းဆီးလိုက်တဲ့အတွက် နေပြည်တော်ရုံးချုပ်မှာ သွားရောက်လျှောက်ထားခဲ့ကြတာဖြစ်ပါတယ်။

နေပြည်တော်ရုံးချုပ်မှာ လာရောက်လျှောက်ထားတဲ့အခါမှာ မှတ်ပုံတင်အစစ်တွေ၊ သန်းခေါင်စာရင်းအစစ်တွေကြားမှာ အတုတွေကို ကြားညှပ်ပြီး လျှောက်ကြပေမယ့်လည်း လူဝင်မှုကြီးကြပ်ရေးက တာဝန်ရှိသူတွေကို စစ်ဆေးခိုင်းလိုက်တဲ့အခါမှာအတုတွေ တသီကြီးဖမ်းမိတဲ့အတွက် ကားလောကသားတွေအတွက် ပြေးစရာမြေမရှိဖြစ်ခဲ့ရတာပါပဲ။

နေပြည်တော်မှာရော ရန်ကုန်မြို့ မှာပါရှိတဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေအနေနဲ့ ကားတင်သွင်းရာမှာ မသမာမှုတွေမရှိစေဖို့ ကြိုတင်စီမံချက်ချပြီး လုပ်ဆောင်ခဲ့ကြပါတယ်။

ကားတင်သွင်းဖို့လိုင်စင်လာ ရောက်လျှောက်ထားသူတွေဟာအမှန် တကယ်ကားဝယ်စီးနိုင်သူတွေလား၊ အမှန်တကယ်ကားဝယ်ဖို့ လိုအပ်နေသူတွေလား၊ သေချာစွာ စိစစ်မေးမြန်းပြီးမှ လိုင်စင်ခွင့်ပြုပေးခဲ့တာဖြစ်ပါတယ်။

ယာဉ်တင်သွင်းခွင့် လိုင်စင်လာလျှောက်သူအများစုဟာကိုယ်စားလှယ် (အရပ်ခေါ် ပွဲစား) များနဲ့သာ လာရောက်ကြတာဖြစ်ပေမယ့် ကိုယ်စီးမယ့်မြင်း အထီးလား အမလားမသိတဲ့အခြေအနေမျိုးဖြစ်နေတာကိုလည်း တွေ့ရပါတယ်။



ပွဲစားက နှုတ်တိုက်သင်ပေးလိုက်တာတွေကို တာဝန်ရှိသူတွေရဲ့ရှေ့မှာ ကြက်တူရွေးအော်သလို ဆက်တိုက် အော်ပြ ရွတ်ပြနေတာတွေဟာ အမှန်တကယ် ကားတင်သွင်းချင်လို့မဟုတ်ဘူးဆိုတာ သက်သေပြနေတာပါပဲ။

ဒီလိုအချက်တွေကြောင့် ယာဉ် တင်သွင်းခွင့်လိုင်စင်မရလိုက်တဲ့အတွက် သူတို့နဲ့သက်ဆိုင်တဲ့ပွဲစားတွေဟာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်ရုံးရှေ့မှာ ဌာနဆိုင်ရာ တာဝန်ရှိသူတွေကို မကြားဝံ့မနာသာတွေ ပြောဆိုခဲ့တဲ့အတွက် အရေးယူခဲ့ရပါသေးတယ်။

ကားတင်သွင်းခွင့်လိုင်စင်ရဖို့အတွက် ကိုယ်စားလှယ်နဲ့ လျှောက်လို့ရနေတာကို မမှန်မကန်လုပ်နေကြတဲ့အတွက် နိုင်ငံတော်က တာဝန်ရှိသူတွေအနေနဲ့လည်း ကားတင်သွင်းလိုပါက လူကိုယ်တိုင်လာ ရောက်လျှောက်ထားရမည်လို့သတ်မှတ်လိုက်ရတာဖြစ်ပါတယ်။

ဒါပေမယ့်လည်း ကားလောကသားတွေ အများစုဟာ ကားလောကကို မွှေဖို့နှောက်ဖို့သာ စဉ်းစားနေကြတာမို့ အချို့သော ကားလောကသားတွေက "ကားလျှောက်မယ့်ပိုက်ဆံတွေ ပြန်အမ်းမယ်၊ ငွေအမြန်ဆုံးလာထုတ်ပါ" ဆိုပြီး သူတို့အများဆုံးလှုပ်ရှားနေတဲ့ Facebook မှာတင်ပြီး ဖွပါတော့တယ်။

အဲဒီလိုသတင်းတွေကြောင့် ပြန် ထုတ်မယ်ဆိုရင် ဘယ်လောက်အထိ နစ်နာမယ်၊ ဘာတွေဖြစ်မယ်ဆိုပြီး အပြင်လောကမှာ သတင်းတွေစုံနေအောင်ကြားခဲ့ရပါတယ်။ ဘဏ်က ပြန်ထုတ်ပေးမယ်ဆိုရင် အခုပေါက်ဈေးအတိုင်း မရနိုင်ဘူး၊ သူ့ရဲ့ဈေးဖြစ်တဲ့ ၁၃၅၀ နဲ့ပဲ ထုတ်ပေးမှာ၊ အဲဒါဆို ဘယ်လောက်အထိ နစ်နာသွားပြီဆိုတဲ့ ဘယ်ကလာမှန်းမသိတဲ့သတင်းတွေကြောင့် ကားလိုင်စင်ရဖို့အရေး နယ်ပေါင်းစုံက လူတွေကို နေပြည်တော်၊ ရန်ကုန်အထိ စရိတ်စကခံပြီး ခေါ်လာခဲ့ကြပါတယ်။

ကိုယ်စားလှယ်နဲ့ လိုင်စင်လျှောက်တဲ့အခါမှာ ဝန်ဆောင်စရိတ်က ကျပ် ၇၅၀၀၀ ပေးရပါတယ်။ အဲဒီ ကျပ် ၇၅၀၀၀ မှာ လိုင်စင်ကြေးက ကျပ်ငါးသောင်း၊ အွန်လိုင်းကြေးက ကျပ် ၂၅၀၀၊



Special Power က ရန်ကုန်မှာဆို ကျပ် ၁၆၀၀၊ နေပြည်တော်မှာဆို ကျပ် ၃၅၀၀၊ ပေးရပြီး ကျန်တာကတော့ ကိုယ်စားလှယ်အတွက်ပါပဲ။ လူငှားလာတဲ့အတွက် အဲဒီလူငှားခက အစတုန်း က ကျပ်နှစ်သောင်းသုံးသောင်းသာရှိပေမယ့် အခုအခါမှာ ကျပ်ငါးသောင်း၊ ငါးသောင်းခွဲအထိ ရှိလာခဲ့ပါတယ်။ အဲဒီ ငှားလာတဲ့သူတွေရဲ့ တည်းခိုစရိတ်တွေ၊ စားစရိတ်တွေ ပေါင်းလိုက်တော့ ကျပ် နှစ်သိန်းခွဲ၊ သုံးသိန်းခွဲဖြစ်ကုန်ရတာပါပဲ။

ဒါတွေဟာ ကားလောကသားတွေရဲ့ မသမာမှုနဲ့ လောဘတက်မှုတွေကြောင့် ဖြစ်ခဲ့ရတာပါဆိုရင် မှားမယ်မထင်ပါဘူး။ ကားလောကသားတွေဟာ တရားဝင် အရောင်းစင်တာလည်း မဖွင့်၊ နိုင်ငံတော်ကိုလည်းအခွန်မဆောင်ဘဲ တရားမဝင်တဲ့နည်းလမ်းတွေနဲ့ ကားတင်သွင်း၊ လမ်းဘေးကားအရောင်းစင်တာတွေဖွင့်ပြီး လုပ်နေရာကနေ အခုလို စနစ်တကျ စစ်ဆေးကြပ်မတ်လိုက်တဲ့အခါမှာတော့ ကားလောကသားတွေအတွက် တကယ့်ကို အခက်အခဲတွေ့ ကုန်ကြရတာပါပဲ။

ကားတင်သွင်းခွင့် လိုင်စင်ကို လျှောက်ထားရာမှာ တရားဝင်မှန်မှန်ကန်ကန် တင်သွင်းမယ်ဆိုရင် ဘာအခက်အခဲမှမရှိသလို မိမိကြိုက်ရာကားကို စရိတ်စကသက်သက်သာသာနဲ့ စီးနိုင်ကြတဲ့ အခြေအနေအထိရောက်အောင် နိုင်ငံတော်က ပံ့ပိုးကူညီပေးထားပြီးဖြစ်ပါတယ်။

ဒါပေမယ့်လည်း မမှန်မကန်လုပ်နေကြတဲ့ လောဘသားတွေကြောင့် မှန်မှန်ကန်ကန်နဲ့ ကားတင်သွင်းတဲ့သူတွေပါ အချိန်တွေနှောင့်နှေး ကြန့်ကြာခဲ့ရပါတယ်။

မှတ်ပုံတင်အတု၊ သန်းခေါင်စာရင်း အတု၊ လူအတုစတဲ့ အတုပေါင်းများစွာ ပြုလုပ်ပြီး မတော်လောဘနဲ့ လုပ်စား လာကြတဲ့အတွက် ကားဈေးကွက် အတွင်းမှာ မကြာခဏဆိုသလို အပြောင်းအလဲတွေဖြစ်ပေါ်ခဲ့ရပါတယ်။ ကားဈေးကွက်ဟာလည်း ဈေးအတက် အကျများစွာတွေ ဖြစ်ပေါ်ခဲ့တဲ့အတွက် သာမန်ပြည်သူတွေအတွက် အခက်အခဲတွေ ဖြစ်ပေါ်ခဲ့ရပါတယ်။

ဒါကြောင့် မမှန်မကန်ပြုလုပ်နေတဲ့ ကားလောကသားတွေ ကင်းစင်စေဖို့အတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ❑

Vol: 16, No.48 Monday December 19 2016

# မင်္ဂလာဒုံမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် သန်လျင်မြို့နယ်တို့တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်တိုင်းကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ဒီဇင်ဘာလ ၇ ရက်က မင်္ဂလာဒုံမြို့နယ် မြတ်ရတနာခန်းမတွင် လည်းကောင်း၊ ဒီဇင်ဘာလ ၁၄ ရက်က ရွှေပြည်သာမြို့နယ် ရွှေပြည့်ရတနာခန်းမတွင်လည်းကောင်း၊ ဒီဇင်ဘာလ ၁၆ ရက်က သန်လျင်မြို့နယ် သမဝါယမတက္ကသိုလ် (ဥတ္တရ)ခန်းမ၌လည်းကောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း အသိပညာပေး ဟောပြောဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲများတွင် မင်္ဂလာဒုံမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့ရှိ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဒေဝနဲ့ ဦးရဲထွန်းအောင်၊ သန်လျင် မြို့နယ် သမဝါယမတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ ရီရီဝင်းတို့က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာ ချိုချိုဝင်း၊ ဒေါက်တာ စုမြတ်ဖြူနှင့် ဒေါ်နွယ်နီဇင် ဆေးဘက်ကျွမ်းကျင်-၂(ဆေးဝါး)တို့က စားသောက်ကုန်များတွင် အသုံးပြုနေသည့် ဆိုးဆေးများအကြောင်း၊ ဌာနမှဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ ဌာနမှဆောင်ရွက်မှု အခြေအနေ၊ ဆေးများကို ဝယ်ယူသုံးစွဲ စားသုံးရာတွင် လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် အချက်များ အစားအသောက်၊ ဆေးဝါး၊ အလှကုန်များ၏ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အာနိသင် သက်ရောက်မှုများ အကြောင်းများကို ဟောပြော ဆွေးနွေးပါသည်။ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာ နန်းလှထွန်း၊ ဒေါက်တာ စံလင်းနှင့် ဒေါက်တာ စန္ဒာဝင်းတို့က မြန်မာနိုင်ငံသည် ကင်ဆာ အဖြစ်ဆုံးတွင် ဒုတိယနေရာတွင် ရှိနေသည့်အတွက် ကင်ဆာရောဂါဖြစ်ပွားနိုင်သည့် အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများ အကြောင်းနှင့် စားသုံးသူပြည်သူများ အနေအထိုင်၊ အစားအသောက်၊ သုံးစွဲမှုများကို ကျန်းမာရေးနှင့် ညီညွတ်အောင် ပြောင်းလဲသင့်ကြောင်း ဟောပြောဆွေးနွေးခဲ့ပါတယ်။

စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် ဦးစီးအရာရှိ ဒေါ်ဝါဝါခိုင်တို့က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးနေရာအတွင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ စားသုံးသူရေးရာ ဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပုံနှင့် ဌာန၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ၊ စားသုံးသူများသိရှိလိုက်နာရမည့် အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်နှင့် တားမြစ်ချက်များ၊ ဗဟိုကော်မတီ၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ် ဖွဲ့စည်းထားရှိမှုနဲ့ လုပ်ငန်းတာဝန်များ၊ ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လျှင် တိုင်ကြားနိုင်သည့် နည်းလမ်းများ၊ ဥပဒေပါပြစ်မှုပြစ်ဒဏ်များ၊ နေ့စဉ်ဝယ်ယူသုံးစွဲနေသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ရွေးချယ်ဝယ်ယူ အသုံးပြုနိုင်သည့် နည်းလမ်းများ၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ အောင်မြင်စေရန် အစိုးရဌာနဆိုင်ရာများ၊ NGOs စီးပွားရေးလုပ်ငန်း ရှင်များ၊ စားသုံးသူ ပြည်သူများအားလုံး အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းဆွေးနွေးပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများနှင့် မိတ်ဖက်ဌာနများမှ တာဝန်ရှိသူများ၊ မင်္ဂလာဒုံမြို့နယ်တွင် စုစုပေါင်း ၁၀၃ ဦးနှင့် ရွှေပြည်သာမြို့နယ်တွင် စုစုပေါင်း ၈၇ ဦး တက်ရောက်ခဲ့ပြီး သန်လျင်မြို့နယ် သမဝါယမတက္ကသိုလ်တွင် ကျင်းပ ပြုလုပ်ခဲ့သည့်ဟောပြောပွဲသို့ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ကထိကနှင့် လက်ထောက်ကထိကများ၊ နည်းပြများ၊ ဌာနမှူးများ၊ ကျောင်းသား/ကျောင်းသူများ စုစုပေါင်း ၃၁၀ ဦး တက်ရောက်ခဲ့ပါတယ်။

အလားတူ ဒီဇင်ဘာလ ပထမပတ်နှင့် ဒုတိယပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် ၁၀ နေရာ၊ အနောက်ပိုင်းခရိုင်တွင် ၁၀ နေရာ၊ တောင်ပိုင်းခရိုင်တွင် ၂၇ နေရာ၊ မြောက်ပိုင်းခရိုင်တွင် ၂၂ နေရာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**အိန္ဒြေအောင် (စားသုံးသူ)ရန်ကုန်**

## ဘားအံမြို့ရှိ ရေသန့်စက်ရုံများအား သွားရောက်စစ်ဆေး



ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စည်ပင် သာယာရေး ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများမှ တာဝန်ရှိသူများ ပါဝင်သော အဖွဲ့သည်ဘားအံမြို့နယ်အတွင်းရှိ ရေသန့်စက်ရုံများသို့ ဒီဇင်ဘာ ၁၃ ရက်က သွားရောက်ပြီး ထုတ်လုပ်မှုအခြေအနေ၊ လုပ်ငန်းလိုင်စင်နှင့် စနစ်တကျ ထုတ်လုပ်မှု ရှိ/မရှိ ကွင်းဆင်း စစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာရှိ ဇော်မွန်အမှတ်တံဆိပ် သောက်ရေသန့်၊ UT အမှတ်တံဆိပ် သောက်ရေသန့်၊ လှာကမြင်ကျေးရွာရှိ New Modern သောက်ရေသန့်နှင့် အမှတ်(၉)ရပ်ကွက်ရှိ မေတ္တာရေစင်သောက်ရေသန့် လုပ်ငန်းများအား သတ်မှတ်ခွင့်ပြုချက်များ ရှိ/မရှိ၊ သက်ဆိုင်ရာဌာနများရဲ့ စစ်ဆေး ထောက်ခံချက်များ ရှိ/မရှိ စစ်ဆေးခြင်းနဲ့ သတ်မှတ်ထားတဲ့ ခွင့်ပြုချက်လိုင်စင်များ မရှိပါက၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း မပြုလုပ်ရန်၊ သက်ဆိုင်ရာဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် စီးပွားရေးလုပ်ငန်းရှင်ရဲ့ တာဝန်များအား အလေးဂရုပြု ဆောင်ရွက်ရန် မှာကြားဆွေးနွေးခြင်းနဲ့ လုပ်ငန်းရှင်များရဲ့ အခက်အခဲများကိုလည်း ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**စိုးမင်းလတ် (ဘားအံ)**

## ရွှေဘိုခရိုင်၊ ရွှေဘိုမြို့တွင် စားသုံးသူအကာအကွယ်ပေးရေး ဆွေးနွေးဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူး၏ ညွှန်ကြားမှု၊ ရွှေဘိုခရိုင် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှုများနှင့်အညီ ရွှေဘိုခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ကြီးမှူး၍ ဒီဇင်ဘာ ၇ရက်က ရွှေဘိုမြို့ ရန်ကြီးအောင် ခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေး ဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။

အဆိုပါ စားသုံးသူအကာအကွယ်ပေးရေး ဆွေးနွေးပွဲသို့ စားသုံးသူရေးရာ ဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူး၊ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ မြို့နယ် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရွှေဘိုခရိုင် အတွင်းရှိ မြို့နယ်များမှ အစိုးရမဟုတ်သော စားသုံးသူအကာအကွယ်ပေးရေးအသင်းများ စုစုပေါင်း ၁၅၀ ဦး တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် ရွှေဘိုခရိုင် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထူးက စားသုံးသူအကာအကွယ်ပေးရေးသည် အစိုးရဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်ခြင်းထက် မိတ်ဖက်ဌာနများ၊ NGOs အသင်းများနှင့် စားသုံးသူပြည်သူ အားလုံး ပူးပေါင်း ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ရွှေဘိုခရိုင် ဥပဒေအရာရှိက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနှင့် ဥပဒေပါ စားသုံးသူ အခွင့်အရေးနှင့် တာဝန်၊ စီးပွားရေးလုပ်ငန်းရှင် အခွင့်အရေးနှင့် တာဝန်များကို လည်းကောင်း၊ ခရိုင်ကျန်းမာရေး ဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့က အစားအသောက်၊ ကုန်စည်နှင့် ဝန်ဆောင်မှုများမှ အန္တရာယ်ရှိမှု၊ ကျန်းမာရေးထိခိုက်မှု၊ ဆုံးရှုံးနစ်နာမှုများကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသည့် ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦး၊ တန့်ဆည်၊ ဒီပဲယင်းမြို့နယ်များမှ အစိုးရမဟုတ်သော စားသုံးသူအကာအကွယ်ပေးရေးအသင်းများက စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် ပေါင်းစပ်ဖြည့်ဆည်း ပေးရန် လိုအပ်ချက်များကို ဆွေးနွေးကြပါသည်။ စစ်ကိုင်းတိုင်း စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးခင်ဇော်က ပြန်လည်ဆွေးနွေးပြီး စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများအား အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**နှင်းနှင်းခိုင် (ရွှေဘို)**

## ယင်းမာပင်မြို့တွင် စားသုံးသူအကာအကွယ်ပေးရေး ဆွေးနွေးပွဲကျင်းပ

ယင်းမာပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနသည် ဒီဇင်ဘာလ ၁၅ ရက်က စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဆွေးနွေးပွဲကို ယင်းမာပင်မြို့ရှိ သာယာအေးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းလွှတ်တော် ကိုယ်စားလှယ် ဒေါ်အောင်မေရီ၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ဝင်းနှင့် သက်ဆိုင်ရာ မိတ်ဖက်ဌာနများမှ တာဝန်ရှိသူများ စားသုံးသူပြည်သူများ တက် ရောက်ခဲ့ကြသည်။

ယင်းဆွေးနွေးပွဲတွင် တက်ရောက်လာသည့် တာဝန်ရှိသူများက စားသုံးသူရေးရာ ဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးသန်းပိုက စားသုံး သူအကာအကွယ်ပေးရေး ဥပဒေအကြောင်း သိကောင်းစရာများနှင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရသည့် အစားအသောက်များ ရွေးချယ်ဝယ်ယူ စားသုံးကြရန် ဆွေးနွေးပြောကြားကြောင်း သိရသည်။

ယင်းမာပင်ခရိုင် စားသုံးသူ အကာအကွယ် ပေးရေး ဆွေးနွေးပွဲသို့ တက်ရောက်လာသော ပြည်သူများအား စားသုံးသူအကာအကွယ်ပေးရေး ဥပဒေစာအုပ်များနှင့် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သူဇာကျော် (ပုလဲ)**

# အ.ထ.က (၄) နှင့် အ.ထ.က (၅) ပြည်မြို့တို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲများနှင့် ကွင်းဆင်း စစ်ဆေးမှုများ ဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်ခရိုင်ဦးစီးမှူးရုံးနှင့် ပြည်မြို့နယ်ရုံးတို့မှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၆ ရက်တွင် အ. ထ. က (၄) ပြည်မြို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၇ ရက်တွင် အ. ထ. က (၅) ပြည်မြို့တွင်လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပခဲ့ပြီး ကျောင်းမုန့်ဈေးတန်းများအား စစ်ဆေးခဲ့ကြောင်း သိရသည်။

အ. ထ. က (၅) ပြည်မြို့တွင် ကျင်းပခဲ့သည့် ဟောပြောပွဲသို့ ဆရာ/ဆရာမများနှင့် ကျောင်းသူကျောင်းသား စုစုပေါင်း ၅၃၆ ဦးတို့အားလည်းကောင်း၊ အ. ထ. က (၄) ပြည်မြို့တွင် ကျင်းပခဲ့သည့် ဟောပြောပွဲသို့ ဆရာ/ ဆရာမများနှင့် ကျောင်းသူ/ ကျောင်းသား စုစုပေါင်း ၄၈၂ ဦးတို့အားလည်းကောင်း၊ ပြည်ခရိုင်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ခင်ဆွေဝင်း ဦးဆောင်သည့် အဖွဲ့က စားသုံးသူအကာ အကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ၊ စားသုံးရန်မသင့်သည့် အစားအသောက်များကို မစားမိစေရန်နှင့် ကျန်းမာရေးနှင့် ကိုက်ညီသည့် အစားအသောက်များကို ရွေးချယ်ဝယ်ယူစားသုံးကြရန် အကျယ်တဝင့် ရှင်းလင်းဟော ပြောခဲ့ကြသည်။

ထို့နောက် တာဝန်ရှိသူများသည် ကျောင်းမုန့်ဈေးတန်းများသို့ ကွင်းဆင်းစစ်ဆေးကာ သက်တမ်းလွန်နေသော မုန့်များအား ရောင်းချခြင်း မပြုရေး၊ မြန်မာ့ရိုးရာမုန့်များကိုသာ ရောင်းချရေး၊ သန့်ရှင်းစင်ကြယ်စွာ ရောင်းချရေးတို့ကို မုန့်ဈေးသည်များအား ဆွေးနွေး ဟောပြောခဲ့ကြကြောင်း သတင်းရရှိပါသည်။

**ခင်ဆွေဝင်း**

# ပုလဲမြို့ ဆားလင်းကြီးမြို့ ကနီမြို့တို့ရှိ မြို့မ စည်ပင်သာယာဈေးများတွင် အန္တရာယ်ရှိ စားသောက်ကုန်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ယင်းမာပင်ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးသန်းပို ဦးဆောင်၍ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များနှင့်အတူ ဒီဇင်ဘာ ၆ ရက်တွင် ပုလဲမြို့ မြို့မစည်ပင်သာယာဈေး၌လည်းကောင်း၊ ဒီဇင်ဘာ ၇ ရက်တွင် ဆားလင်းကြီးမြို့၊ မြို့မစည်ပင်သာယာဈေး၌လည်းကောင်း၊ ဒီဇင်ဘာ ၈ ရက်တွင် ကနီမြို့ မြို့မစည်ပင်သာယာဈေး၌လည်းကောင်း၊ ဒီဇင်ဘာ ၉ ရက်တွင် ယင်းမာပင်မြို့ အောင်ဇေယျမြို့သစ်ဈေး၌လည်းကောင်း အန္တရာယ်ရှိ စားသောက်ကုန်များ ရောင်းချခြင်းရှိ/ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ယင်းကဲ့သို့ စစ်ဆေးခဲ့ရာတွင် ဈေးများအတွင်း၌ သက်တမ်းလွန်နေသော မုန့်များ၊ အချိုရည်များ၊ အန္တရာယ်ရှိသော ဆိုးဆေးများ ပါဝင်နေသည့်မုန့်များ၊ တားမြစ်ထားသော မုန့်များ၊ ထောက်ခံချက်အမှတ် တံဆိပ်မပါသည့် မုန့်များ ရောင်းချနေသည်ကို တွေ့ရှိခဲ့ရသည်။

ထို့ပြင်ကုန်ခြောက်ဆိုင်များတွင်လည်း အရောင်ဆိုးဆေးများ အသုံးပြုထားသည့် ငရုတ်သီးမှုန့်များ၊ ကုန်အမှတ်တံဆိပ်မပါသည့် ငရုတ်သီးမှုန့်နှင့် ဟင်းချိုမှုန့်များ၊ သက်တမ်းလွန်နေသော ကုန်ပစ္စည်းများကိုလည်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

အလားတူ ထုတ်လုပ်သည့် ရက်စွဲများတွင်လည်း မမှန်မကန်ရေးသားထားသည်များကို တွေ့ရှိခဲ့ရသဖြင့် ရောင်းချသူများအနေဖြင့် မိမိ၏ ကိုယ်ပိုင်အသိဉာဏ်ဖြင့် စဉ်းစားဆင်ခြင်ပြီးမှသာ ဝယ်ယူရောင်းချစေလိုကြောင်း၊ စားသုံးရန်မသင့်၊ သုံးစွဲရန်မသင့်သည့် ကုန်ပစ္စည်းများအား ရောင်းချခြင်းမပြုရန်၊ စားသုံးသူများအား လိမ်လည်၍ မရောင်းချရန်၊ အစားအသောက်များအား ရောင်းချရာတွင် တစ်ကိုယ်ရည် သန့်ရှင်းမှုနှင့် ကျန်းမာရေးကို အဓိကထား၍ ရောင်းချရန်တို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ဆေးဆိုင်များအနေဖြင့်လည်း သက်တမ်းလွန်နေသည့် ဆေးဝါးများကို မရောင်းချရန်နှင့် တားမြစ်ထားသော ဆေးဝါးများကို မရောင်းချရန် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ခံဆရာမကြီးက ရှင်းလင်းဟောပြောခဲ့ပြီး အဆိုပါကုန်ပစ္စည်းများအား ရောင်းချပါကစားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအရ အပြစ်ပေးအရေးယူခြင်းခံရမည်ဖြစ်ကြောင်း ရှင်းလင်းဟောပြောခဲ့ကြောင်း သတင်းရရှိပါသည်။

**သူဇာကျော် (ယင်းမာပင်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း) ရှိ မြို့နယ်များတွင် စားသုံးသူအကာအကွယ် ပေးရေးဆိုင်ရာလုပ်ငန်းများကို ဒီဇင်ဘာဒုတိယပတ်အတွင်း ဆောင်ရွက်

ရှမ်းပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာနသည် ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ မြို့နယ်များတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများကို ပြည်နယ် ဦးစီးမှူး ဦးညွန့်ဝေ၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာဒုတိယပတ်အတွင်း ဆောင်ရွက်ခဲ့ရာ တောင်ကြီးမြို့ စက်မှုလက်မှုကျောင်း၊ ဆီဆိုင်မြို့နယ် အ. ထ. က (ဘန်းယဉ်)၊ အ. ထ. က (နောင်မွန်)၊ အ. ထ. က (ဆိုက်ခေါင်)တို့တွင် ဦးခွန်ကျော်ငွေ (ရုံးအုပ်)နှင့် အဖွဲ့ကလည်းကောင်း၊ ရပ်စောက်မြို့နယ် အ. ထ. က (ရတနာပုံ)၊ အ. ထ. က (ပင်ဖြစ်)၊ အ. ထ. က (ရပ်စောက်)၊ အ. ထ. က (ဗထူး) တို့တွင် ဦးအောင်ကျော် (လက်ထောက်ညွှန်ကြားရေးမှူး)နှင့် အဖွဲ့ကလည်းကောင်း၊ တောင်ကြီးမြို့နယ် အ. ထ. က (ခွဲ) ထီသိမ်ရွှေ (တောင်) နှင့် အ. ထ. က(ခွဲ) (နမ့်ဆီး)တို့ တွင် ဦးစောမောင် (ဦးစီးမှူး)နှင့် အဖွဲ့ကလည်းကောင်း၊ ဟိုပုံးမြို့နယ် ပင်းပက် အ. ထ. က နည်းပညာနှင့် အ. ထ. က (ပင်းပက်) တို့တွင် ဦးသန်းတိုး (ဦးစီးမှူး)နှင့် အဖွဲ့ကလည်းကောင်း၊ ကလောမြို့နယ်၊ ကျေးကုန်းမူလွန်ကျောင်း၊ ကလောမြို့ အ. မ. က(၆)၊ ဟဲဟိုးမြို့ အမှတ် (၆) မူလွန်ကျောင်း၊ ဥဿာတိုင်း မူလွန်ကျောင်းတို့တွင် ဒုဦးစီးမှူး ဦးမြင့်နိုင်နှင့် အဖွဲ့ကလည်းကောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးခဲ့ရာ လူဦးရေ ၇၅၆၆ ဦး တက်ရောက်ခဲ့ကြသည်။



ထို့ပြင် ကျောင်းမုန့်ဈေးတန်းများ၌ သက်တမ်းလွန်မုန့်များ ရောင်းချခြင်း ရှိ/မရှိ၊ သန့်ရှင်းသပ်ရပ်မှု ရှိ/မရှိ စစ်ဆေးခဲ့ကြပြီး မြန်မာစာတမ်းပါ မုန့်များရောင်းချရေး၊ မြန်မာအစားအစာများ ဦးစားပေးရောင်းချရေး အသိပညာပေးဆွေးနွေးခဲ့ကြသည်။

အသိပညာပေး ဟောပြောပွဲတွင် စားသုံးသူ၏ အဓိပ္ပာယ်၊ စားသုံးသူတို့၏ အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အဓိပ္ပာယ်၊ အခွင့်အရေးနှင့် တာဝန်များ၊ ကုန်စည်နှင့်ဝန်ဆောင်မှုများကို အသုံးပြုရာတွင် ထိခိုက်နစ်နာဆုံးရှုံးမှုများရှိပါက ဆက်သွယ်တိုင်ကြားရမည့် နည်းလမ်းများ၊ ကုန်အမှတ်တံဆိပ်ပါတဲ့ ကုန်စည်ကို ရွေးချယ်ဝယ်ယူ သင့်ပုံနှင့် ကုန်စည်များကို ဝယ်ယူရာတွင် စိစစ်ရွေးချယ်ဝယ်ယူသင့်ပုံ၊ မှိုအဆိပ်အန္တရာယ်၊ စားသုံးရန် မသင့်တဲ့ဆီနှင့် ခွင့်မပြုဆိုးဆေးအန္တရာယ်များအကြောင်းကို နမူနာပြ၍လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အသိပညာပေး ဟောပြောဆွေးနွေးပွဲများတွင် လက်ကမ်းစာစောင်များ၊ တိုင်ကြားမှုပုံစံများ၊ ဥပဒေစာအုပ်များနှင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသော စားသုံးရန်မသင့်သည့် ကုန်စည်များနှင့် စားသောက်ကုန်ပစ္စည်းများပါရှိသည့် စာအုပ်များကို ဟောပြောဆွေးနွေးခဲ့သည့် ကျောင်းအသီးသီးရှိ ကျောင်းအုပ်ကြီးများအား ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စောမောင် (တောင်ကြီး)**

# မုံရွာမြို့ အ.ထ.က (၂) အလုံတပ်မြို့နှင့် အ.လ.ကခွဲ (၁) မြို့သစ်တို့တွင် စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန၊ မုံရွာခရိုင် ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာလ ၈ ရက်က မုံရွာမြို့နယ် အ. ထ. က(၂) အလုံတပ်မြို့နှင့်အခြေခံပညာ အလယ်တန်း ကျောင်းခွဲ (၁) မြို့သစ်ရပ်တို့တွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲများတွင် တိုင်းဦးစီးမှူး ဦးမောင်မောင်အေး (ငြိမ်း)နှင့်မုံရွာခရိုင်ဦးစီးမှူး ဦးမြင့်အောင်တို့က စားသုံးသူများ သိသင့် သိထိုက် လိုက်နာဆောင်ရွက်သင့်သည့် စားသုံးသူအသိပညာများကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဟောပြောဆွေးနွေးခဲ့ကြသည်။

ယင်း ဆွေးနွေးပွဲများသို့ အ. ထ. က (၂) အလုံတပ်မြို့မှ ကျောင်းသူ ကျောင်း သားများ၊ ဆရာ၊ ဆရာမများ၊ အ. လ. ကခွဲ(၁)မြို့သစ်ရပ်မှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ စုစုပေါင်း ၉၁၈ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**ထွန်းလှိုင်-(မုံရွာ)**



# w&m;r0ifukefçfl [illegible]

|နေခြည်အောင်|



ဈေးကွက်စီးပွားရေးစနစ်ကို ဦးတည်နိုင်ရန်နှင့် ကုန်သွယ်မှုကဏ္ဍ ပိုမိုတိုးတက်မြင့်မားစေရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် ငါးနှစ်ကျော်မှစ၍ သွင်းကုန်၊ ထုတ်ကုန် လုပ်ငန်းများကို ပိုမိုလုပ်ကိုင်နိုင်ရန် အစိုးရက လုပ်ငန်းစဉ်များအား ဖြေလျှော့မှုများနှင့်အတူ လမ်းကြောင်းများစွာကို ဖွင့်ပေးခဲ့ရာ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကုန်သွယ်ရေးလုပ်ငန်းများသည် လျင်မြန်စွာ ကြီးထွားလာပြီး ရေကြောင်း၊ လေကြောင်းဖြင့် နိုင်ငံတကာမှ ကုန်ပစ္စည်းများအား ကုန်သွယ်ကြသလို မြန်မာနိုင်ငံနှင့် နယ်နိမိတ် ဆက်စပ်လျက်ရှိသည့် အိမ်နီးချင်း နိုင်ငံများနှင့်လည်း နယ်စပ်ကုန်သွယ်ရေး စခန်းများ၊ ဇုန်များမှတစ်ဆင့် ကုန်သွယ်ကူးသန်း ရောင်းဝယ်ကြသည်။

မြန်မာနိုင်ငံတွင် နယ်စပ်ကုန်သွယ်ရေးစခန်း ၁၅ ခုရှိပြီး တရုတ်ပြည်နယ်စပ်တွင် စခန်း လေးခု၊ ထိုင်းနိုင်ငံ နယ်စပ်တစ်လျှောက်တွင် စခန်းရှစ်ခု၊ အိန္ဒိယနိုင်ငံ နယ်စပ်တွင် စခန်းနှစ်ခု၊ ဘင်္ဂလားဒေ့ရှ် နယ်စပ်တွင် စခန်းနှစ်ခု အသီးသီး ရှိပါသည်။ ထိုနယ်စပ် ကုန်သွယ်ရေး စခန်းများတွင် သွင်းကုန်၊ ထုတ်ကုန် လုပ်ငန်းလိုင်စင် အမျိုးမျိုးဖြင့် ကုန်သွယ်ကြပြီး တစ်နိုင်တစ်ပိုင် ကုန်သွယ်ကူးသန်း ရောင်းဝယ်နိုင်ရန် အတွက်လည်း ITC ကတ်များဖြင့် သတ်မှတ်ချက်အတိုင်း ကုန်သွယ်နိုင်ပြီ ဖြစ်သည်။

ပြီးခဲ့သည့် ငါးနှစ်တာ ကာလအတွင်း ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှု ပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁၇ ဘီလီယံကျော် ရှိခဲ့သည်။ ထိပ်တန်းပို့ကုန်များမှာ သဘာဝဓာတ်ငွေ့၊ ကျောက်စိမ်း၊ အထည်အလိပ်၊ ဆန်၊ မတ်ပဲ၊ ငါး၊ ပဲတီစိမ်း၊ နှမ်း၊ ကျွန်းသစ်၊ ရော်ဘာတို့ဖြစ်ကြပြီး၊ အဓိက သွင်းကုန်များမှာ ရေနံထွက်ပစ္စည်း၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်း၊ စက်နှင့် စက်ပစ္စည်း၊ သံနှင့် သံမဏိပစ္စည်း၊ ပလပ်စတစ် ကုန်ကြမ်းပစ္စည်း၊ စားအုန်းဆီ၊ ဆေးဝါးပစ္စည်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူး ရေး၊ တပ်ဆင်ရေးပစ္စည်းနှင့် ဘိလပ်မြေတို့ ဖြစ်ကြောင်းလည်း သိရသည်။

ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်မည်ဆိုပါက တရားဝင် ကုန်သွယ်မှုများသာ မြင့်တက်လာခြင်းမျိုး မဟုတ်ဘဲ တရားမဝင် ကူးသန်းရောင်းဝယ်မှုများလည်း မြင့်တက်လာသည်ကို တွေ့ရသည်။ တရားမဝင် ကုန်သွယ်မှုများကို တားဆီးမှု မှတ်တမ်းများအရ ၂၀၁၂ ခုနှစ်မှ ၂၀၁၅ခုနှစ် အတွင်း ဖမ်းဆီးရရှိမှု တန်ဖိုးမှာ ငွေကျပ် ၅၀၀ဘီလီယံကျော်ဖိုး သိမ်းဆည်းခဲ့ပြီး စားသုံးရန် မသင့်သော ကုန်ပစ္စည်းတန်ဖိုး ကျပ် ၂၅ဘီလီယံကျော် ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။ ယခုအခါတွင် တရားမဝင် ကုန်သွယ်မှုများအား စဉ်ဆက်မပြတ် တားဆီးနေမှု မှတ်တမ်းများကို စုစည်းပြီး လအလိုက် မှတ်တမ်းတင် ထုတ်ပြန်ခြင်း မရှိတော့သော်လည်း အလျဉ်းသင့်သလို ဖော်ပြနေမှုကို တွေ့ရှိနေရပါသည်။

တရားမဝင် ကုန်သွယ်မှုများ ပြုလုပ်လျက်ရှိရာတွင် မြန်မာ့ အဖိုးတန် ကျွန်း၊ သစ်များ အပါအဝင် သစ်နှင့် သစ်တောထွက်ပစ္စည်းများ၊ လယ်ယာထွက်ပစ္စည်းများ၊ ကျွဲ၊ နွား အစရှိသည့် တိရစ္ဆာန်များ ပါဝင်ပြီး အများဆုံး တရားမဝင် တင်သွင်းသည့် ပစ္စည်းများတွင် ဆေးနှင့် ဆေးပစ္စည်းများ၊ လူသုံးကုန် ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အလှကုန်များ၊ အရက်၊ ဘီယာ၊ စီးကရက်နှင့် ဆေးလိပ်ထွက်ပစ္စည်းများ၊ ဓါတ်မြေသြဇာများ၊ ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများ၊ မျိုးစေ့များ ပါဝင်သည်ကို မှတ်တမ်းများအရ တွေ့ရှိရသည်။

တရားမဝင်ကုန်သွယ်မှုကို ဆောင်ရွက်သူများသည် နိုင်ငံ၏ သယံဇာတများကို စနစ်တကျ ထုတ်ယူ သုံးစွဲခြင်း မဟုတ်သည့်အတွက် သယံဇာတ ဆုံးရှုံးမှု ဖြစ်ပေါ်စေခဲ့သည့်အပြင် သဘာဝပတ်ဝန်းကျင်ကိုပါ ထိခိုက်စေခြင်း၊ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေသည့်အပြင် တရားမဝင် တင်သွင်းလာသည့် ကုန်ပစ္စည်းများကြောင့် ပြည်တွင်းမှ စားသုံးသူများအတွက် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ရောဂါအန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့လာရပေသည်။

အဆိုပါ တရားမဝင် တင်သွင်းလာသည့် ပစ္စည်းများသည် အရည်အသွေးအားဖြင့် အပြည့်အဝ အာမခံချက် မပေးနိုင်သောကြောင့် လည်းကောင်း၊ အတုအပများဖြစ်နေ၍သော် လည်းကောင်း၊ သုံးစွဲရန် မသင့်ဘဲ ကျန်းမာရေးကို အန္တရာယ်ပေးသည့် ပစ္စည်းများဖြစ်နေသောကြောင့် လည်းကောင်း၊ သုံးစွဲမိသူ ပြည်သူများအနေဖြင့် ကျန်းမာရေး၊ စီးပွားရေးနှင့် အခြားလူမှုရေးဆိုင်ရာ ပြဿနာများ ပေါ်ပေါက်လာနိုင်ပါသည်။ အမှန်တကယ်လည်း ပြဿနာများ ပေါ်ပေါက်လာနိုင်ကြောင်းကို သတင်းမီဒီယာများနှင့် လူမှုကွန်ရက်များတွင် နေ့စဉ် စဉ်ဆက်မပြတ် တွေ့ရှိနေရပြီး ပညာရှင်များကိုယ်တိုင် လူထုအားသတိပေးခြင်း၊ ပညာပေးခြင်းတို့ကို မီဒီယာပေါင်းစုံမှ တစ်ဆင့် လုပ်ဆောင်နေသည်ကိုလည်း တွေ့ရှိနေရသည်။

ထိုတရားမဝင် ကုန်သွယ်မှုများသည် နယ်စပ်ဒေသများရှိ ကုန်သွယ်ရေး စခန်းများတွင် နယ်စပ် လုံခြုံမှု၊ ဒေသန္တရဆိုင်ရာ အခက်အခဲများ၊ လူ့စွမ်းအားအရင်းအမြစ်နည်းပါးမှု၊ နည်းပညာအားနည်းမှု၊ ပြောင်းလဲနေသော ကုန်သွယ်ရေးဆိုင်ရာ နည်းစနစ်များနှင့် နယ်မြေအနေအထားအရ တရားမဝင် ကုန်သွယ်မှု ပြုနိုင်သည့် လမ်းကြောင်းများ များစွာ တည်ရှိနေခြင်း စသည်တို့ကြောင့် ကုန်သွယ်ရေး လုပ်ငန်းများအား စဉ်ဆက်မပြတ် တိတိကျကျ စစ်ဆေးကြပ်မတ်နိုင်မှု မရှိနိုင်ကြောင်းကို တွေ့ရှိနေရသည်။

အဆိုပါ တရားမဝင် ဝင်ရောက်နေသည့် ပစ္စည်းများသည် မြန်မာနိုင်ငံ၏ အမျိုးသားကျန်းမာရေး၊ စီးပွားရေးနှင့် လူငယ်များ၏ အနာဂတ် ရှင်သန်တိုးတက်ရေးကို အထူးပင်ခြိမ်းခြောက်လျက်ရှိသည့် အပြင် နိုင်ငံတော်အတွက်လည်း ရသင့်ရထိုက်သည့် အခွန်ငွေများမရသဖြင့် အခွန်ဘဏ္ဍာများစွာကို ဆုံးရှုံးစေပါသည်။ ပြည်တွင်းတွင် တရားဝင် ခွင့်ပြုချက်များဖြင့် ထုတ်လုပ်ဖြန့်ချိရောင်းချနေသော လုပ်ငန်းများသည် အဆိုပါ တရားမဝင် တင်သွင်းလာသည့် ပစ္စည်းများအား ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းအားဖြင့် မယှဉ်နိုင်သောကြောင့် ဈေးကွက်ပျောက်ကြရပြီး ပြည်တွင်း SMEs လုပ်ငန်းများ၏ ရှင်သန်ကြီးထွားမှုကို အဟန့်အတား ဖြစ်စေပါသည်။ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများအောက်တွင် လုပ်ကိုင်နေသည့် အဆိုပါ လုပ်ငန်းများ၏ ဉာဏပစ္စည်း မူပိုင်ခွင့်များကို လည်း ချိုးဖောက်ခံရသည့်နှယ် ဖြစ်စေပြီး လုပ်ငန်းများကိုလည်း ကျဆုံးသည် အထိ ဖြစ်ပေါ်စေနိုင်ပါသည်။ SMEs လုပ်ငန်းများ ရှင်သန်မှုမရှိလျှင် အလုပ်အကိုင် အခွင့်အလမ်းများလည်း လျော့နည်းလာနိုင်ပြီး လူမှုရေး၊ စီးပွားရေး ဆိုးကျိုးများကို ဖြစ်တည်စေနိုင်သည်။

တိုးတက်လျက် ရှိနေသော ကုန်သွယ်မှု အခန်းကဏ္ဍတွင် ကုန်သွယ်မှု တိုးတက်လာသည်နှင့်အမျှ ကြီးထွားလျက် ရှိနေသော တရားမဝင် မှောင်ခိုကူးသန်း ရောင်းဝယ်နေမှုများအား မျက်ခြည်မပြတ် စိစစ်ကြပ်မတ်ရန် အထူးလိုအပ်လှပါသည်။ ထိုတရားမဝင် မှောင်ခိုကူးသန်း ရောင်းဝယ်နေမှုကို တိုက်ဖျက်ရေးအတွက် အကောင်အထည် ဖော်ရာတွင် တရားမဝင် မှောင်ခိုကူးသန်း ရောင်းဝယ်မှုများ၏ ပမာဏ၊ အနေအထား၊ သက်ဆိုင်ရာဒေသန္တရ အခြေအနေနှင့် အချက်အလက်များကို နားလည် သဘောပေါက်ရန် အထူးလိုအပ်လှပါသည်။ သို့မှသာ တန်ပြန်တိုက်ဖျက်နိုင်မည့်၊ ထိန်းကျောင်းနိုင်မည့် နည်းဥပဒေ၊ စည်းကမ်းများ၊ ထိရောက်သော ပညာပေးမှု၊ အရေးယူမှုများအား ဆောင်ရွက်နိုင်မှု၊ တားမြစ်မှုများ ပြုလုပ်နိုင်မည် ဖြစ်ပါသည်။

တရားမဝင် ကုန်သွယ်မှုများသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အနည်းနှင့်အများ ဖြစ်ပေါ်လျက် ရှိပေသည်။ သို့သော်လည်း အဆိုပါ နိုင်ငံများတွင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအတွက် လုပ်ဆောင်နေမှုများ ရှိနေသည်ကိုလည်း လေ့လာသိရှိရပေသည်။

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် ဖြစ်ပေါ်တည်ရှိခဲ့သည့် တရားမဝင်ကုန်သွယ်မှုသည် နယ်စပ်ဂိတ်များ ဖွင့်လှစ်ပေးမှုနှင့်အတူ ပိုမိုကြီးထွားလာခဲ့သည်။ ပြည်တွင်းရှိ ကုန်သည်အချို့၏ မသမာမှု အကျင့်ပျက် ဝန်ထမ်းများ၏ လာဘ်ပေးလာဘ်ယူမှု၊ နယ်စပ်ဒေသများတွင် အကြမ်းဖက်သောင်းကျန်းသူများ ကြီးစိုးနေမှု စသည့် အချက်များကြောင့် တစ်နေ့တစ်ခြား ပိုမိုကြီးထွားလျက် ရှိနေပေသည်။

ထို့ကြောင့် နိုင်ငံတော် အစိုးရအဆက်ဆက် ပြည်တွင်း ငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်လျက် ရှိသော်လည်း ယနေ့အချိန်အထိ မြန်မာနိုင်ငံ၏ နယ်စပ်ဒေသအချို့တွင် အေးချမ်း တည်ငြိမ်မှု မရရှိသေးသည်ကို တွေ့မြင်နိုင်ပေသည်။ နယ်စပ်ဒေသများ အထူးသဖြင့် ကုန်သွယ်မှု လမ်းကြောင်းတစ်လျှောက်ရှိ ဒေသများ တည်ငြိမ်အေးချမ်းမှသာလျှင် တရားမဝင်ကုန်သွယ်မှု ပပျောက်ရေးကို စနစ်တကျ ကိုင်တွယ်ဆောင်ရွက်နိုင်မည် ဖြစ်သည်။

ထို့ပြင် ပြည်တွင်းမှ လုပ်ငန်းရှင်များ အနေဖြင့်လည်း မိမိကိုယ်ကျိုးစီးပွား တစ်ခုတည်းကို မကြည့်ဘဲ နိုင်ငံနှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကိုပါ ထည့်သွင်းတွက်ချက်၍ ကုန်သွယ်မှု ပြုကြမှသာ တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးကို ထိထိရောက်ရောက် လုပ်ဆောင်နိုင်မည် ဖြစ်သည်။ အလားတူ ပြည်တွင်းမှ ကုန်သည်များ လွတ်လပ်လွယ်ကူစွာ ကုန်သွယ်မှုပြုနိုင်ရန်အတွက် နိုင်ငံတော် အစိုးရအနေဖြင့် ကုန်သွယ်မှုနှင့် သက်ဆိုင်သည့် ဖြေလျှော့မှုများကို ပြုလုပ်ပေးနေပြီ ဖြစ်သည်။

ထို့ကြောင့် တရားမဝင် ကုန်သွယ်မှု ပပျောက်မှသာ ကုန်သွယ်မှု ပမာဏ ပိုမိုတိုးတက်ပြီး ကုန်သွယ်မှုပို့ငွေများ တိုးတက်ရရှိကာ နိုင်ငံတော် ဘဏ္ဍာငွေများ တိုးတက်ရရှိမည် ဖြစ်သည်။ တရားမဝင် ကုန်သွယ်မှု ပပျောက်ရေးအတွက် နိုင်ငံတော် တစ်ခုတည်းကသာ တာဝန်ယူ လုပ်ဆောင်၍ ရမည်မဟုတ်ဘဲ ကုန်သည်များ၊ လုပ်ငန်းရှင်များ၊ ပြည်သူများ ပူးပေါင်း ဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

■

# မဟာရာရှတ္တရရှိ သကြားစက်ရုံပိုင်ရှင်များက ကြံများကို ဈေးပြိုင်ပေး၍ ဝယ်ယူ

ယခုနှစ် ကြံကြိတ်ရာသီတွင် ကြံပင်ရှားပါးမှုက သကြားထုတ်လုပ်မှုကို ပြင်းပြင်းထန်ထန် ထိခိုက်နိုင်မည့် အလားအလာများကို တွေ့ရှိရသည့်အတွက် မဟာရာရှတ္တရ သကြားစက်ရုံများက ကြံများကို ဈေးအပြိုင်ပေး၍ ဝယ်ယူနေရကြောင်း အင်ဒီးယန်း အိပ်စ်ပရက်သတင်းတွင် ဖော်ပြသည်။ အထူးသဖြင့် ပွန်း၊ ဆိုလာပူရနှင့် မာရာသွာဒါဒေသများမှ သကြားစက်ရုံများက ကြံများကို ဈေးကောင်းပေး၍ ဝယ်ယူနေရသည်။

သကြားစိုက်ဧရိယာမှာ ဟက်တာ ၆ ဒသမ ၅ သိန်းမျှသာ ရှိသည့်အတွက် ၂၀၁၆-၁၇ ကြိတ်ခွဲရာသီတွင် ကြံပြတ်လပ်မှုရှိမည်ဟု ခန့်မှန်းထားသည်။ အထူးသဖြင့် ကြံရှားပါးမှု အများဆုံးဖြစ်ပေါ်မည့် ဒေသများမှာ မာရာသွာဒါ၊ ပွန်းနှင့် ဆိုလာပူရဒေသတို့ဖြစ်ပြီး အဆိုပါဒေသရှိသကြားစက်များမှာ ကြံရရှိရေးအတွက် အပြင်းအထန်ကြိုးပမ်းနေရသည်။ သကြားစက်များမှ ဈေးဦးပေါက်ပေးသော ဈေးနှုန်းမှာ ပုံမှန် ပေးနေကျဈေးထက် တစ်ကွင်တယ်ကို ရူပီး ၄၀၀-၆၀၀ အထိ ပိုမိုပေးနေသည်ကို တွေ့နေရသည်။ ပွန်းတွင်ရှိသော စက်ရုံ ၁၀ ခု ပထမဆုံးပေးခဲ့သော ဈေးမှာ ကြံတစ်ကွင်တယ် ကြိတ်ဆွဲပြီးဈေးမှာ ရူပီး ၂၄၀၀ မှ ၂၅၀၀ အတွင်းရှိသည်။

ပုံမှန်အားဖြင့် ပွန်းဒေသရှိ သကြားစက်များမှ ပေးသောဈေးနှုန်းမှာ ကြိတ်ခွဲပြီး ကြံတစ်ကွင်တယ်ကို ရူပီး ၂၂၀၀ မှ ၂၃၀၀ အတွင်းရှိသည်။ ဆိုလာပူရနယ်တွင်မူ ယှဉ်ပြိုင်မှုမှာ အပြင်းထန်ဆုံးရှိနေပြီး ကြိတ်ခွဲပြီး ကြံတစ်ကွင်တယ်ကို ပုံမှန်အားဖြင့် ရူပီး ၁၆၆၄ မှ ၂၁၇၅ အထိရှိသော်လည်း ကြံစက်ရုံများက ပေးသောဈေးမှာ တစ်ကွင်တယ်ကို ၂၅၅၀ ရူပီးနှုန်း ဖြစ်သည်။

မာရာသွာဒါတွင်မူ ဈေးနှုန်းမြင့်တက်မှု အများဆုံးဖြစ်ပြီး ပုံမှန်ပျမ်းမျှဈေးနှုန်းအထက် ရူပီး ၉၀၀ ခန့် ပိုမိုမြင့်တက်လျက်ရှိသည်။ သကြားစက် ၅၁ လုံးအနက် ၂၆ လုံးသာလျှင် လည်ပတ်နိုင်ပြီး ကြံကို အလုအယက် ဝယ်ယူနေရသည်။ မာရာသွာဒါ ဒေသတွင် ဈေးနှုန်းစစ်ပွဲ ဆင်နွှဲနေရသည့်နည်းတူ ပွန်းနှင့် ဆိုလာပူရဒေသရှိ ပုဂ္ဂလိကနှင့် သမဝါယမ စက်ရုံများကလည်း ဈေးနှုန်းအပြိုင်ပေး၍ ဝယ်နေရသည်။

# အိန္ဒိယပဲမျိုးစုံ ရက်သတ္တပတ်



ဒီဇင်ဘာ ၁၂ရက်က ထုတ်ပြန်ခဲ့သော အဂရီဝပ်ချ် ပဲမျိုးစုံရက်သတ္တပတ် အစီရင်ခံစာတွင် ပြည်တွင်းပဲမျိုးစုံ အခြေအနေ၊ နာဗာရှီဗာ ဆိပ်ကမ်းသို့ ပဲမျိုးစုံ ကုန်သေတ္တာများရောက်ရှိမှု အခြေအနေတို့ကို ဖော်ပြထားသည်။ အပြည်ပြည်ဆိုင်ရာ ပဲမျိုးစုံဈေးကွက်အဖြစ် ကနေဒါနိုင်ငံ၏ ပဲထုတ်လုပ်မှုအခြေအနေတို့ကို တင်ပြထားသည်ကို တွေ့ရသည်။

**ပဲမျိုးစုံကုန်သေတ္တာရောက်ရှိမှု**

ဒီဇင်ဘာ ၉ရက်တွင် အိန္ဒိယနိုင်ငံ နာဗာရှီဗာ ဆိပ်ကမ်းသို့ ပဲမျိုးစုံကုန်သေတ္တာ ၃၀၇လုံး ရောက်ရှိခဲ့ရာ ရောက်ရှိလာသော ကုန်သေတ္တာများအနက် ၇၅ ရာခိုင်နှုန်းမှာ ဩစတြေးလျနှင့် ရုရှနိုင်ငံတို့မှ တင်ပို့သော ကုလားပဲ ကုန်သေတ္တာများ ဖြစ်သည်။ ထို့အပြင် မိုဇမ်ဘစ်နှင့် မာလာဝီနိုင်ငံတို့မှ တင်သွင်းလာသော ပဲစင်းငုံမှာ ကုန်သေတ္တာ ၇၆လုံး ရှိသည်။ ဩစတြေးလျမှ တင်သွင်းသော ပဲတီစိမ်းမှာ ကုန်သေတ္တာ သုံးလုံးသာရှိသည်။ မြန်မာနိုင်ငံမှ တင်သွင်းသော မတ်ပဲမှာ ကုန်သေတ္တာ ၁၀ လုံး ရှိသည်။ ဒီဇင်ဘာလအတွင်း ပဲစုစုပေါင်း တင်သွင်းမှုမှာ မက်ထရစ်တန် တစ်သန်းထိရှိမည်ဟု ခန့်မှန်းထားသည်။

**စိုက်ပျိုးမှုအခြေအနေ**

ဆောင်းရာသီ၏ ရာသီဥတု အခြေအနေက အထူးသဖြင့် ကုလားပဲနှင့် ပဲနီလေးအတွက် အခြေအနေကောင်းများ ရှိနေဆဲဖြစ်သည့် အတွက် ယခုနှစ် စိုက်ရာသီတွင် စိုက်ပျိုးမှုအနေ အထားမှာ ပုံမှန်အတိုင်း ရှိလိမ့်မည်ဟု ယူဆရသည်။ မဒ္ဒရာပရာဒေ့ရှ် မဟာရာရှတ္တရနှင့် ဥတာပရာဒေ့ရှ်တို့တွင် ယခုနှစ်စိုက်ပျိုးမှု အခြေအနေမှာ သာမန်ထက် ပိုမိုနိုင်သည်။ ယခင်နှစ်က တန်ချိန် ၆၇ သိန်း ထုတ်လုပ်ခဲ့ရာမှ လက်ရှိအခြေအနေအရ ယခုနှစ်မှာ တန်ချိန် ၈၆ သိန်းအထိ ရောက်ရှိမည်ဟု ခန့်မှန်းသည်။ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက တန်သိန်း ၂၀ခန့် ပိုမို ထွက်ရှိနိုင်သည်။ စစ်တမ်း ဆက်လက် ကောက်ယူမှုနှင့် ဖြစ်ပေါ်နေသော ရာသီဥတု အခြေအနေအပေါ် မူတည်၍ ယခုနှစ် ပဲရာသီအတွက် ထုတ်လုပ်မှုပမာဏကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလလယ်လောက်တွင် အဂရီဝပ်ချ်က ထုတ်ပြန်ရန် ရည်မှန်းထားသည်။

**အပြည်ပြည်ဆိုင်ရာဈေးကွက်**

ကနေဒါ စာရင်းအင်းဌာန (Statistics Canada) က ဒီဇင်ဘာ ၆ ရက်မှာ ထုတ်ပြန်ထားသော နောက်ဆုံး စစ်တမ်းအရ ၂၀၁၆-၁၇ ခုနှစ်တွင် ကနေဒါနိုင်ငံ၏ ပဲစိမ်းလုံးနှင့် ပဲနီလေး ထုတ်လုပ်မှုမှာ စံချိန်တင်လိမ့်မည်ဟု ခန့်မှန်းရသည်။ ပဲစိမ်းလုံးထုတ်လုပ်မှုက မက်ထရစ် တန် ၄ဒသမ ၈သန်း ရှိမည်ဟု ခန့်မှန်းထားသည့်အတွက် ၂၀၁၃ ခုနှစ်က စံချိန်တင်ခဲ့သော ထုတ်လုပ်မှုထက် မက်ထရစ်တန် တစ်သန်း ပိုမိုထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းရသည်။ အလားတူပင် ပဲနီလေးထုတ်လုပ်မှုမှာ ယခင်နှစ်က မက်ထရစ်တန် ၂ဒသမ ၅သန်း ထုတ်လုပ်ရာမှ ယခုနှစ်မှာ ၃ဒသမ ၂သန်းအထိ ထွက်ရှိမည်ဟု ခန့်မှန်းရသည်။

**ဈေးနှုန်းအခြေအနေ**

အိန္ဒိယပြည်တွင်းဈေးကွက်တွင် ပဲမျိုးစုံဈေးများ သိသိသာသာ ကျဆင်းခဲ့ပြီး ကုလားပဲနှင့် ပဲစိမ်းလုံးမှအပ ကျန်ပဲများ၏ ဈေးကွက်အခြေအနေမှာ လက်ရှိအနေအထားအတိုင်း ဆက်လက် တည်ရှိနေလိမ့်မည်ဟု အဂရီဝပ်ချ် က ခန့်မှန်းထားသည်။ ပဲစင်းငုံမှာ အိန္ဒိယနိုင်ငံအတွင်းသို့ ဝင်ရောက်လာပြီဖြစ်သည့်အတွက် ယခုလအကုန်တွင် ဈေးကွက်အပေါ် ဂယက်ရိုက်ခတ်မှုရှိလာမည်ဟု ခန့်မှန်းထားသည်။ ဩစတြေးလျမှတင်သွင်းသည့် ကုလားပဲမှာလည်း အိန္ဒိယရှိ ဆိပ်ကမ်းများသို့ ရောက်ရှိတော့မည်ဖြစ်ရာ အိန္ဒိယဈေးကွက်အတွင်းရှိ လက်ရှိကုလားပဲ ဈေးနှုန်းအပေါ် ထိခိုက်မှု ရှိစေနိုင်သည်။ လောလောဆယ် ဖြစ်ပေါ်နေသော ငွေသားရရှိမှု အကျပ်အတည်းက ခရိုင်များရှိ လက်လီဈေးကွက် အခြေအနေကို ထိခိုက်မှုရှိနေသည့်အတွက် လက်လီဈေးကွက်များတွင် ပြဿနာများ ရှိနေသည်။

အားလုံးခြုံကြည့်မည်ဆိုပါက ပဲမျိုးစုံ ဈေးကွက်မှာ အားနည်းနေဆဲဖြစ်သည်။

**စံမီအောင်**

# ဆန်စက်များတွင် ငွေသား အကျပ်အတည်းရှိသဖြင့် စပါးများ တောင်ပုံရာပုံ ဖြစ်မည့် အလားအလာရှိ

အိန္ဒိယနိုင်ငံတွင် ဆန်စက်များက ထုံးစံအားဖြင့် ဒီဇင်ဘာ ဒုတိယပတ်တွင် စပါးကို စတင်ဝယ်ယူလေ့ရှိသည်။ သို့သော်လည်း ယခုနှစ်တွင် ငွေသားရရှိရန် အခက်အခဲရှိသဖြင့် ဝယ်ယူမှုလုပ်ငန်းများကို အဟန့်အတား ဖြစ်စေနိုင်ကြောင်း သိရသည်။

လယ်သမားကို ပေးချေရန်သာမက သယ်ယူပို့ဆောင်ရေးနှင့် လုပ်အားခ ပေးရန်အတွက်ပါ ဆန်စက်ပိုင်ရှင်တို့ စိတ်ပူလျက်ရှိသည်။ ကုန်တင်ကား ပိုင်ရှင်များနှင့် ကုန်ထမ်းလုပ်သားများ အတွက် ဆန်စက်ပိုင်ရှင်များက ငွေသားဖြင့် ပေးရမည့် တန်ဖိုးမှာ သိန်းချီပြီး လိုအပ်သည်။

ထိုသို့ ပေးချေပြီးရုံဖြင့် မပြီးသေးဘဲ လယ်သမားများကို တစ်ပတ်အတွင်း စပါးဖိုး အကျေပေးရသည်။ ဆန်စက်ပိုင်ရှင်အများစုက အခွန်ကို ကြောက်သည့်အတွက် ငွေစာရင်းအမှန်ကို ပြလေ့မရှိသဖြင့် ချက်လက်မှတ်ဖြင့် လည်းကောင်း၊ အီလက်ထရွန်းနစ်စနစ်ဖြင့် လည်းကောင်း ငွေပေးချေလေ့ မရှိပေ။

ထို့ပြင် လယ်သမားများကလည်း ဘဏ်ငွေစာရင်းမရှိသောကြောင့် လည်းကောင်း၊ ဘဏ်များက အကြွေးကို ခုနှိမ်ယူမည်စိုး၍ လည်းကောင်း၊ ငွေစာရင်းဖြင့်ဘဏ်တွင်အပ်နှံခြင်း မရှိသည့်အတွက် ငွေသားဖြင့် မဟုတ်ပါက လယ်သမားတို့က စပါးဖိုးကို လက်ခံလေ့မရှိပေ။

လတ်တလော ဖြစ်ပေါ်နေသော အခြေအနေအရ ငွေသားရရှိရန် အခက်အခဲရှိနေကြောင်း ဆန်စက်ပိုင်ရှင်တို့က ပြောသည်။ လယ်သမားများမှာလည်း လတ်တလော လိုအပ်ချက်များကို ဖြေရှင်းရန်အတွက် စပါးရောင်းသည့်အချိန်တွင် စပါးဖိုးကို ငွေသားဖြင့် အနည်းဆုံး လေးပုံတစ်ပုံရလိုကြသည်။ မပေးနိုင်ပါက လယ်သမားများက သူတို့ ပစ္စည်းကို ရောင်းမည် မဟုတ်ပေ။ ဆန်စက်ပိုင်ရှင်များအနေဖြင့် စပါးကို လာမည့်နှစ် ဇွန်လအထိ ဝယ်ယူရမည်ဖြစ်ရာ ငွေသားပြတ်လပ်မှု သုံးလခန့် ဖြစ်ပေါ်လာမည်ကို စိုးရိမ်ကြသည်။

စပါးကို အများဆုံး ဝယ်ယူသည်မှာ ပထမသုံးလအတွင်း ဖြစ်သည်။ ယခု စပါးရာသီတွင် ငွေသားပြတ်လပ်မှုကြောင့် ဝယ်ယူမှု နှေးကွေးမည် ဖြစ်သည့်အတွက် စပါးစက်ပိုင်ရှင်များ အတွက်သာမက လယ်သမားများအတွက်ပါ ဒုက္ခတွေ့နိုင်ကြောင်း စပါးကြိတ်ခွဲရေး ကဏ္ဍရှိ သတင်းရပ်ကွက်မှ ပြောသည်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

# ကမ္ဘာ့ရာသီဥတု အလားအလာကောင်းမွန်မှုကြောင့် ပဲပုပ်ဈေးကျဆင်း

ကမ္ဘာ့ရာသီဥတု အခြေအနေ တိုးတက်ကောင်းမွန်မည်ဟု ခန့်မှန်းချက်နှင့် ဝယ်လိုအားနှင့် ပတ်သက်ပြီး စိုးရိမ်မှုများကြောင့် ဒီဇင်ဘာ ၁၂ ရက်က ပဲပုပ်ကြိုရောင်းဈေးများ ကျဆင်းခဲ့ကြောင်း ဝေါစထရိဂျာနယ်သတင်းတွင် ဖော်ပြထားသည်။

ပဲပုပ်ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှုတွင် အမေရိကန်နိုင်ငံ၏ ပြိုင်ဘက်နိုင်ငံတစ်နိုင်ငံဖြစ်သော အာဂျင်တီးနားနိုင်ငံတွင် ရာသီဥတု စိုစွတ်မည့် အလားအလာများကို တွေ့ရသည့်အတွက် ပဲပုပ်ဈေးနှုန်းများအပေါ်တွင် ဂယက်ရိုက်ခတ်မှုရှိခဲ့သည်။ အာဂျင်တီးနားနိုင်ငံတွင် ရာသီဥတုပူပြင်းမှုနှင့် ပတ်သက်၍ စိုးရိမ်မှုများပေါ်ပေါက်ခဲ့ပြီးနောက် ယခင်ရက်သတ္တပတ်အတွင်း ပဲပုပ်ဆီဈေးများ ပြန်လည် မြင့်တက်ခဲ့သည်။ သို့သော်လည်း မိုးရွာသွန်းမည့် အလားအလာများ ပြန်လည် တွေ့မြင်ရပြီး နောက်ပိုင်း လာမည့် ရက်သတ္တပတ်တွင် ပဲပုပ်ဈေးများ ပြန်လည် ကျဆင်းမည့် လက္ခဏာများကို တွေ့ရသည်။

သို့သော်လည်း ရေနံစိမ်း ကြိုရောင်းဈေးများ မြင့်တက်မှု၊ အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းမှုနှင့် ပဲပုပ်တင်ပို့မှုက ခန့်မှန်းထားသည်ထက် ပိုမိုများပြားမှုတို့ကြောင့် ပဲပုပ်ဈေး ကျဆင်းမှုကို သက်သာရာရရှိစေခဲ့သည်။

ချီကာဂို ကုန်သွယ်ရေး ဘုတ်အဖွဲ့တွင် ဖေဖော်ဝါရီအတွက် ပဲပုပ်ဆီ ကြိုရောင်းဈေးက ၆ ဒသမ ၅ ဆင့် သို့မဟုတ် သုည ဒသမ ၆ရာခိုင် နှုန်း ကျဆင်းပြီး တစ်ဘူရှယ်ကို အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃၁ ဒေါ်လာ နှုန်း ရှိခဲ့သည်။

# ဗီယက်နမ်ကော်ဖီထုတ်လုပ်ရေးလုပ်ငန်းတွင် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်

ကော်ဖီထုတ်လုပ်ရေးလုပ်ငန်း၏ ထုတ်လုပ်မှု အရည်အသွေးနှင့် တန်ဖိုးတို့ကို မြှင့်တင်ပေးရန်အတွက် ဗီယက်နမ်ကော်ဖီထုတ်လုပ်မှု ကဏ္ဍ၏ ဖွဲ့စည်းတည်ဆောက်ပုံကို ပြန်လည်ပြုပြင်လျက်ရှိကြောင်း ဗီယက်နမ်ကော်ဖီနှင့် ကိုကိုးအသင်း၏ ပြောကြားချက်ကို ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

ချမှတ်ဆောင်ရွက်လျက်ရှိသော အစီအစဉ်အရ ကော်ဖီစိုက်ပျိုးထားသော ဧရိယာမှာ ဟက်တာခြောက်သိန်းရှိပြီး အဓိကအားဖြင့် ထုတ်လုပ်မှုနှင့် အရည်အသွေးမြင့်မားသော အပင်သစ်များကိုသာ စိုက်ပျိုးထားကြောင်း အသင်းဥက္ကဋ္ဌ လောင်ဗန်တူက ပြောသည်။

ကော်ဖီထုတ်လုပ်မှုလုပ်ငန်း၏ ရည်မှန်းချက်မှာ ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ငါးသန်းမှ ခြောက်သန်းအထိ ပြည်ပသို့ တင်ပို့ရန်ဖြစ်ကြောင်း သူကပြောသည်။ ဤသို့ဆောင်ရွက်နိုင်ရန်အတွက် ပြည်ပသို့တင်ပို့ရာတွင် ပြုပြင်ပြီးကော်ဖီ ၁၀ ရာခိုင်နှုန်းပါရှိရာ မှ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းပါရှိအောင် ဆောင်ရွက်ပေးရန်ဖြစ်သည်။

“၂၀၃၀ ပြည့်နှစ် ဗီယက်နမ်ကော်ဖီလုပ်ငန်းကဏ္ဍ အနာဂတ်ဖွံ့ဖြိုးရေး”ဟူသော ခေါင်းစဉ်ဖြင့် ကော်ဖီလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှီးနှောဖလှယ်ပွဲကို ဒီဇင်ဘာ ၉ ရက်က ဟိုချီမင်းစီးတီးတွင် ကျင်းပခဲ့သည်။ ဗီယက်နမ် ကော်ဖီထုတ်လုပ်မှုလုပ်ငန်းသည် လွန်ခဲ့သော ၁၀ နှစ်အတွင်း အခိုင်အမာ ဖွံ့ဖြိုးတိုးတက်ခဲ့ရာ တစ်နှစ်ကို ပမာဏအားဖြင့် ၁ ဒသမ ၂ သန်း မှ ၁ ဒသမ ၅ သန်းအထိ တင်ပို့ခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံမှ ၁ ဒသမ ၈ ဘီလီယံအထိ ရရှိခဲ့ကြောင်းနှင့် ကော်ဖီလုပ်ငန်းကဏ္ဍ၏ တင်ပို့မှုသည် လယ်ယာကဏ္ဍ တင်ပို့မှု၏ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ကြောင်း လယ်ယာသစ်တော သားငါးထုတ်ကုန်နှင့် ဆားထုတ်လုပ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးဟောင်းဖြစ်သူ ဒိုအန်ဇွမ်ဟိုအာက ပြောသည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာတွင် ဒုတိယအကြီးဆုံး ကော်ဖီတင်ပို့နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ရိုဘတ်စတာအမျိုးအစား ကော်ဖီထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှုတွင် ဦးဆောင်လျက်ရှိသည်။ သို့သော်လည်း ပြည်ပတင်ပို့မှုမှာတန်ဖိုးမြှင့် ပြုပြင်ပြောင်းလဲမှုမရှိဘဲ အစေ့လိုက်တင်ပို့မှုက အများဆုံးဖြစ်နေသည်။ ကော်ဖီ ထုတ်လုပ်မှုလုပ်ငန်းမှာ အသေးစားထုတ်လုပ်မှု၊ ကော်ဖီပင်များအိုမင်းမှု၊ အရည်အသွေးထိန်းသိမ်းရာတွင် ညံ့ဖျင်းမှုနှင့် ခေတ်နောက်ကျသော နည်းပညာများကို သုံးစွဲမှုစသည့် ပြဿနာအများအပြားနှင့် ရင်ဆိုင်နေရသည်။

ဟက်တာတစ်သိန်းလေးသောင်းနှင့် တစ်သိန်းခြောက်သောင်းမှာ လာမည့် ၁၀ နှစ်အတွင်း ပြန်လည်စိုက်ပျိုးရတော့မည်ဖြစ်ရာ ဤအခြေအနေက ကော်ဖီလုပ်ငန်းအတွက် ကြီးမားသော စိန်ခေါ်မှုဖြစ်နေသည်။

# ဆိုက်ဘာခြိမ်းခြောက်မှုအတွက် တောင်ကိုရီးယားဘဏ္ဍာရေးအာဏာပိုင်တို့က တပ်လှန့်ထား

တောင်ကိုရီးယား၏ အဓိကကျသော နိုင်ငံတော်အေဂျင်စီများအား မြောက်ကိုရီးယားနိုင်ငံက ဆိုက်ဘာတိုက်ခိုက်မှုများ ဆောင်ရွက်လာနိုင်သည့် အတွက် နိုင်ငံအတွင်းရှိ ဘဏ္ဍာရေးနှင့်ဆိုင်သော ဆိုက်ဘာကွန်ရက်များ၏ လုံခြုံမှုကို မြှင့်တင်ထားရန် အရေးကြီးကြောင်း တောင်ကိုရီးယာ နိုင်ငံထိပ်တန်း ဘဏ္ဍာရေးကြီးကြပ်မှုအဖွဲ့က ဒီဇင်ဘာ ၁၂ ရက်တွင် ပြောကြားခဲ့သည်ကို ယွန်းဟပ်သတင်းတွင် ဖော်ပြ သည်။

ဂိုင်ယောင်ဂီပြည်နယ်၊ ယွန်ဂျင်မြို့တွင် တည်ရှိပြီး တောင်ကိုရီးယားနိုင်ငံ၏ ဘဏ္ဍာရေးဆိုက်ဘာ လုံခြုံမှုကို တာဝန်ယူထိန်းချုပ်လျက်ရှိသော ဘဏ္ဍာရေးလုံခြုံမှုအင်စတီကျူသို့ သွားရောက်လည်ပတ်စဉ် ဘဏ္ဍာရေးလုပ်ငန်းများ ကော်မရှင် (FSC) ဥက္ကဋ္ဌ ယင်ဂျောင်ယောင်းက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ် သည်။



“ဝန်ကြီးချုပ် ရှန်က ကြိမ်ဖန်များစွာ ပြောလေ့ ရှိတဲ့အတိုင်း လောလောဆယ် အရေးကြီးဆုံးနဲ့ အမြန် ဆုံးဆောင်ရွက်ရမယ့်လုပ်ငန်းက ဆိုက်ဘာလုံခြုံရေး ဖြစ်ပါတယ်” ဟု ယင်ကပြောပြီး လက်ရှိအခြေအနေကို ‘အရေးပေါ်အခြေအနေ’ အဖြစ် သူကပြောသည်။ ဘဏ္ဍာရေးဈေးကွက်နှင့် ပတ်သက်ပြီး ဖြစ်ပေါ် လျက်ရှိသော အန္တရာယ်များကို အစိုးရက စေ့စေ့စပ်စပ်နှင့် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းရမည့်အချိန်ဖြစ်ကြောင်း သူကပြောသည်။ မကြာသေးမီကာလအတွင်းက တောင်ကိုရီး ယား၏ ဆိုက်ဘာစစ်ဌာနချုပ်ကို မြောက်ကိုရီးယား ဟက်ကာတို့၏ တိုက်ခိုက်မှုကို ရည်ညွှန်းလျက် မြောက်ကိုရီးယားမှ ခြိမ်းခြောက်မှုမှာ ပိုမို များပြားလျက်ရှိကြောင်း သူကပြောသည်။

တောင်ကိုရီးယားနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော နိုင်ငံရေးမတည်ငြိမ်မှုများကို အခွင့်ကောင်းယူပြီး မြောက်ကိုရီးယားနိုင်ငံက ဆိုက်ဘာတိုက်ခိုက်မှုများ ဆောင်ရွက်နိုင်သည်ဟူသော စိုးရိမ်မှုများကြီးထွားလျက်ရှိနေသည်ကို အကြောင်းပြု၍ ယင်က ယခုကဲ့သို့ သွားရောက်စစ်ဆေးခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၁၂ ရက်က တောင်ကိုရီးယား အမျိုး သားညီလာခံက သမ္မတပတ်ဂွင်ဟေးကို ပြစ်တင်ရှုတ်ချကာ သမ္မတ၏ ဩဇာအာဏာတို့ကို ထိန်းချုပ်ထားခဲ့သည်။ ပတ်ဂွင်ဟေးကို အပြစ်ပေးမည် သို့မဟုတ် ပြန်လည်တာဝန်ပေးမည်ဆိုသည့် အချက်ကို ဆုံးဖြတ်ရန်မှာ လအနည်းငယ်ခန့်ကြာဦးမည်ဖြစ်သည်။ လောလောဆယ်တွင် ဝန်ကြီးချုပ်ရှန်ကျိုအန်းက ယာယီ သမ္မတတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။

# ထရမ့်၏ ပြင်းထန်သောပြောစကားများကြောင့် တရုတ်နိုင်ငံက လက်တုံ့ပြန်လာမည်ကို အမေရိကန်စီးပွားရေးလုပ်ငန်းတို့စိုးရိမ်

ကုန်သွယ်မှုနှင့်ပတ်သက်၍ လည်းကောင်း၊ တရုတ်(တိုင်ပေ)ကိစ္စနှင့် ပတ်သက်၍လည်းကောင်း အမေရိကန်သမ္မတအဖြစ် ရွေးချယ်ခံထားရသော ဒေါ်နယ်ထရမ့်၏ စိန်ခေါ်မှုများကြောင့် အမေရိကန်ကုမ္ပဏီအချို့ထံမှ စိုးရိမ်သံများ ထွက်ပေါ်လာကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

အဆိုပါကုမ္ပဏီများသည် နှစ်နိုင်ငံဆက်ဆံရေး တည်ငြိမ်နေစဉ်ကာလအတွင်း ကာလရှည်ကြာစွာ အကျိုးစီးပွားဖြစ်ထွန်းခဲ့သော ကုမ္ပဏီများဖြစ်ပြီး ယခုအခါ ပြောကြားသည့်အတိုင်း ထရမ့်ကအမှန်တကယ်ဆောင်ရွက်လာပါက တရုတ်နိုင်ငံက လက်တုံ့ပြန်လာမည့်အရေးကိုတွေးပြီး စိတ်ပူနေကြသည်။

တရုတ်(တိုင်ပေ)သည် တရုတ်နိုင်ငံ၏ အစိတ်အပိုင်း တစ်ခုဖြစ်သည်ဟု ကာလရှည်ကြာစွာ စွဲကိုင်လာသည့် ရပ်တည်ချက်ကို အမေရိကန်ပြည်ထောင်စုက အသေစွဲ ကိုင်ထားစရာမလိုကြောင်း ဒီဇင်ဘာ ၁၀ ရက်က ထရမ့်၏ပြောစကားကြောင့် တရုတ်နိုင်ငံမှ တာဝန်ရှိသူများအဖို့ စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရသည်။ ထရမ့်၏ ပြောကြားချက်ကြောင့် “ပြင်းပြင်းထန်ထန် စိုးရိမ်မိကြောင်း” တရုတ်အစိုးရက ပြောကြားခဲ့သည်။

“တရုတ်တစ်နိုင်ငံတည်း” မူဝါဒ (One China policy) သည် အမေရိကန်စီးပွားရေးအသိုက်အဝန်းအတွက် ဆယ်စုနှစ်ပေါင်းများစွာ အဆင်ပြေညီညွတ်မှုရှိခဲ့ရာ အဆိုပါမူဝါဒကို စွန့်လွှတ်မည်ဆိုပါက စိတ်မသက်မသာ ဖြစ်ရကြောင်း တရုတ်တစ်နိုင်ငံတည်း မူဝါဒအတိုင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသော အမေရိကန်စီးပွားရေးလုပ်ငန်းလေးခုက ပြောသည်။ စီးပွားရေးလုပ်ငန်းများအတွက် တည်ငြိမ်မှုသည် အရေးပါကြောင်း အဆိုပါသတင်းရပ်ကွက်မှ အမည်မဖော်လိုသူတို့က ပြောသည်။ ထရမ့်က သူ၏ရပ်တည်ချက်များအတိုင်း အလွန်အကျွံ ဆောင်ရွက်မည်ဆိုပါက တရုတ်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသော အမေရိကန်ကုမ္ပဏီများကို တရုတ်နိုင်ငံက လက်တုံ့ပြန်ဆောင်ရွက်လာနိုင်ဖွယ်ရှိကြောင်း သူတို့ကပြောသည်။

အမေရိကန်ပြည်နယ် ၃၀ က တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့သည့်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရှိကြောင်းနှင့် တရုတ်နိုင်ငံတွင် အမေရိကန်ကုမ္ပဏီတို့က ဆောင်ရွက်နေသော ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ ရှိကြောင်း အမေရိကန်စီးပွား ရေးလုပ်ငန်းများနှင့် ဆက်သွယ်ဆောင်ရွက်နေသော မူဝါဒကျွမ်းကျင်သူ တစ်ဦးက ပြောသည်။

“ တရုတ်နိုင်ငံမှာ ကူးသန်းရောင်းဝယ်မှု လုပ်ငန်းများ ဆောင်ရွက်မှုကြောင့် အမေရိကန်နိုင်ငံမှာ အလုပ်အကိုင်ပေါင်းများစွာ ပေါ်ပေါက်စေနိုင်ပါတယ်” ဟု သူကပြောသည်။

# ဒစ်ဂျစ်တယ်စီးပွားရေးကို ထူထောင်ရေးအတွက် အင်ဒိုနီးရှားက အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်

ဒစ်ဂျစ်တယ် စီးပွားရေးနှင့် အီးကောမတ်စ် ထူထောင်နိုင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံက အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် စီမံကိန်းရေးဆွဲထားကြောင်း အင်တာရာသတင်းတွင် ဖော်ပြထားသည်။

“ဒစ်ဂျစ်တယ် စီးပွားရေးနှင့် အီးကောမတ်စ် ထူထောင်ရေးအတွက် အိန္ဒိယနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေကို အင်ဒိုနီးရှားနိုင်ငံက ရှာဖွေလျက်ရှိပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ဒစ်ဂျစ်တယ်စီးပွားရေးနဲ့ အီးကောမတ်စ်က အလားအလာ အများကြီးရှိပါတယ်” ဟု ရင်းနှီးမြှုပ်နှံမှု ပေါင်းစပ်ညှိနှိုင်းရေးဘုတ်အဖွဲ့ (BKPM) အကြီးအကဲ သောမတ်ထရိုင်ကာဆစ်လမ်ဘောင်က ဒီဇင်ဘာ ၁၃ ရက်တွင် ပြောသည်။ အိန္ဒိယနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးမှုကို ရရှိခံစားနေရသော နိုင်ငံများဖြစ်ကြောင်း လမ်ဘောင်က ပြောသည်။

“နှစ်နိုင်ငံစလုံးမှာ တိုးတက်ထွန်းကားနေတဲ့ ဒစ်ဂျစ်တယ်ကုမ္ပဏီတွေရှိပါတယ်။ အင်ဒိုနီးရှားမှာ Tokopedia, Traveloka နဲ့ ဂိုဂျက်ဆိုတဲ့ ကုမ္ပဏီတွေရှိပါတယ်။ ဒီလိုဒစ်ဂျစ်တယ်ကုမ္ပဏီမျိုးတွေ အိန္ဒိယနိုင်ငံမှာလည်း တိုးတက်ထွန်းကားလျက်ရှိပါတယ်” ဟု သူက ပြောသည်။

အင်ဒိုနီးရှားတွင် အီးကောမတ်လုပ်ငန်း ဆောင်ရွက်နေသူများသည် အိန္ဒိယနိုင်ငံမှ ပရိုဂရမ်မာများနှင့် စကားဝှက်သွင်းသော လုပ်ငန်းများကို အသုံးပြုလျက်ရှိကြောင်းလည်း သူကပြောသည်။ အာရှဒေသအတွင်းတွင် ဒစ်ဂျစ်တယ်စီးပွားရေးများ ထွန်းကားလာပြီးနောက်ပိုင်း အင်ဒိုနီးရှားနိုင်ငံ၌ ပရိုဂရမ်မာများ ရှားပါးသည့် အခက်အခဲနှင့် ကြုံတွေ့ခဲ့ရကြောင်း သူကပြောသည်။ အိန္ဒိယနိုင်ငံတွင် အခက်အခဲနှင့် ကြုံတွေ့နေရသော်လည်း ပရိုဂရမ်မာရှားပါးသည့် ပြဿနာကို ဖြေရှင်းနိုင်ခဲ့ကြောင်း သူကပြောသည်။ အိန္ဒိယနိုင်ငံတွင် သတင်းအချက်အလက် နည်းပညာကို တည်ထောင်ရာ၌ ဆယ်စုနှစ်ပေါင်းများစွာ အတွေ့အကြုံ ရှိထားပြီးဖြစ်သည့်အတွက် ဤအဆင့်အတွက် ပူးပေါင်းဆောင်ရွက်ရာတွင် အောင်မြင်မှုရနိုင်ကြောင်း သူကပြောသည်။

အင်ဒိုနီးရှားနိုင်ငံရှိ ဆေးဝါးလုပ်ငန်းကဏ္ဍ၊ သတင်းအချက်အလက်နည်းပညာနှင့် မော်တော်ကားကဏ္ဍတို့တွင် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုက ဖိတ်ခေါ်ခဲ့သည်။

ညဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန် ပြည်ထောင်စုက ဗဟိုဘဏ် အတိုးနှုန်းကို မြှင့်တင်ပေးပြီးနောက် ထပ်မံတိုးမြှင့်ဦးမည့် လက္ခဏာကိုတွေ့မြင်ရပြီးနောက်ပိုင်း အမေရိကန်ဒေါ်လာ တန်ဖိုးက အခြားငွေကြေးများနှင့်ဖလှယ်ရာ၌ ဒီဇင်ဘာ ၁၆ ရက်တွင် မြင့်တက်ခဲ့သည်။

နိုဝင်ဘာ ၈ ရက် အမေရိကန် သမ္မတရွေးကောက်ပွဲတွင် ဒေါ်နယ် ထရမ့် အနိုင်ရပြီးနောက်ပိုင်း ထရမ့် သမ္မတအဖြစ် တာဝန်ယူချိန်တွင် ငွေကြေးဖောင်းပွမှုနှုန်း ထိန်းချုပ်သော မူဝါဒများကို ကျင့်သုံးမည်ဟုခန့်မှန်းကြသည့်အတွက် ဒေါ်လာတန်ဖိုး ကျဆင်းခဲ့သည်။ သို့သော်လည်း ဒီဇင်ဘာ ၁၄ ရက်ကကျင်းပသော အစည်းအဝေးတွင် အများမျှော်လင့်ထားသည့်အတိုင်း အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းကို မြှင့်တင်ပေးလိုက်သည့်အပြင် ၂၀၁၇ ခုနှစ်တွင် အတိုးနှုန်းသုံးကြိမ်တိုးမြှင့်ပေးမည့် လက္ခဏာကို ပြသခဲ့သည်။

ယခုအချိန်တွင် အာရှဒေသမှ ငွေကြေးများ စီးထွက်လာသည့်အတွက် အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ယေဘုယျအားဖြင့် အခြားငွေကြေးများ၏တန်ဖိုး ကျဆင်းခဲ့သည်။

**တရုတ်ယွမ်**

အမေရိကန် ပြည်ထောင်စုက ဗဟိုဘဏ်အတိုးနှုန်းကို မြှင့်တင်ပေးလိုက်သည့်အတွက် မတည်ရင်းနှီးငွေများ ပြည်ပသို့ စီးထွက်မည်ကို စိုးရိမ်မှုကြောင့် ဒီဇင်ဘာ ၁၅ ရက်တွင် တရုတ်ယွမ်ငွေကြေးတန်ဖိုးက ၈ နှစ်ခွဲအတွင်း အနိမ့်ဆုံးသို့ ရောက်ရှိခဲ့သည်။

တရုတ်ဗဟိုဘဏ်က ဗဟိုဘဏ်ငွေလဲနှုန်းကို ၂ ဒသမ ၆၁ ရာခိုင်နှုန်း လျှော့ချပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၉၂၈၉ ယွမ်နှုန်း သတ်မှတ်ခဲ့သည်။ ငွေလက်ငင်းဈေးကွက်တွင် အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၉၃၄၉ ယွမ်နှုန်းဖြစ်သည့် အတွက် ဒီဇင်ဘာ ၁၄ ရက်ကနှုန်းနှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၇၉ ရာခိုင်နှုန်း ကျဆင်းသည်။ Onshore ယွမ်တန်ဖိုးမှာ အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၉၃၅၄ ယွမ်နှုန်းရှိခဲ့ရာ ဒီဇင်ဘာ ၁၄ ရက်က ဈေးနှုန်းအောက် ၃ ဒသမ ၀၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

**အိန္ဒိယရူပီး**

အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များက အမေရိကန်ဒေါ်လာကို ရောင်းချလာသည့်အတွက် ဘဏ်လုပ်ငန်းအချင်းချင်း နိုင်ငံခြားငွေ ဖလှယ်ရေးဈေးကွက်တွင် ရူပီးတန်ဖိုးက သုည ဒသမ ၀၂ ရူပီးနှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်တစ်ဒေါ်လာကို ၆၇ ဒသမ ၈၁ ရူပီးနှုန်းရှိခဲ့သည်။

ပြည်တွင်းအီကွီတီရှယ်ယာ ဈေးကွက်တွင် ပြည်တွင်းရှယ်ယာများ ဈေးနှုန်းမြင့်တက်မှုနှင့် ပင်လယ်ရပ်ခြားဒေသတွင် အခြားငွေကြေးအချို့နှင့် ဖလှယ်ရာတွင် ဒေါ်လာတန်ဖိုးကျဆင်းမှုက ရူပီးတန်ဖိုးမြင့်တက်မှုကို အထောက်အကူဖြစ်စေခဲ့ကြောင်း ဝယ်ရောင်းသမားတို့က ပြောသည်။

**ဂျပန်ယန်း**

နယူးယောက် ဈေးကွက်မှာ ဒေါ်လာတန်ဖိုး မြင့်တက်မှုကို အခွင့်ကောင်းယူ၍ ရင်းနှီးမြှုပ်နှံသူတို့က ဒေါ်လာကို ပြန်လည်ရောင်းချသည့်အတွက် ဒီဇင်ဘာ ၁၆ ရက်က အဓိက ငွေကြေးအများစုနှင့် ဖလှယ်ရာတွင် ဒေါ်လာတန်ဖိုး ကျဆင်းခဲ့သည်။

နယူးယောက် ဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုးက ဒီဇင်ဘာ ၁၅ ရက်က အမေရိကန်တစ် ဒေါ်လာကို ၁၁၈ ဒသမ ၁၃ ယန်းနှုန်းရှိရာမှ နောက်တစ်ရက်မှာ ၁၁၇ ဒသမ ၉၁ သန်းနှုန်းရှိခဲ့သည်။ ယူရိုငွေကြေးနှင့် ဖလှယ်ရာတွင်မူ တစ်ယူရိုလျှင် ၁ဒသမ ၀၄၁၅ ဒေါ်လာနှုန်းမှ ၁ ဒသမ ၀၄၃၈ ဒေါ်လာနှုန်းသို့ ရောက်ရှိကာ ဒေါ်လာတန်ဖိုး ကျဆင်းခဲ့သည်။

**မလေးရှားရင်းဂစ်**

ပြည်တွင်း၌ ဖြစ်ပေါ်နေသော အခြေအနေများ၏ ဖိအားပေးမှုများကြောင့် ဒီဇင်ဘာ၁၆ ရက် ဈေးကွက်အဖွင့်တွင် မလေးရှားရင်းဂစ်တန်ဖိုးကျဆင်းခဲ့သည်။ မလေးရှား ရင်းဂစ်နှင့် အမေရိကန်ဒေါ်လာ ဖလှယ်နှုန်းမှာ ဒီဇင်ဘာ ၁၅ ရက်က အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၄၄၄၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့နံနက် ၉ နာရီတွင် အမေရိကန် တစ်ဒေါ်လာကို ၄ ဒသမ ၄၆၆၀ ရင်းဂစ်နှုန်းရှိခဲ့သည်။ အခြားငွေကြေးများနှင့် ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုး မြင့်တက်ခဲ့သည်။

**ကိုရီးယားဝမ်**

ဝေါစထရီဈေးကွက်တွင် စတော့ဈေးနှုန်းများ မြင့်တက်ခဲ့သည့်အတွက် ဒီဇင်ဘာ ၁၆ ရက်က တောင်ကိုရီးယား စတော့ဈေးနှုန်းများ မြင့်တက်ခဲ့သည်။ သို့သော်လည်း တောင်ကိုရီးယား ဝမ်ငွေကြေးတန်ဖိုးက အမေ ရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် တစ်ဒေါ်လာကို ၁၁၈၄ ဒသမ ၄၅ ဝမ်နှုန်း ရှိသည့်အတွက် ၅ ဒသမ ၉၅ ဝမ် နှုန်း ကျဆင်းခဲ့သည်။

**ထိုင်းဘတ်**

ရိုက်တာသတင်းဌာနက ပြုစုထားသော စာရင်းများအရ ထိုင်းဘတ်ငွေတန်ဖိုးသည် ဒီဇင်ဘာ ၁၅ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ၃၅ ဒသမ ၇၇ ဘတ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့တွင် ၃၅ ဒသမ၇၆ ဘတ်နှုန်းရှိခဲ့ သဖြင့် သုည ဒသမ ၀၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

သို့သော်လည်း အမေရိကန် အတိုးနှုန်း မြင့်တက်မှုက ဘတ်ငွေအပေါ်တွင် ဂယက်ရိုက်ခတ်မှု ရှိနိုင်သည့်အတွက် ၂၀၁၇ ခုနှစ်တွင် အမေရိကန် တစ်ဒေါ်လာကို ၃၆ ဒသမ ၅၀ ဘတ်နှုန်းရှိနိုင်ကြောင်း ထိုင်းဗဟိုဘဏ်က ခန့်မှန်းထားသည်။

## ဈေးကွက်တည်ငြိမ်ရေးအတွက် တောင်ကိုရီးယား ဘဏ္ဍာရေးအာဏာပိုင်တို့ အစွမ်းကုန်ကြိုးပမ်း

ပြည်တွင်းပြည်ပတွင် ဖြစ်ပေါ်နေသော မရေရာမှုများကြောင့် တောင်ကိုရီးယား ဘဏ္ဍာရေးအာဏာပိုင်တို့က ဈေးကွက်တည်ငြိမ်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရန် ဒီဇင်ဘာ ၁၂ ရက်က ကတိပြုထားကြောင်း ယွန်းဟပ်သတင်းများတွင် ဖော်ပြသည်။

တွေ့ကြုံနေရသော စိန်ခေါ်မှုများအတွက် "ပြင်းပြင်းထန်ထန် ပြန်လည်တုံ့ပြန်"ရန် နိုင်ငံတော်ကြီးကြပ်ရေး အေဂျင်စီများဖြစ်သည့် ဘဏ္ဍာရေးလုပ်ငန်းကော်မရှင် (FSC) နှင့် ဘဏ္ဍာရေးကြီးကြပ်ရေးလုပ်ငန်း (FCC) တို့က သဘောတူညီခဲ့ကြသည်။

အမေရိကန်သမ္မတအဖြစ် တာဝန်ယူတော့မည့် ဒေါ်နယ်ထရမ့်၏ မူဝါဒများကြောင့် အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းများကို လျင်မြန်စွာ တိုးပေးတော့မည်ဖြစ်ကြောင်း အများစုက ခန့်မှန်းထားကြသည်။ အထူးသဖြင့် သမ္မတ ပတ်ဂွင်ဟေးအား အမျိုးသားလွှတ်တော်က ပြစ်တင်စွပ်စွဲမှုများပြုလုပ်ပြီးနောက်ပိုင်း တောင်ကိုရီးယားနိုင်ငံတွင် နိုင်ငံရေးအရ မရေရာမှုများဖြစ်ပွားခဲ့ သည်။

အိမ်ထောင်စုကြွေးမြီသည် အဓိကပြဿနာဖြစ်ကြောင်း FSC နှင့် FCC နှစ်ဖွဲ့စလုံးက လက်ခံထားကြသည်။ တောင်ကိုရီးယားနိုင်ငံရှိ အိမ်ထောင်စုကြွေးမြီပမာဏမှာ ဝမ် ၁၃၀၀ ထရီလီယံ (အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀) ရှိခဲ့သည်။ ပုံသေအတိုးနှုန်းဖြင့် ချေးငွေ အမျိုးအစားကို လက်ရှိ ၄၂ ဒသမ ၅ ရာခိုင်နှုန်းမှ ၂၀၁၇ ခုနှစ်တွင် ၄၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးမည့် အစီအစဉ်များကို အဖွဲ့နှစ်ဖွဲ့က ကြေညာထားသည်။ အရစ်ကျဖြင့် ကြွေးမြီပေးဆပ်နိုင်သည့် အမျိုးအစားကိုလည်း ၄၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိ တိုးမြှင့်ထားရန် စီစဉ်ထားသည်။

## အမေရိကန်ဗဟိုဘဏ်က အဓိကအတိုးနှုန်းကို မြှင့်တင်



အမေရိကန်သမ္မတအဖြစ် ရွေးချယ်ခံထားရသူ ဒေါ်နယ်ထရမ့် သမ္မတအဖြစ် တာဝန်လွှဲပြောင်းမယူမီ တစ်လအလိုတွင် အမေရိကန်စီးပွားရေး တိုးတက်လာပြီကို အထောက်အထားပြုလျက် အမေရိကန်ဗဟိုဘဏ်က ဒီဇင်ဘာ ၁၄ ရက်တွင် ဗဟိုဘဏ်၏ အခြေခံစံထားဈေးနှုန်းကို ဒီဇင်ဘာ ၁၄ ရက်တွင် မြှင့်တင်ပေးခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

အမေရိကန်ဗဟိုဘဏ်၏ မူဝါဒကို ချမှတ်ပေးလျက်ရှိသော ဖက်ဒရယ်လွတ်လပ်သော ဈေးကွက်ကော်မတီ (FOMC) က ဗဟိုဘဏ်အတိုးနှုန်းကို သုညဒသမ ၅ ရာခိုင်နှုန်းမှ သုည ဒသမ ၇၅ ရာခိုင် နှုန်းအတွင်း တိုးမြှင့်ပေးရန် တညီတညွတ်တည်း မဲပေးဆုံးဖြတ်ခဲ့သည်။ အတိုးနှုန်းကို မြှင့်တင်ပေးလိုက်ခြင်း သည် စီးပွားရေးတိုးတက်မှုအပေါ် ယုံကြည်မှု ပြသလိုက်ခြင်းဖြစ်ကြောင်း ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျနက်ယယ်လင်က ပြောသည်။

အတိုးနှုန်းမြှင့်တင်မှုကို ယခင်က သုည ဒသမ ၂၅ ရာခိုင်နှုန်းမှ သုည ဒသမ ၅ ရာခိုင်နှုန်းအထိ သတ်မှတ်ထားရာမှ ပိုမိုတိုးမြှင့်သတ်မှတ်လိုက်ခြင်းမှာ ၂၀၁၅ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်ပြီး ၁၀ နှစ်အတွင်း ဒုတိယအကြိမ်သာ ဖြစ်သည်။

ဗဟိုဘဏ်အတိုးနှုန်းကို တိုးမြှင့်ပေးထားသော်လည်း ငွေကြေးဖောင်းပွမှုနှုန်းမှာ မူလရည်မှန်းချက်နှင့် နှိုင်းယှဉ်ပါက အနည်းငယ် ကျဆင်းနေသေးကြောင်း ဗဟိုဘဏ်တာဝန်ရှိသူတို့က သတိပေးထားကြောင်း FOMC ကြေညာချက်တွင် ဖော်ပြသည်။

ဗဟိုဘဏ်မူဝါဒ ချမှတ်ရာတွင် ထည့်သွင်းစဉ်းစားသည့် အချက်တစ်ချက်ဖြစ်သော အလုပ်လက်မဲ့နှုန်းမှာ လက်ရှိတွင် ၄ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး ၂၀၁၉ ခုနှစ်အထိ ၄ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ပုံမှန်ဆက်သွားလိမ့်မည်ဟု ခန့်မှန်းထားသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်



facebook.com/cherryoowatchgallery
နာရီဆိုလျှင်
ချယ်ရီဦး ၂၉ နှစ်ပြည့်အထိမ်းအမှတ်
လက်ဆောင်ပစ္စည်းများ ကျပ်သိန်းပေါင်း(၂၀၀၀) ဖိုးခန့် ပါဝင်သည့်
ဗလာမပါ စက်ဝိုင်းကံစမ်းမဲကြီး
(၁)ကြိမ် ကံစမ်းခွင့်
နှစ်သောင်းကျပ်နှင့် အထက် နာရီ (၁) လုံး ဝယ်ယူသူတိုင်း
ဒီဇင်ဘာ(၁)ရက် မှ ဇန်နဝါရီ(၈)ရက်နေ့ထိ
CHERRY OO PH : 09 730 222 48



သဇင်
မန္တလေး
သဇင်
ဘီစကစ်
THAZIN
ASSORTED BISCUITS
ThaZin
BISCUIT
THAZIN
အမှတ်(၄၂)၊
ရွှေလမ်း၊
၂၉ × ၃၀ကြား၊
ချမ်းအေးသာဇံ၊
မန္တလေး။
၀၂-၃၉၄၉၃၊
၀၂-၃၉၆၀၂၊ ၀၂-၆၇၄၃၉၊ ၀၂-၆၉၄၈၅
၀၉-၂၀၀၃၂၉၈၊ ၀၉-၂၀၀၇၅၇၃
www.mdythazinbis42.com
g mail: mandalaythazinbis42@gmail.com

# REGENCY

**PETROL STATION**

## Quality you can trust.

❝လူကြီးမင်းတို့၏ ကားများတွင် အမှန်တကယ်လိုအပ်လျက်ရှိသော အရည်အသွေးမြင့် စက်သုံးဆီများကို စင်ကာပူနိုင်ငံမှ တိုက်ရိုက်တင်သွင်းပြီး မြန်မာနိုင်ငံအနှံ့ အပြားရှိ ဆိုင်ခွဲပေါင်း (၅၀) တွင် အခြင်အတွယ် တိကျ မှန်ကန်စွာဖြင့် ဝန်ဆောင်မှု ပေးလျက်ရှိသော **Regency Petrol Station** မိသားစုမှ နွေးထွေး လှိုက်လှဲစွာ ကြိုဆိုပါသည်။❞

### Regency Trading Co.,Ltd . မှ

| | |
|---|---|
| ရန်ကုန်တိုင်းဒေသကြီး | (၅) ဆိုင် |
| မန္တလေးတိုင်းဒေသကြီး | (၉) ဆိုင် |
| နေပြည်တော်ကောင်စီ | (၂) ဆိုင် |
| ပဲခူးတိုင်းဒေသကြီး | (၄) ဆိုင် |
| မွန်ပြည်နယ် | (၂) ဆိုင် |
| မကွေးတိုင်းဒေသကြီး | (၂) ဆိုင် |
| ကချင်ပြည်နယ် | (၃) ဆိုင် |
| ဧရာဝတီတိုင်းဒေသကြီး | (၅) ဆိုင် |
| ရခိုင်ပြည်နယ် | (၁) ဆိုင် |




ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး–လားရှိုး–မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်တွင် (၁၇)ဆိုင် ဖြင့် စက်သုံးဆီများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

**Regency** မှ **B2B Sales** အနေဖြင့် မိတ်ဖက်ကုမ္ပဏီများ၊ **Project & Corporate Channel** အလိုက် ရောင်းချပေးခြင်း၊ လက်ကားဖြန့်ချီလိုသော ကိုယ်စားလှယ်များအတွက်လည်း **Wholesales** ခံစားခွင့်များဖြင့် ဝန်ဆောင်မှုများပေးလျက်ရှိပါသည်။

**Regency Material Trading Co.,Ltd.**

**Yangon Head Office**

No . (36), Thein Phyu Road, Pazundaung Township, Yangon, Myanmar,

Tel : (+95 1) 8610656, 8610657, 8610658, 8610569

Fax : (+95 1) 201686, 295067

REGENCY PETROL STATION Quality you can trust.

